# စာစဥ် ၅၇ : အပိုင်း ၁

## အပိုင်း ၈၄၁ : အနက်ရောင်ရေ၏ အသုံးဝင်မှုများ

သို့သော်လည်း တောင်ပိုင်း အစွန်အဖျား ဒေသမှ အနက်ရောင်ရေများ စုစည်းရာဖြစ်သော မြေအောက် ငရဲမြစ်သည် အလွန်အမင်းကို ပုံမမှန်နေပေ။ သံပုဆိန်၏ တင်ပြချက်များ အရ ပိတ်ဆို့စိမ့်မြေမှ အဆုံးမဲ့ အငူအထိ လမ်းတစ်လျှောက်တွင် ငရဲမြစ်သည် ပို၍ သေးငယ်လာကာ ဖုံးလွှမ်းနေသော မြူခိုးငွေ့များကလည်း ပို၍ ကျဲပါးလာသည်။

+

အနက်ရောင်ရေ ချိုင့်ဝှမ်းတွင် ငရဲမြစ် များစွာတို့က အချင်းချင်း ဖြတ်သန်းခဲ့ကြရာ လူအများသည် မြင့်မားသော နေရာတစ်ခုတွင် ရပ်နေခဲ့လျှင် သူတို့အောက်မှ ကျောက်ဆောင်များ အပေါ်သို့ ရိုက်ခတ်နေသော ရေများ၏ မြည်ဟည်းသံကိုပင် ကြားနိုင်ခဲ့သေးသည်။

ငရဲမြစ် အတွင်းတွင် ပါဝင် ပေါင်းစည်းနေသော အရာများသည် စီးဆင်းနေရင်း ပြောင်းလဲသွားသည်ဟု ရိုလန်က ခန့်မှန်းထားခဲ့သည်။ ဥပမာအားဖြင့် သံပုဆိန်က သူ၏ တင်ပြချက်များ အတွင်းတွင် ဖော်ပြခဲ့သော မြူခိုးငွေ့များသည် အနက်ရောင်ရေများမှ ထုတ်လွှတ်နေသော အဆိပ်ဓာတ်ငွေ့ တစ်မျိုး

+

ဖြစ်နိုင်သလို မြေအောက်မှ အရာဝတ္ထု အချို့၏ ခေတ်ပြုမှု ရလဒ်များလည်း ဖြစ်နေနိုင်သည်။

ဤအရာက ရာစုနှစ်ပေါင်းများစွာ တိုးတက်ပြောင်းလဲလာမှု အတွင်းတွင် သဘာဝ လျှပ်စီးများ သို့မဟုတ် လူများ ပြုလုပ်ခဲ့သော မီးတောက်များက အနက်ရောင်ရေ ချိုင့်ဝှမ်းအား လောင်ကျွမ်းစေမှု မရှိခဲ့ခြင်းနှင့် ပိတ်ဆို့စိမ့်မြေတွင် လူတစ်ယောက်မှ အသက်ရှင် နေထိုင်နိုင်မှု မရှိခြင်းကို ရှင်းပြနိုင်ပေသည်။

ငရဲမြစ်အား လွှမ်းခြုံထားသော မြူခိုးငွေ့များသည် သဲနိုင်ငံမှ လူများကိုသာ မက သန့်ရှင်းသော လေထုကိုပါ ပိတ်ဆို့ထားသဖြင့် အနက်ရောင်

+

ရေများကို တောင်ပိုင်းသို့ အနှောင့်အယှက် မရှိ စီးဆင်းစေနိုင်ခဲ့သည်။

သို့သော်လည်း မြေအောက်မြစ်သည် အငူနှင့် နီးကပ်လာသည်နှင့် ပို၍ သေးငယ်လာကာ နောက်ဆုံးတွင် လုံး၀ ပျောက်ကွယ်သွား၍ မြေအောက်မြစ်၏ အစိတ်အပိုင်း အချို့ကသာ ဖိအားများအောက်တွင် မြေပေါ်သို့ ပေါ်လာနိုင်ခဲ့သည်။

သူတို့အနက် အချို့သည် မီးတောက်များကို ထုတ်လွှတ်နေကာ အချို့မှာမူ သေးငယ်သော စမ်းချောင်းများ သို့မဟုတ် ရေအိုင်ငယ်များ အဖြစ် မြေပေါ်တွင် ပေါ်လာကြသည်။ ထို့အပြင်

+

ဤအချိန်၌ မြူခိုးငွေ့များက လွင့်ပြယ်သွားကာ
သူတို့အား သတ္တုတွင်းများ တူးဖော်ရန်
ပြီးပြည့်စုံသော ပတ်ဝန်းကျင် တစ်ခုအား
ဖန်တီးပေးခဲ့လေသည်။

ထူးခြားသော ရေနံစိမ်း အတွင်းတွင် အစိတ်အပိုင်း
မည်မျှကို ခွဲထုတ်နိုင်မည် ဆိုသည်ကို ရိုလန်က
မသေချာနေခဲ့ပေ။ သို့ဖြစ်၍ နောက်ထပ် အစီအစဥ်
တစ်ခု မချမှတ်မီ သူသည် အဂ္ဂိရတ် နည်းပြချုပ်အား
သုတေသန စမ်းသပ်ချက် အချို့ကိုသာ
ပြုလုပ်စေနိုင်ခဲ့တော့သည်။

ကံကောင်းစွာဖြင့် ပေါင်းခံရရှိလာသော
ပါဝင်ပစ္စည်းများသည် ယခုအချိန် အထိ

+

အတော်လေးကို ကောင်းမွန်သည့် အလားအလာများကို ဖော်ပြနေခဲ့သည်။

"အနက်ရောင်ရေပဟာ ကြောက်မက်ဖွယ်ရာ လက်နက်တွေကို ပြုလုပ်နိုင်စွမ်း ရှိနေပေမဲ့ ဒီထက် အများကြီး ပိုပြီး လုပ်နိုင်သေးတယ်" ရိုလန်က နှုတ်သီးပါ ခရားကို ကောက်ကိုင်လိုက်၍ အသေအချာ လေ့လာလိုက်သည်။

"သူ့ရဲ့ မြင့်မားတဲ့ မီးလောင်ကျွမ်းမှု တစ်ခုတည်းကနေ ငါတို့က အကျိုးအမြတ်တွေ အများကြီး ရနိုင်တယ်… တစ်နေ့မှာ ငါကမင်းကို အသိပေးမှာပါ"

+

အင်္ဂလိပ်ရတ် နည်းပြချုပ်ကဲ့သို့ တိုက်ရိုက်တဲ့တိုး
သမားတစ်ယောက်အား စိတ်လှုံ့ဆော်ပေးရန်
အကောင်းဆုံး နည်းလမ်းမှာ ဗဟုသုတ
အသစ်များဖြင့် သူ၏ စိတ်ဝင်စားမှုများကို
မြှင့်တင်ပေးရန်ပင် ဖြစ်လေသည်။

အဘိုးအိုသည် စိတ်ကျေနပ်နေခြင်း မရှိသေးသည်ကို
တွေ့လိုက်ရသော အခါ ရိုလန်က တိတ်တခိုးသာ
ရယ်နေခဲ့၍ ဆက်ပြောလိုက်သည်။ "စမ်းသပ်မှု
အနေနဲ့ကတော့ ငါတို့ဟာ အနက်ရောင် ရေကို
အသုံးပြုလိုနေရင် ပေါင်းခံပိုက်တွေ
သက်သက်ကိုသာ အသုံးပြုရုံနဲ့
မလုံလောက်နေဘူး... ငါတို့က ကာဘွန်နှစ်ခုပါတဲ့
အက်စစ်တွေကို ထုတ်လုပ်ခဲ့သလိုမျိုး

+

အမြောက်အမြား ထုတ်လုပ်နိုင်တဲ့
နည်းလမ်းအချို့ကို ရှာမှရမယ်"

ရေနံကို ခွဲခြားခြင်းသည် အမတန်မှ ရိုးရှင်းကာ
အခြေခံ အကျဆုံး ဓာတုဗေဒ ဗဟုသုတဟု
ပြော၍ရသည်။ အပူပေးခဲ့အပြီးတွင် ရေနံစိမ်းသည်
အငွေ့အဖြစ်သို့ ပြောင်းသွားကာ
ဆက်သွယ်ထားသော ပေါင်းခံမျှော်စင် အတွင်းသို့
ဝင်သွားပေလိမ့်မည်။

ထိုနေရာတွင် ပါဝင်နေသော
ပစ္စည်းအမျိုးမျိုးတို့သည် သူတို့၏ မတူညီသော
ရေဆူမှတ်များကြောင့် တစ်ခုပြီး တစ်ခု
သိပ်သည်းလာကြမည် ဖြစ်သည်။

+

ဤဖြစ်စဉ် အတွင်းတွင် ခါတ်ဆီ၊ ရေနံဆီ၊ ဒီဇယ် အစရှိသော ကုန်ချော ရေနံပစ္စည်းများကို စုဆောင်းနိုင်ပေလိမ့်မည်။ ဤအရာသည် ရုပ်ပိုင်းဆိုင်ရာ အသွင်ပြောင်းလဲခြင်း တစ်ခု ဖြစ်နေသဖြင့် လက်ရှိ စမ်းသပ်မှု အခြေအနေအရ ထိုပစ္စည်းများကို ရရှိရန် အတော်လေး လွယ်ကူနေသည်။

ရေနံသန့်စင်သော နည်းပညာသည် တစ်ခုမက ပေါ်လာခဲ့သဖြင့် ခေတ်ပေါ်ကမ္ဘာမှ ရေနံစိမ်း အသုံးပြုမှုနှုန်းသည် အကြီးအကျယ် တိုးတက်လာခဲ့သော်လည်း မိရိုးဖလာ ပေါင်းခံမှု နည်းလမ်းက အသုံးဝင်နေဆဲ ဖြစ်သည်။ သို့ဖြစ်၍

+

ကုန်ကျစရိတ်များကို ထည့်မတွက်ခဲ့လျှင် ပေါင်းခံခြင်းသည် ပထမဆုံး ရွေးချယ်မှုပင် ဖြစ်နေသေးသည်။

ကိုင်းလ်စီချီသည် အကယ်၍ သူတို့က ခေတ်ခွဲ စမ်းသပ်မှုများအား စက်ရုံတွင် အကြီးအကျယ် ထုတ်လုပ်ရန် အဆင့်မြှင့်တင်တော့မည် ဆိုပါက မည်မျှအထိ ခက်ခဲမည်ကို ကောင်းစွာ သိနေပြီး ဖြစ်သည်။ အကယ်၍ သူတို့သည် ပေါင်းခံမှုကို အမှန်တကယ် ထုတ်လုပ်မှု အဖြစ် ပြောင်းလဲတော့မည် ဆိုပါက အသေးစိတ် အချက်အလက် များစွာတို့ကို ထည့်သွင်းစဉ်းစားရပေတော့မည်။

+

အဂ္ဂိရတ် ပညာရှင်အိုကြီးသည် သူ၏
မုတ်ဆိတ်မွေးများကို ပွတ်သပ်နေရင်း
ပြောလိုက်သည်။ "အင်... ကျွန်တော်က အစီအစဉ်
ဆွဲဖို့ ရက်အနည်းငယ် လိုအပ်နေပြီး စုန်းမ သမဂ္ဂရဲ့
အကူအညီကိုလည်း လိုအပ်နေတယ်"

စုန်းမများ၏ အကူအညီကို သူကစ၍
တောင်းခံလာခြင်းသည် ကောင်းမွန်သော လက္ခဏာ
တစ်ခု ဖြစ်သည်ဟု ရိုလန်က သိနေသဖြင့်
ခေါင်းညိတ်လိုက်သည်။ "မင်းဘာလိုအပ်တယ်
ဆိုတာကို ငါ့ကို ပြောလိုက်ပါ... ငါစီစဉ်ပေးမယ်"

"ကျေးဇူးပါ... အရှင်မင်းမြတ်" ကိုင်းလ်က သူ၏
စကားများကို ချိန်ဆနေရင်း ပြောလိုက်သည်။

+

"ဒါ့အပြင် ကျွန်တော့်မှာ သေးငယ်တဲ့ တောင်းဆိုမှု တစ်ရပ် ရှိနေပါတယ်"

"အိုး... ပြောကြည့်လေ"

"သူတို့ကနေ ပြုလုပ်မယ့် တီထွင်မှု အသစ်တွေက အဆင်သင့် ဖြစ်တဲ့အချိန်မှာ ကျွန်တော့်ကို ကြည့်ခွင့်ပေးပါလား" သူ၏ လေသံသည် သိလိုစိတ်များဖြင့် ပြည့်နေခဲ့သည်။

ဤစီမံကိန်းသည် လျှို့ဝှက် စီမံကိန်း တစ်ခု ဖြစ်နေသဖြင့် အဂ္ဂိရတ် ပညာရှင်အိုကြီး၏ တောင်းဆိုမှုသည် အနည်းငယ် လွန်ရာကျနေသည်ဟု ပြော၍ရသည်။ ထိုအရာသည်

+

ယူရေနီယမ် သတ္တုရိုင်း သန့်စင်ရန်
တာဝန်ကျနေသော အင်ဂျင်နီယာ တစ်ယောက်က
မက်ဟာန်တန် စီမံကိန်း တစ်ခုလုံးကို
သိလိုနေသည်နှင့် တူနေပေသည်။

သို့သော်လည်း ရိုလန်က အနည်းငယ်
ဆင်ခြင်သုံးသပ်ပြီးသွားသော အခါ
သဘောတူခဲ့လိုက်သည်။ ဘာပဲပြောပြော
အခွင့်အရေး အနည်းငယ် ပေးလိုက်ခြင်းသည် သူ၏
အလုပ်အပေါ်မှ စိတ်အားထက်သန်မှုကို
တိုးတက်လာစေနိုင်ပြီး ရိုလန်အနေဖြင့်
ဤခေတ်တွင် သိပ္ပံနှင့် နည်းပညာ အရ
ဆောင်းမဲ့မြို့တော်အား မည်သူမှ ယှဉ်နိုင်မည်
မဟုတ်ဟု အပြည့်အဝ ယုံကြည်နေပေသည်။

+

"မင်းက အလုပ်ပိုပြီးမှ ကြိုးစားရလိမ့်မယ်" ရိုလန်က ခွဲခြားထားသော အရည်များကို ညွှန်ပြ၍ ပြောလိုက်သည်။ "မင်းက နောက်ဆုံးထုတ်ကုန်ကို ပိုစောစောရလေလေ မင်းမေးခွန်းရဲ့ အဖြေကို ပိုစောစော သိရလေလေပဲ ဖြစ်တယ်"

"ဘယ်လို ပြောလိုက်တယ်… အရှင်မင်းမြတ်… အရှင်က သူတို့အားလုံးကို ဆိုလိုနေတာလား" ကိုင်းလ်က အံ့အားတကြီးဖြင့် မေးလိုက်လေသည်။

"သူတို့ဟာ တကယ်ဆိုရင် လောင်ကျွမ်းလွယ်နေပေမဲ့ အောက်ပိုင်းတာဝါမှာ ပေါင်းခံရလာတဲ့ အရည်ဟာ နှင်းမှုန့်တွေထက်

+

အများကြီး ပိုမကောင်းပါဘူး... ပြီးတော့ သူတို့ဟာ မီးခိုးငွေ့တွေကို ထုတ်လွှတ်ပြီး ကောင်းစွာ လောင်ကျွမ်းခြင်း မရှိလို့ အလင်းရောင် အတွက်တောင် သုံးလို့ မကောင်းလှပါဘူး"

ဖောက်ခွဲရေး ပစ္စည်းတွေ ထုတ်လုပ်ဖို့သာ စိတ်အား ထက်သန်နေတဲ့ ဒီလူက သိပ်ပြီးမှ လောင်ကျွမ်းမှု မကောင်းတဲ့ အရာတွေကို အမှိုက်တွေလို့သာ ထင်နေတာပဲ။ ရိုလန်က စိတ်ထဲတွင် တွေးလိုက်သည်။ အပေါ်ပိုင်း တာဝါတွင် ပေါင်းခံထားသော အရာများသည် ပို၍ လောင်ကျွမ်းနိုင်စွမ်း အားကောင်းသော်လည်း အမှန်ဆိုလျှင် သူတို့၏ အသုံးဝင်မှုများမှာ အမတန်မှ အကန့်အသတ် ရှိနေသည်။

+

ထပ်ပေါင်းပစ္စည်းများ မရှိလျှင် အမှားအယွင်း အနည်းငယ် ပြုလုပ်မိလျှင်ပင် သူတို့က ပေါက်ကွဲသွားမည် ဖြစ်ပြီး လက်ရှိ အခြေအနေအရ သိပ်ပြီးမှ အထောက်အကူ မဖြစ်နေပေ။ သူတို့အစား သူသည် အောက်ပိုင်း တာဝါတွင် ပေါင်းခံထားသော ဒီဇယ်နှင့် ဟိုက်ဒရို ကာဘွန်ပါသော ရေနံများအား ပို၍ ကြိုက်နှစ်သက်နေပေသည်။

အတွင်းမှ လောင်ကျွမ်းသော အင်ဂျင်များ အတွက် ဒီဇယ်သည် ပြီးပြည့်စုံသော လောင်စာဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိပဲ အဆင့်နိမ့်သော ထုတ်လုပ်မှုမှ ရရှိလာသော သန့်စင်ခြင်း မရှိသည့် ထုတ်ကုန်များကိုပင် အသုံးပြု၍ ရနိုင်သည်။

+

သူတို့၏ တစ်ခုတည်းသော ပြဿနာမှာ ထူထဲသော အနက်ရောင် မီးခိုးငွေ့များကို ထုတ်လွှတ်နေသဖြင့် သူတို့ လောင်ကျွမ်းသော အချိန်တွင် လေထု ညစ်ညမ်းမှုများကို ဖြစ်ပေါ်စေခြင်း ဖြစ်သော်လည်း ဤအချိန်၌ ရိုလန်အား ပြဿနာ သိပ်မပေးနေခဲ့ပေ။

ဟိုက်ဒရိုကာဘွန် ပါသော ရေနံများသည် ရေကြောင်းသွားလာမှုတွင် အရေးပါသဖြင့် ရေနွေးငွေ့ သင်္ဘောများ အတွက် အကောင်းဆုံးလောင်စာ ဖြစ်လာနိုင်သည်။ ကျောက်မီးသွေးများဖြင့် လက်ရှိ စွမ်းအားပေးနေသော သင်္ဘောများသည် ကုန်းတွင်းမြစ်များတွင်

+

အလုပ်လုပ်နေနိုင်သော်လည်း ပင်လယ်အတွင်းတွင် လုံလောက်သော စွမ်းအားများကို ရချင်မှ ရရှိပေလိမ့်မည်။

အမှန်အတိုင်း ပြောရလျှင် ထိုသင်္ဘောများသည် ဖော့မှ အနောက်ပိုင်း ဒေသရှိ ရေတိမ်ကမ်းခြေသို့ ခရီးသွားရခြင်းကပင် အတော်လေး ပင်ပန်းခက်ခဲသော တာဝန်တစ်ခု ဖြစ်နေပေပြီ။ ထို့ကြောင့် ရိုလန်သည် ပင်လယ်မျဉ်းကြောင်းကို ဖြတ်သန်း၍ သမုဒ္ဒရာ အတွင်းသို့ ဝင်ရောက်မည့် ရေနွေးငွေ့ သင်္ဘောများကို လောင်စာ ဖြည့်နိုင်ရန် အတွက် အဆုံးမဲ့ အငူတွင် ပျော်ရွှင်ဆိပ်ကမ်းကို တည်ဆောက်ခဲ့ခြင်း ဖြစ်လေသည်။

+

ထို့အပြင် ဟိုက်ဒရို ကာဘွန် ပါသော ရေနံများကို ထုတ်လုပ်ရန် လိုအပ်ချက်ကလည်း အနည်းဆုံး ဖြစ်သည်။ အကြွမ်း ပေါင်းခံထားသော ဟိုက်ဒရို ကာဘွန်ပါသည့် ရေနံများသည် ကတ္တရာ အမှုန်များ ပါနေစေကာမူ ရေနံ မိသားစု အတွင်းတွင် အလွယ်ကူဆုံး ထုတ်လုပ်နိုင်သည့် အရာတစ်ခု ဖြစ်နေသည်။

သို့သော်လည်း ရိုလန်သည် ကိုင်းလ်အား ဤအကြောင်းကို ပြောပြလိမ့်မည် မဟုတ်ချေ။ သူသည် နောက်ဆုံး ထုတ်လုပ်ပြီးသော ရေနံကို မရခင် ဘာကိုမှ အာမမခံနိုင်ပေ။ အကယ်၍ နောက်ဆုံးရလဒ်က သူ၏ မူလ ခန့်မှန်းမှု အတိုင်း မဖြစ်လာခဲ့လျှင် ဘာမဆို သိနိုင်သူ ဟူသော သူ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းသွားစေလိမ့်မည်။

+

ထို့ကြောင့် သူက ပခုံးတွန့်၍သာ ပြောလိုက်သည်။
"အောက်က အနည်တွေ အပါအဝင် ရေနံ
အစိတ်အပိုင်းတွေ အားလုံးကို စုဆောင်းပြီး
အမျိုးအစား ခွဲခြားရမယ်... သူတို့အားလုံးဟာ
ငါ့အတွက် အသုံးဝင်နေတယ်"

"မှန်လှပါ... အရှင်မင်းမြတ်" အဂ္ဂိရတ်
နည်းပြချုပ်က သူ၏လက်ကို ရင်ဘတ်ပေါ်တင်၍
ပြောလိုက်လေသည်။

"ဪ... ဒါနဲ့" ရိုလန်သည် အခန်းအတွင်းမှ
ထွက်သွားနေရင်း တံခါးဝရောက်မှ ရုတ်တရက်
ရပ်တန့်လိုက်ကာ ကိုင်းလ်ဘက်သို့ လှည့်ကြည့်၍

+

ထပ်ပြောလိုက်သည်။ "နည်းပြသင်တန်း တစ်ခုကို ပြင်ဆင်ထားပါဦး"

ကိုင်းလ်က ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့၍ ဗလုံးဗထွေးဖြင့် မေးလိုက်သည်။ "ဘာ"

"ပြီးခဲ့တဲ့ စိုက်ပျိုးရေး အစည်းအဝေးမှာ ငါက ငါ့ရဲ့ အစီအစဥ်တွေကို ကောင်းကောင်း ပြောခဲ့ပြီးသားလို့ ငါထင်နေတယ်… ငါတို့ဟာ အလယ်တန်း ပညာရေး သင်ရိုးညွှန်းတန်းမှာ စိုက်ပျိုးရေး သင်ခန်းစာတွေကို ထည့်သွင်းရမယ်… ဒါဆိုရင် ငါတို့က ရွှေရောင် အမှတ်နှစ်ကို တိုင်းပြည်တစ်ခုလုံးကို ဖြန့်ပြီးမှ စိုက်ပျိုးခဲ့ရင်တောင် အရည်အသွေး ပြည့်မီတဲ့ သူတွေကို မွေးထုတ်ပေးနိုင်လိမ့်မယ်"

+

ရိုလန်က အကျယ်ချဲ့၍ ရှင်းပြလိုက်သည်။ "ပြီးတော့ စက်ရုံ အသစ်တွေမှာ ကျွမ်းကျင်တဲ့ လုပ်သားတွေ ပိုပြီးမှ လိုအပ်လာလိမ့်မယ်... ငါကြည့်ရသလောက် အခြေခံ ပညာရေး သင်တန်းတွေ ပြီးဆုံးရင် ဓာတုဗေဒ စက်ရုံကို ဝင်လာကြမယ့်သူတွေ အများကြီး ရှိနေတယ်... သူတို့က အတွေ့အကြုံ မရှိပဲ စက်ရုံအတွင်းက အခြေအနေတွေကို ရှုပ်ထွေးအောင် မလုပ်မိခင်မှာ မင်းက သူတို့ကို ကောင်းစွာ လေ့ကျင့်ထားဖို့ လိုအပ်နေတယ်"

လူအများကို သူတို့ စိတ်ဝင်စားရာ သင်ခန်းစာများ ရွေးချယ်ခွင့် ပြုထားခြင်းသည် ကောလိပ် ကျောင်းသားများအား သူတို့၏ ကိုယ်ပိုင်

+

မေဂျာများကို ရွေးချယ်ခွင့် ပြုခြင်းနှင့် တူနေသည်။ ဆောင်းမဲ့မြို့တော်တွင် ဤဖြစ်စဉ်သည် ပိုစောလာပြီး အလယ်တန်းကျောင်းသို့ ရွှေ့သွားခဲ့သည်။

ရိုလန်သည် ဤအကြောင်းကို တွေးနေသည်မှာ အကြာကြီး ရှိပြီဖြစ်ပြီး လက်ရှိအချိန်၌ စွမ်းရည်အမျိုးမျိုးရှိသော သူများကို မွေးထုတ်ရန် အချိန်မရှိနေသဖြင့် ကျွမ်းကျင်လုပ်သားများကို တတ်နိုင်သမျှ အမြန်ဆုံး မွေးထုတ်ရန် အကောင်းဆုံး ဖြစ်သည်ဟု ယုံကြည်နေခဲ့သည်။

"အရှင်မင်းမြတ်… ဒီကိစ္စကို လေဒီစကိုးက တာဝန်ယူနေတာ မဟုတ်လား"

+

"သူမက သင်တန်းသား ခေါ်ယူခြင်း၊ အတန်း
ခွဲခြားခြင်း၊ သုံးသပ်ခြင်း၊ လစာပေးခြင်းတို့ကို
ဆောင်ရွက်ပေမဲ့ ဆရာတွေကတော့ ဓာတုဗေဒ
စက်မှုဌာနက ဖြစ်ရမှာမို့ မင်းကပဲ ကြီးကြပ်ရမယ်"

ရိုလန်က သူ့အား ကျောင်းသားများကို
စာမသင်ခိုင်းသရွေ့ အရာအားလုံးကို နာခံမည့်
အနေဖြင့် ကိုင်းလ်သည် ခေါင်းညိတ်လိုက်ကာ
သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။ သူ၏
နာကျင်ဖွယ်ရာ မှတ်ဉာဏ်များသည် မနေ့ကအတိုင်း
လတ်ဆတ်နေသေးပေသည်။

+

ရိုလန့်ထံမှ အလယ်တန်း ဓာတုဗေဒ စာအုပ်ကို ရရှိနိုင်ရန် အတွက် သူသည် အင်္ဂလိပ် အလုပ်သင် အချို့ကို သင်ကြားလေ့ကျင့်ခဲ့သည့် ဖြစ်စဉ်အတွင်းတွင် အတော်လေး ဆင်းရဲဒုက္ခ ခံခဲ့ရပြီး ဖြစ်သည်။

ကိုင်းလ်က ပြန်ဖြေလိုက်သည်။ "ကျွန်တော်မျိုး သိပါပြီ... အများပြည်သူနဲ့ စကားပြော ကျွမ်းကျင်ပြီး သင်ကြားရာမှာ အရည်အချင်း ပြည့်မီတဲ့ ဘုရင့်မြို့တော်က အင်္ဂလိပ် ပညာရှင်တွေကို ဆရာအဖြစ် ခန့်အပ်လိုက်မယ်... အရှင်မင်းမြတ်ရော ဘယ်လို ယူဆပါသလဲ"

## စာစဉ် ၅၇ : အပိုင်း ၂

\+

# အပိုင်း ၈၄၂ : ကြက်ဘဲ နိုက်သူရဲကောင်း

ပရိုးယပ် ဒီဆော့၏ ဘဝသည် လတ်တလောတွင်
အတော်လေး အဆင်ပြေ ချောမွေ့နေခဲ့သည်။

အဲခ်မိသားစုမှ သူ၏ဘဝသည်
အချိန်ကြာလာသည်နှင့် အိမ်မက်တစ်ခုလိုပင်
လွှင့်ပါး ပျောက်ကွယ်သွားခဲ့သည်။ နိုက်သူရဲကောင်း
တစ်ယောက်၏ စွမ်းရည်နှင့် လေ့ကျင့်မှုတို့ကိုလည်း
မေ့ပျောက်နေခဲ့သည်မှာ အချိန်အတော်ကြာခဲ့ပေပြီ။

သူ၏ စူထွက်လာသော ဝမ်းဗိုက်ကြောင့်
အဝတ်ဟောင်းများကလည်း မတော်တော့ပေ။

+

အရှင်မင်းမြတ်၏ နယ်မြေအတွင်းတွင် မှူးမတ်အစစ်များ မရှိတော့သည်ကို သူက သိနေသော်လည်း လူကြီးလူကောင်း အသွင် ဆောင်နိုင်သေးရန် ပိုးဝတ်ရုံနှင့် ဘောင်းဘီ ပွပွများကိုသာ သူက ပြောင်းလဲ ဝတ်ဆင်ခဲ့သည်။

သို့သော်လည်း သူ၏အိမ်မက် အစစ်တစ်ခု မဟုတ်ခဲ့သော နိုက်သူရဲကောင်း အဖြစ်ကို သူ၏ဧည့်ခန်းတွင် ခင်းကျင်း ပြသထားသည့် တောက်ပနေသော ချပ်ဝတ်တန်ဆာများဖြင့် သက်သေခံနိုင်ခဲ့သေးသည်။

ထူးခြားဖွယ် ကောင်းလှစွာဖြင့် သူသည် အဲခ်မိသားစုတွင် နိုက်သူရဲကောင်း

+

တစ်ယောက်အဖြစ် ရှိနေခဲ့စဉ်က
ဤချပ်ဝတ်တန်ဆာများကို လွန်စွာ
မကြိုက်နေခဲ့သဖြင့် ပန်းပဲဆရာ တစ်ယောက်ကိုပင်
အလွန်အမင်း စျေးပေါပေါဖြင့် ရောင်းချခဲ့ရန်
စဉ်းစားခဲ့ဖူးသေးသည်။

သို့သော်လည်း အရှင်မင်းမြတ်၏ လက်အောက်တွင်
စတင်၍ တာဝန်ထမ်းဆောင်ခဲ့အပြီးတွင်
ဤအရာများသည် ကြည့်ပျော်ရှုပျော်
ဖြစ်လာသည်ဟု စတင် ခံစားလာရလေသည်။
ယခုအချိန်၌ သူ၏ ဝါသနာ တစ်ခုမှာ သူ၏
လမ်းလျှောက်တတ်စ ကလေးငယ်အား ချီထား၍
သူ၏ သူရဲကောင်းဆန်သော တိုက်ခိုက်မှု
ပုံပြင်များကို ပြောပြနေခြင်းပင် ဖြစ်သည်။

+

သို့သော်လည်း ပရိုးယပ် အနေဖြင့် အမြဲတမ်းပင်
ရှိလန် ဝင်ဘယ်ဒန်၏ သစ္စာရှိ အမတ်တစ်ယောက်
ဖြစ်နေခဲ့သကဲ့သို့ ဤပုံပြင်များ အတွင်းတွင်
မြို့စားရိုင်ယန် အကြောင်းကို လုံးဝ မဖော်ပြပဲ
ရှောင်ကြဥ်ထားခဲ့သည်။

မြို့တော်ခန်းမ အတွင်းသို့ ဝင်ရောက်ပြီးသော အခါ
သူသည် ရာထူး အဆင့်ဆင့် အလျင်အမြန်
တိုးလာခဲ့သည်။ ဆောင်းမဲ့မြို့တော်၏ လူဦးရေက
အလျင်အမြန် တိုးတက်လာသည့် အခွင့်အရေးကို
အပိုင် အသုံးချ၍ သူသည် ကြက်ဘဲ
မွေးမြူရေးဇုန်ကို အဆပေါင်းများစွာ တိုးချဲ့နိုင်ခဲ့ရာ

+

ယခုအချိန်တွင် သူသည် ရောမ ကြက်ဘဲစက်ရုံ
တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့လေပြီ။

မှန်သည်၊ သူကိုယ်ပိုင် ဖန်တီးထားသော
ကြက်ဘဲစက်ရုံသည် စက်ကိရိယာများ
ထုတ်လုပ်နေသော စက်ရုံများထက်
မည်သည့်ဘက်မှ ပိုအားမနည်းနေခဲ့ချေ။
အရှင်မင်းမြတ်ထံမှ 'စက်ရုံ'ဟူသော စကားလုံးကို
ကြားခဲ့ပြီးသော အချိန်မှ စ၍ သူသည်
သူ၏ခြံဝင်းရှေ့တွင် ကြက်ဘဲစက်ရုံ ဟူသော
ဆိုင်းဘုတ်တစ်ခုကို ချက်ချင်း ချိတ်ဆွဲခဲ့လေသည်။

ယခုအချိန်တွင် ဆောင်းမဲ့မြို့တော်၌ စက်ရုံများသည်
မိုးရွာပြီးနောက် ထွက်လာသော မှိုများကဲ့သို့

+

အများအပြား ပေါ်ပေါက်လာကြပြီး မြို့တော်ခန်းမ အတွင်းတွင် အကျော်ကြားဆုံး စကားလုံး တစ်ခု ဖြစ်နေခဲ့ပေပြီ။ သို့ဖြစ်၍ သူကလည်း နောက်ကျ မကျန်ရစ်လိုနေခဲ့ပေ။။

ဘာပဲပြောပြော သူ့တွင် လုပ်သားပေါင်း တစ်ရာကျော် ရှိနေကာ သူ၏ စက်ရုံအတွင်းတွင် နေ့စဉ်နေ့တိုင်း ပဲများနှင့် တီကောင် ခြင်းပေါင်းများစွာ လိုအပ်နေသော သူတစ်ခါမှ အိမ်မက် မမက်ခဲ့ဖူးသည့် ကြက်ဘဲ အရေအတွက်ပေါင်း တစ်သောင်းနီးပါးခန့် အထိ ရှိနေခဲ့သည်။ 'ကြက်ဘဲ နိုက်သူရဲကောင်း'ဟု အခေါ်ခံရခြင်းကို သူက အမှုမထားနေရုံသာမက ကြိုက်ပင် ကြိုက်နှစ်သက်နေခဲ့သေးသည်။

+

ယခုအချိန်၌ သူ၏ ဘဝတက်လမ်းက
ဖြောင့်ဖြူးနေသည့် အတွက် ပရီးယပ်က
ပျင်းရိသကဲ့သို့ ဖြစ်နေခဲ့သည်။ အလုပ်သင် ပထမ
အသုတ်သည် ကြက်ဘဲများအား လိင်ခွဲခြားခြင်း၊
အစာကျွေးခြင်း၊ ကြက်ပေါက်များ ခွဲထုတ်ခြင်း
အစရှိသော စွမ်းရည်များကို တတ်မြောက်ကုန်ကြပြီ
ဖြစ်သည်။

ထို့အပြင် သူတို့သည် နောက်ထပ်
လုပ်သားသစ်များကိုပင် လေ့ကျင့်ပေးနိုင်ကြသေးရာ
ပရီးယပ် အနေဖြင့် အချိန်ပိုများစွာ
ထွက်လာခဲ့သည်။ ကြက်ဘဲ မွေးမြူရာ၌
ကြောက်စရာ အကောင်းဆုံး အရာဖြစ်သည့်

+

ကြက်ငှက် ပလိပ်ရောဂါကိုလည်း လီလီဟုခေါ်သော စုန်းမက အလွယ်တကူ ဖယ်ရှားပေးနိုင်ခဲ့သည်။

သို့ဖြစ်၍ သူ၏ စက်ရုံ အတိုင်းအတာကို သူက စိတ်တိုင်းကျ ချဲ့ထွင်နိုင်ခဲ့သည်။ ယခုအချိန်၌ သူသည် အစီအစဉ် ချမှတ်မှုနှင့် စာရင်း ဇယားများကိုသာ လုပ်ဆောင်ရန် လိုအပ်နေပြီး ကျန်သော အရာများကို စိုက်ပျိုးရေး ဌာနက ဆက်လက် ဆောင်ရွက်သွားလိမ့်မည် ဖြစ်သည်။

အမှန်အတိုင်း ပြောရလျှင် သူနှင့်အတူ အဖမ်းခံခဲ့ကြရသော အခြား နိုက်သူရဲကောင်းများကလည်း ပူးပေါင်းဆောင်ရွက်ရန် အတွက်

+

ခေါင်းမာလွန်းနေကြသူများမှ လွဲ၍ အတော်လေး
အဆင်ပြေနေကြသည်။

ဥပမာအားဖြင့် ဝံပုလွေ မိသားစုမှ ယခင်
နိုက်သူရဲကောင်း တစ်ယောက်ဖြစ်သော သူ၏
အကြီးအကဲဖြစ်သူ  စီးရီးယပ် ဒါလီသည်
ယခုအချိန်တွင် စိုက်ပျိုးရေး ဝန်ကြီး ဖြစ်နေပြီ
ဖြစ်ကာ သူတို့အားလုံး အနက် ရာထူး အမြင့်ဆုံး
ဖြစ်နေခဲ့လေပြီ။

အလယ်တန်း ဆရာ တစ်ယောက်အဖြစ်သို့ ရာထူး
တိုးမြှင့်ခြင်းခံခဲ့ရသော နံနက် အလင်းတန်းသည်
ပရီးယပ်နှင့် လစာ အတူတူခန့်ပင် ရနေသည်။
သူတို့အချင်းချင်း စကားစမြည် ပြောခဲ့ကြသော အခါ

+

ဖာလင်း အယ်တပ်ခ်က သူသည် စာသင်ခြင်း အပြင် အခြား အစီအစဥ်များလည်း ရှိနေကြောင်း ပြောခဲ့ဖူးသည်။

ယခင်မှ ကြယ်ပွင့် နိုက်သူရဲကောင်းက မည်သည့်နေရာတွင် အလုပ်လုပ်မည်ကို ခန့်မှန်းရန် မလွယ်ကူသော်လည်း သိပ်ဆိုးလှမည့် နေရာတစ်ခု မဟုတ်နိုင်ဟူ၍တော့ ပြော၍ရသည်။

အခြား နိုက်သူရဲကောင်းများ ဖြစ်ကြသော ဟာလွန်၊ ဗယ်လ်ဆာ၊ ကာဇန် အစရှိသူများကလည်း သင်ကြားရေး သို့မဟုတ် စီးပွားရေး လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်လျက်ရှိကြသည်။ ပရီးယပ်သည်

+

အချိန်ရတိုင်း သူတို့၏ နေ့စဉ်ဘဝများ၊
အလုပ်များနှင့် အနာဂတ် အတွက်
မျှော်လင့်ချက်များကို ဆွေးနွေးရန် အတွက်
မိတ်ဆွေဟောင်းများနှင့် မကြာခဏ
ဆုံတွေ့လေ့ရှိသည်။

သို့သော်လည်း လူတိုင်းက အရှင်မင်းမြတ်၏
အုပ်ချုပ်နည်းများ အပေါ်တွင်
သဘောကျသည်တော့ မဟုတ်ချေ။ ဥပမာအားဖြင့်
ဟာလွန်သည် အဖမ်းခံရသော
နိုက်သူရဲကောင်းများအား စစ်တပ်အတွင်းသို့
ဝင်ရောက်ရန် တားမြစ်ထားသည့် မူဝါဒကို
ကျေနပ်နေခြင်း မရှိပေ။ သို့ဖြစ်၍ သူတို့
တွေ့ဆုံကြသည့် အချိန်တိုင်းတွင် သူက
ပြည့်ဝနိုင်ခြင်း မရှိသော သူ၏

+

အိမ်မက်အကြောင်းကို မကျေမနပ်
ပြောလေ့ရှိသည်။

သေနတ်များသည် အလွန်ကို အစွမ်းထက်သော
လက်နက်များ ဖြစ်သည်ကို လူတိုင်းက သိနေကြပြီး
အကယ်၍ သူက တာဝန်ယူရသူ တစ်ယောက်
ဖြစ်နေခဲ့လျှင်လည်း ရှုံးနိမ့်သွားသော
စစ်သည်များကို ဤလက်နက်များအား
ယုံကြည်စိတ်ချစွာ ပေးလိုလိမ့်မည် မဟုတ်ချေ။

သူ့အနေနှင့်မူ သူသည် နှစ်စဉ် ကျင်းပသော
ဂုဏ်ပြုဆုပေးပွဲ အခမ်းအနား အပေါ်သို့
မျက်စိကျနေခဲ့သည်။ အရှင်မင်းမြတ်၏ စိုက်ပျိုးရေး
အပေါ်တွင် အာရုံစိုက်နေမှုကြောင့် သူသည်

+

အနေးနှင့် အမြန် မြို့ရင်ပြင်မှ စင်မြင့်ပေါ်တွင် ရပ်နိုင်ကာ ပရိသတ်များ၏ အားကျလေးစားမှုကို ခံနေရလိမ့်မည်ဟု ခံစားနေရသည်။

သူသည် အရှင်မင်းမြတ် ကိုယ်တိုင်ကိုယ်ကျ ပေးအပ်သော ဆုတံဆိပ်ကို လက်ခံရရှိမည့် အပြင် ဆုကြေးငွေ ရွှေပြားတစ်ရာကို ရနိုင်ဦးမည်  ဖြစ်ပြီး စစ်တပ်အတွင်းသို့ ဝင်ရောက်ခြင်းထက်ပင် ပို၍ ခိုင်မာသော အနာဂတ် တစ်ခုကို ရနိုင်သေးသည်။

သူသည် လေချွန်ကာ သွားနေခဲ့ရင်း မြို့တော်ခန်းမ အနားသို့ ရောက်သောအခါ ကြက်ဘဲစက်ရုံသို့ မသွားမီ စီးရီးယပ် ဒါလီအား နှုတ်ဆက်ရန်

+

ပြင်လိုက်ချိန်တွင် သူက သူ့အား
ဟန့်တားလိုက်သည်။

"အာ... မင်းရောက်လာပြီလား... အရှင်မင်းမြတ်က
မင်းကို စောင့်နေတယ်"

ပရီးယပ်၏ ခြေလှမ်းများက တုံ့ဆိုင်းသွားသည်။
"ဘာကိစ္စများလဲ"

"အစောင့်တွေက မပြောပြဘူး... မင်းရောက်လာရင်
ရဲတိုက်ကို သွားဖို့ကိုသာ ငါ့ကို ပြောခဲ့တယ်"

+

"ငါသိပြီ" ပရီးယပ်သည်
တည်ငြိမ်နေဟန်ဆောင်နေခဲ့သော်လည်း သူ၏
ရင်ခုန်သံက ပို၍ပို၍ မြန်လာကာ တွေးနေခဲ့သည်။
အခုအချိန်က စိုက်ပျိုးရေး ချဲ့ထွင်ဖို့ အစည်းအဝေး
ပြီးထားတာ သိပ်မကြာသေးဘူး။
အရှင်မင်းမြတ်ကလည်း ငါ့လိုမျိုး တွေးနေပြီး ငါ့ကို
ဥပမာ တစ်ခု အနေနဲ့ ဂုဏ်ပြုတော့မှာများလား။

မျှော်လင့်ချက်များ အပြည့်နှင့် သူက ရဲတိုက်ထံသို့
ရောက်လာခဲ့သည်။ အစောင့်တစ်ယောက်၏
လမ်းညွှန်မှုနှင့် အတူ သူသည် တတိယထပ်ရှိ
အရှင်မင်းမြတ်၏ ရုံးခန်းတံခါးသို့
ရောက်လာလေသည်။

+

"ဝင်လာခဲ့ပါ" သူရောက်လာကြောင်း အကြောင်းကြားပြီးသွားသော အခါ တံခါး တစ်ဘက်ခြမ်းမှ ရင်းနှီး ကျွမ်းဝင်နေသော အသံတစ်ခု ပေါ်လာခဲ့သည်။ "ငါကမင်းကို စောင့်နေတာ အချိန်အတော်လေး ကြာသွားပြီ"

"စိုက်ပျိုးရေး ဌာနက အရာရှိ ပရိုးယပ် ဒီဆော့က အရှင်မင်းမြတ်ကို နှုတ်ဆက်ပါတယ်" သူက အခန်းအတွင်းသို့ ရောက်လာသည်နှင့် နိုက်သူရဲကောင်း တစ်ယောက်က ဘုရင်အား နှုတ်ဆက်ခဲ့သကဲ့သို့ လက်သီးဆုပ်အား ရင်ဘတ်ပေါ် တင်၍ ဒူးထောက်ချလိုက်လေသည်။

+

သို့သော်လည်း သူ၏ ဝမ်းဗိုက်မှ အဆီပိုများကြောင့် သူ၏ အမူအရာသည် ယခင်ကကဲ့သို့ ကြည့်မကောင်းနေပဲ ဒူးထောက်နေရာမှ ပြန်မထနိုင်သကဲ့သို့ပင် ဖြစ်သွားခဲ့သေးသည်။

"ကျေးဇူးပြုပြီး ထပါ" စားပွဲရှည် အနောက်တွင် ထိုင်နေသော ဘုရင်က သူ့အား ပြုံးပြနေရင်း ပြောလိုက်သည်။ "မင်းက အခုတလောမှာ ကောင်းစွာ စွမ်းဆောင်နိုင်ခဲ့ပြီး ဘားရော့ကတောင် ခါတိုင်းလို မဟုတ်ပဲ မင်းကို အတော်လေး ချီးကျူးနေတယ်.. .ဒါကြောင့်မို့ ငါကမင်းကို တာဝန်အသစ် တစ်ခု ပေးအပ်လိုနေတယ်"

+

"အရှင့်အမိန့်ကို နာခံဖို့ အသင့်ပါ" ပရီးယပ်က ရိုသေစွာ ထရပ်ရင်း ပြောလိုက်လေသည်။

"သေချာ နားထောင်ပါ… ဒါက ထိပ်တန်း လျှို့ဝှက်ချက် တစ်ခု ဖြစ်တယ်… မြို့တော်ခန်းမ အတွင်းမှာတောင် ဒီအကြောင်းကို သိတဲ့သူ သိပ်မရှိဘူး" ရိုလန်က လေးနက်သော အသံတစ်ခုဖြင့် ပြောလိုက်သည်။

"ဒါက အတော်လေးကို အရေးပါနေတဲ့ အတွက် ဆောင်းမဲ့မြို့တော်ရဲ့ အနာဂတ် တိုးတက်မှု အပေါ်မှာ တိုက်ရိုက် အကျိုးသက်ရောက်မှု ရှိနိုင်တယ်… ဒီတာဝန်ကို မင်းလက်ခံပြီးတာနဲ့

+

မင်းမြင်ခဲ့ ကြားခဲ့ရတာတွေကို ငါ့ရဲ့ ခွင့်ပြုချက် မရပဲ ဘယ်သူ့ကိုမှ ပြောပိုင်ခွင့် မရှိဘူး"

"မင်းကို လုံးလုံးလျားလျားကြီး လိုအပ်နေတာ မဟုတ်ပေမဲ့ တစ်ယောက်ကမှ ဒီအရာကို အရင်က မလုပ်ဖူးခဲ့တဲ့ အတွက် မင်းက အသင့်တော်ဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေလို့ မင်းကို ရွေးချယ်ခဲ့တာပဲ ဖြစ်တယ်… တကယ်လို့ မင်းက ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခဲ့ရင် ဆုလာဘ်တွေက ပြဿနာ မဟုတ်ဘူး… ငါက မင်းရဲ့အဖြေကို အခု လိုချင်နေတယ်"

ပရီးယပ်က မှင်သက်သွားသည်။ အရှင်မင်းမြတ်က ဤကဲ့သို့ ကမ်းလှမ်းချက် တစ်ခုကို

+

ပြုလုပ်လာခဲ့မည်ဟု သူက လုံးဝ မမျှော်မှန်းထားခဲ့ပေ။ ဤအရာသည် ဆုတံဆိပ်နှင့် လုံးဝ မသက်ဆိုင်နေပဲ သူ့အား အလွန်အမင်း ခက်ခဲသော တာဝန်တစ်ခုကို ပေးလိုနေခြင်းသာ ဖြစ်သည်။

အင်း၊ ဒီတာဝန်ရဲ့ အရေးပါမှုနဲ့ ကြီးမားတဲ့ ဆုလာဘ်တွေကို မေ့ထားလိုက်ပါ၊ သူတို့က ဘာမှမဟုတ်ပဲ ပြဿနာတွေသာ ဖြစ်ကြတယ်။ ဘုရင့်ရဲ့ လျှို့ဝှက်ချက် အတွင်းမှာ ဝင်ပါတာက ကိုယ့်ကိုယ်ကိုယ် သတ်သေတာနဲ့ အတူတူပဲ။ မသိစိတ် အတွင်းမှ နေ၍ သူက ဤတာဝန်ကို ပယ်ချလိုနေသော်လည်း သူ၏ စကားလုံးများကို လျှာဖျားမှနေ၍ ပြန်လည် မျိုချလိုက်သည်။

+

နေပါဦး၊ မင်းအရှေ့ကလူက ဘယ်သူလို့ မင်းထင်နေတာလဲ။ သူက ဆောင်းမဲ့မြို့တော်ရဲ့ သခင်၊ မီးခိုးရောင် ရဲတိုက်ရဲ့ ဘုရင် ဖြစ်တယ်။

ဘုရင်က အရာရှိ တစ်ယောက်ကို တစ်စုံတစ်ခု လုပ်ခိုင်းချင်ရင် သူ့ကို ကြိုတင် တိုင်ပင်နေဖို့ လိုနေလို့လား။ ဒီအရာရှိက ပုန်ကန် တော်လှန်ဖို့ စိတ်ကူး မရှိနေခဲ့ရင် ဘာတာဝန်ကိုပဲ ဖြစ်ဖြစ် ဘုရင့်ရဲ့ အမျက်ဒေါသ မရှအောင် လက်ခံရမှာ ဖြစ်တယ်။ အရှင်မင်းမြတ်က ငါ့ကို တိုက်ရိုက် အမိန့်မပေးခဲ့တာက ငါ့ကို ငြင်းဆန်ဖို့ အခွင့်အရေး ပေးတာမဟုတ်ပဲ ငါ့ရဲ့ ခံစားချက်တွေကို ဂရုစိုက်နေလို့သာ ဖြစ်တယ်။

+

ပရီးယပ်က ပါးစပ်အပြည့်နှင့် တံတွေးများကို မျိုချလိုက်သည်။ ဒီဘုရင် ဝင်ဘယ်ဒန်က တခြားသခင် အများစုနဲ့ ကွဲပြားနေပေမဲ့ သူပြောခဲ့တဲ့ စကားတိုင်းကို အလေးအနက် ထားတယ်။ အခုလေးတင် ငါက "အရှင့်အမိန့်ကို နာခံဖို့ အသင့်ပါ"လို့ ပြောခဲ့တယ် မဟုတ်လား။

ငါက အစောလေးတင် နာခံမယ် ပြောခဲ့ပြီး အခုကျတော့ ကျွန်တော်မျိုး မလုပ်နိုင်ပါဘူးလို့ တိုက်ရိုက် ငြင်းပယ်ခဲ့ရင် တကယ်လို့ ငါက ဘုရင်သာ ဖြစ်ရင် ဒီနေရာမှာ ဒေါသအိုး မပေါက်ကွဲသွားခဲ့ရင်တောင် အပြိုးတော့ တေးထားမှာ အသေအချာပဲ။

+

ဒီလိုဆိုရင် ငါက ရာထူးမတက်တော့ရုံသာ မကပဲ ဂုဏ်ပြုဆုပေးပွဲမှာ ဆုတံဆိပ် ရရှိဖို့ မပြောနဲ့ သာမန်အရာရှိ တစ်ယောက် ဆက်ဖြစ်နေဖို့တောင် မလွယ်တော့ဘူး။

ဤအထိတွေးပြီးသော အခါ ပရိုးယပ်သည် သူ့ပါးကိုယ်သူ ပြန်ရိုက်ချင်စိတ်များ ပေါက်လာလေသည်။

အချိန်အနည်းငယ် တွေဝေနေခဲ့အပြီးတွင် သူသည် နောက်ဆုံးတွင် ဗလုံးဗထွေးဖြင့် ပြောခဲ့လိုက်သည်။ "ကျွန်တော်မျိုးက ဒီတာဝန်ကို ယူလိုနေပါတယ်"

+

သူသည် သူ၏ရာထူးကို အဆုံးရှုံးမခံနိုင်ပေ။ သူသည် နိုက်သူရဲကောင်း ဘွဲ့ထူးကို ဆုံးရှုံးခဲ့ပြီ ဖြစ်ပြီး အကယ်၍ ကြက်ဘဲစက်ရုံ ကြီးကြပ်သူ အရာရှိ ရာထူးကို ဆက်လက် ဆုံးရှုံးသွားခဲ့ပါက ဘာမှ ကျန်တော့မည် မဟုတ်ချေ။

ဤအချိန်တွင် သူ့အား စိတ်သက်သာရာ ရစေသော တစ်ခုတည်းသော အရာမှာ "တစ်ယောက်ကမှ ဒီအရာကို အရင်က မလုပ်ဖူးခဲ့တဲ့ အတွက် မင်းက အသင့်တော်ဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေတယ်" ဟူသော စကားများပင် ဖြစ်သည်။ အနည်းဆုံးတော့ ထိုအရာသည် သူ၏ စွမ်းဆောင်ရည်ကို အသိအမှတ် ပြုနေသော စကားများ မဟုတ်ပါလော။

+

"ကောင်းပြီလေ" ရိုလန်က ပြုံးလိုက်ကာ သူ့ဘေးမှ ဘာမှမရှိနေသော နေရာသို့ တစ်စုံတစ်ခုကို တီးတိုးပြောလိုက်ပြီးမှသာ ပရီးယပ်ဘက်သို့ ပြန်ကြည့်လိုက်သည်။ "ကဲ… ငါ့အနောက်ကနေပြီးမှ နေရာတစ်ခုကို လိုက်ခဲ့ပါ"

"ဘယ်ကိုလဲ" ပရီးယပ်က စိတ်လှုပ်ရှားနေကာ အနည်းငယ် တုန်လှုပ် ချောက်ချားစွာဖြင့် မေးလိုက်လေသည်။

"တတိယ နယ်စပ်မြို့တော်ပဲ" ဘုရင်က သူ၏ မျက်ခုံးများကို ပင့်နေရင်း ပြောလိုက်သည်။ "မင်းက ဒီနာမည်ကို ကြားဖူးသလား"

+

# စာစဉ် ၅၇ : အပိုင်း ၃

## အပိုင်း ၈၄၃ : သစ္စာရှိ အရာရှိ တစ်ယောက်၏ အပြုအမူ

ပရိုးယပ်သည် ဤမြို့နာမည်ကို တစ်ခါမှ မကြားဖူးချေ။ နယ်စပ်မြို့သည် သတ္တုတွင်း တူးဖော်သည့် လုပ်သားများ နေထိုင်သည့် နေရာတစ်ခု ဖြစ်ပြီး မြို့တော်တစ်ခု မဟုတ်ချေ။ ထို့အပြင် တတိယ ဟူသော စကားလုံးကလည်း ပါနေသေးသည်။

+

အရှင်မင်းမြတ်သည် အနောက်ပိုင်း ဒေသသို့ မရောက်မီ အချိန်က လောင်းဆောင်းခံတပ်ကသာ မြို့တော်တစ်ခု ဟူ၍ ခေါ်ဆိုရန် ထိုက်တန်ပေသည်။

သူတို့သည် မြောက်ပိုင်း ဆင်ခြေလျှော တောင်ခြေမှ ဂူထံသို့ ရောက်လာသော အခါ ပရီးယပ်သည် အရှင်မင်းမြတ် ဆိုလိုနေသည့် အရာကို သဘောပေါက်သွားခဲ့သည်။

ဆောက်လုပ်ရေး ဌာနသည် ဆောင်းမဲ့မြို့တော်၌ ခံတပ်ကဲ့သို့သော အဆောက်အအုံ တစ်ခုကို အဘယ်ကြောင့် တည်ဆောက်နေသနည်းဟု သူက အမြဲတမ်း သိချင်နေမိခဲ့သည်။ ထို့အပြင် ပထမ

+

စစ်တပ် စောင့်ကြပ်နေသော နည်းဗျူဟာ
တည်နေရာက အတော်လေး ထူးခြားနေသည်။

သူ၏ နောက်ကျောတွင် မြောက်ပိုင်း ဆင်ခြေလျှော
တောင်တန်းရှိနေပြီး ဘယ်ဘက်နှင့်
ညာဘက်တို့တွင် အရှင်မင်းမြတ်၏ ရဲတိုက်ကို
အသေအချာ ကာကွယ်ရန် မပြောနှင့် ရန်သူစစ်တပ်
ကျူးကျော်ဝင်ရောက်လာခြင်းကို နယ်စပ်မှ တဆင့်
ကာကွယ်ရန် အကွာအဝေးက အတော်ကြီး
လှမ်းနေခဲ့သည်။

သူသည် မြို့တော်ခန်းမမှ သူ၏ အသိများကို
မေးခဲ့သော်လည်း တစ်ယောက်မှ သူ့အား
ကျေနပ်ဖွယ်ရာ အဖြေကို မပေးနိုင်ခဲ့ပေ။ အချို့က

+

ထိုနေရာမှ ဆောက်လုပ်ရေး အဖွဲ့သည်
ဝန်ကြီးကား၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင်
ရှိနေပြီး ကျန်သောသူများက မေးမြန်းရန်
အခွင့်အာဏာ မရှိနေပေ။ ထို့ကြောင့်
ပရီးယပ်ကလည်း ဆက်လက် စုံစမ်းနေခြင်း
မပြုတော့ပေ။

ဘာပဲပြောပြော သူက သိချင်ရုံ သက်သက်သာ
ဖြစ်ပြီး သူ့ကိုယ်သူ ပြဿနာများ ဖိတ်ခေါ်လိုနေခြင်း
မရှိနေပေ။

သို့သော်လည်း ဤစစ်တပ် စောင့်ကြပ်ရာ
နေရာအတွင်းသို့ သူကိုယ်တိုင် ခြေချခဲ့ရလိမ့်မည်ဟု
တစ်ခါမှ မတွေးခဲ့ဖူးပေ။

+

လူသားများ ပြုလုပ်ထားသော မြေအောက်
လမ်းကြောင်းများနှင့် ဂူပေါင်းများစွာတို့အား
တွေ့ခဲ့ရသော အခါ ပရီးယပ်၏ မေးများသည်
အောက်သို့ ပြုတ်ကျလုနီးပါး ဖြစ်သွားခဲ့သည်။

သူတို့က ဒီအရာကို ဘယ်လို
တည်ဆောက်ခဲ့တာလဲ။

လွန်ခဲ့တဲ့ တစ်နှစ်က ဒီနေရာမှာ ဘာမှ မရှိခဲ့ပဲ
အခုအချိန်မှာ တောင်တစ်ခုလုံးရဲ့ အတွင်းပိုင်းကို
ဆက်သွယ်ထားနိုင်ခဲ့ပြီ။ ဤလောက်
ကျယ်ဝန်းလှတဲ့ မြေအောက်နေရာကို
မြို့တော်တစ်ခုလို့ ခေါ်ဆိုတာ လွန်ကဲရာ

+

မကျေနေပေမဲ့… ဒါကို တကယ်ပဲ လူသားတွေ
တည်ဆောက်နိုင်ပါ့မလား။

ပရိုးယပ်သည် အရှင်မင်းမြတ်အား တိတ်တခိုး
လှမ်းကြည့်လိုက်ပြီး သူ့အပေါ်မှ အံ့သြ
ချီးကျူးမှုများက ပိုမို နက်ရှိုင်းလာလေသည်။

မြို့စားရိုင်ယန်သည် အမှန်ပင် ပြိုင်ဘက်
အရွေးမှားခဲ့လေသည်။

ခြင်္သေ့များသည် အခြား မိသားစုကြီးများကို
လွှမ်းမိုးထားနိုင်ကာ အနောက်ပိုင်း ဒေသအား
ဆယ်စုနှစ် တစ်ခုကျော် အုပ်ချုပ်ခဲ့ပြီး ယခင်က
လွင်တီးခေါင် ဖြစ်ခဲ့သော ဒေသအား

+

သံတစ်ပိုင်းကဲ့သို့ မာကျောအောင်
ပြုလုပ်နိုင်ခဲ့သည်။ ဤအရာသည် သူ၏ ပြည့်စုံသော
နည်းလမ်းနှင့် စွမ်းရည်တို့ကို
ဖော်ပြနိုင်ခဲ့သော်လည်း ဘာပဲပြောပြော သူက
လူသားတစ်ယောက်သာ ဖြစ်နေခဲ့သေးသည်။

နောက်ထပ် ဖြစ်လာခဲ့သော အရာများသည်
အဲခ်မိသားစုမှ နိုက်သူရဲကောင်းအား ပို၍ပင်
ထိတ်လန့် တုန်လှုပ်စေခဲ့သေးသည်။

ပြန့်ပြူး ကျယ်ဝန်းသော ခန်းမအတွင်းသို့
ရောက်လာပြီးသော အခါ ပရီးယပ်သည်
စစ်သည်တော်များ ပုံစံ ဝတ်ဆင်ထားသော
လူနှစ်ယောက်က သူတို့ထံ လျှောက်လာသည်ကို

+

တွေ့လိုက်ရသည်။ ပထမ စစ်တပ်တွင် သေနတ်များကို အသုံးပြုခဲ့ချိန်မှ စ၍ ဤကဲ့သို့ ဝတ်ဆင်ထားသော အစောင့်များကို သိပ်မတွေ့ရတော့ချေ။

သူတို့အနက်မှ တစ်ယောက်သည် ပရိုးယပ်အား ခေါင်းစခြေဆုံး အကဲခတ်လိုက်ပြီးမှ အရှင်မင်းမြတ်ထံသို့ လှည့်မေးလိုက်သည်။ "ဒါက အဆင်ပြေပါ့မလား ဆိုတာ အရှင်က သေချာနေရဲ့လား"

"ငါ့ရဲ့ လက်အောက်ငယ်သားတွေဟာ ဒီအကြောင်းကို အနေးနဲ့ အမြန် သိလာကြတော့မှာပဲ... ဒါကို

+

ဖုံးကွယ်ထားမယ့်အစား သူတို့ကို လက်ခံဖို့ အချိန်အချို့ ပေးလိုက်ရင် ပိုကောင်းလိမ့်မယ်" ရိုလန်က ပြန်ဖြေလိုက်သည်။ "မြို့တော်ခန်းမက အရာရှိတွေနဲ့ စကြတာပေါ့"

"ကောင်းပြီလေ..." အစောင့်က ကူရာမဲ့စွာဖြင့် သက်ပြင်းချလိုက်သည်။ ပြီးတာနှင့် သူသည် ခန်းမအပေါ်မှ အမိုးခုံထံသို့ လက်ဝှေ့ယမ်းပြလိုက်ရာ အနက်ရောင် အရိပ်တစ်ခုက ဖျတ်ကနဲ ဆင်းသက်လာပြီး လူအုပ်ကြီး၏ အရှေ့တွင် ငြိမ်သက်စွာ ကျရောက်လာလေသည်။

+

ပရီးယပ်၏ နှလုံးသားသည် ရင်ဘတ်အတွင်းမှ ထွက်လာတော့မည်ကဲ့သို့ လျှင်မြန်စွာ ခုန်နေပြီး အော်ဟာစ်လုနီးပါး ဖြစ်သွားခဲ့သည်။

"ဘုရားသခင်… ဒါက ဘာကြီးလဲ"

သူ့အရှေ့မှ လက်တံရှည် များစွာဖြင့် အသားတုံး မကောင်းဆိုးဝါးအား ကြည့်နေရင်း သူ၏ ကျောရိုးအတွင်းမှ စိမ့်တက်လာခဲ့သည်။ "ငရဲက မိစ္ဆာကတောင် ဒီလောက်အထိ ကြောက်စရာ ကောင်းမှာ မဟုတ်ဘူး"

နိုက်သူရဲကောင်းသည် အနောက်သို့ ပြန်ဆုတ်လိုနေခဲ့သော်လည်း သူ၏

+

ခြေထောက်များက လှုပ်မရတော့သည်ကို
တွေ့လိုက်ရသည်။ သူက မြေပေါ်သို့
လဲမကျသွားခြင်း၏ အကြောင်းရင်းမှာ
အရှင်မင်းမြတ်က တည်ငြိမ်စွာ
ရှိနေသောကြောင့်ပင် ဖြစ်သည်။

ပြီးတာနှင့် သူက အသံတစ်ခုအား
ကြားလိုက်ရလေသည်။

သို့သော်လည်း နူးညံ့သော အမျိုးသမီး အသံသည်
သူ၏ နားအတွင်းမှ ပေါ်လာခြင်း မဟုတ်ပဲ
ခေါင်းအတွင်းတွင် တိုက်ရိုက် ပေါ်လာခြင်း
ဖြစ်သည်။ "တွေ့ရတာ ဝမ်းသာပါတယ်...
အရှင်မင်းမြတ်"

+

"မင်းကိုလည်း တွေ့ရတာ ဝမ်းသာပါတယ်... ပါရှာ"
ရိုလန်က အပြုံးတစ်ခုဖြင့် ပြန်ပြောလိုက်သည်။
"ပိုးကောင်တွေက ဘယ်လိုလဲ"

"သူတို့ရဲ့ အရေအတွက်တွေက တိုးတက်လာပြီး မှိုတွေ ရှိနေတာနဲ့ သူတို့က ဆက်စားနေကြတာပဲ"

"သူတို့ကို ကြည့်ရတာ အစာကျွေးဖို့ လွယ်နေသလိုပဲ"

"ဟုတ်ပါတယ်... အရှင်က ကျွန်မတို့ကို အားကိုးနိုင်ပါတယ်"

+

"စစ်ပွဲ စတင်လာရင် မင်းတို့က အချိန်ရတော့မှာ မဟုတ်တဲ့ အပြင် ငါက ပိုးကောင် တစ်ထောင်ကျော်ကို မွေးမြူလိုနေတဲ့ အတွက် သူတို့ကို စောစောစီးစီး မိတ်ဆက်ထားပေးတာ ပိုကောင်းမယ် ထင်တယ်"

ပရီးယပ်က မှင်သက်သွားသည်။ အရှင်မင်းမြတ်သည် သာမန် အရာရှိ တစ်ယောက်နှင့် စကားပြောနေသကဲ့သို့ ထိုမကောင်းဆိုးဝါးနှင့် လွတ်လပ်စွာ စကားပြောနေခဲ့သည်။ ထို့အပြင် ထိုမကောင်းဆိုးဝါးက ကြောက်မက်ဖွယ်ရာ မိစ္ဆာများနှင့် လုံးဝ မတူပဲ အရှင်မင်းမြတ်အား ရိုသေ

+

လေးစားစွာ ဆက်ဆံနေခဲ့သဖြင့် သူက
တွေးခဲ့လိုက်သည်။

တကယ်လို့ စာအုပ်တွေ အတွင်းက တစ္ဆေနဲ့
မကောင်းဆိုးဝါးတွေက ဒီလိုမျိုး စကားပြောနေလို့
ရှိရင် ထင်သလောက် ကြောက်စရာ ကောင်းနေမှာ
မဟုတ်ဘူး။

သူသည် အသက်ပြင်းပြင်း နှစ်ချက် ရှူလိုက်ပြီးမှ
တဒိုင်းဒိုင်း ခုန်နေသော ရင်က
ငြိမ်သက်လာသည်ဟု ခံစားလိုက်ရသည်။

အရှင်မင်းမြတ်က ဘာတွေကို မွေးမြူချင်နေတာလဲ၊
ပိုးကောင်တွေလား။

+

ဒါ့အပြင် သူကငါ့ကို သတိပေးထားတဲ့ ထိပ်တန်း လျှို့ဝှက်ချက် ဆိုတာက ဒါပဲလား။ မြောက်ပိုင်း သတ္တုတွင်းရဲ့ တောင်ခြေမှာ လူသားမဟုတ်တဲ့ ကြောက်မက်ဖွယ်ရာ ဖြစ်တည်မှု တစ်ရပ်ကို ဖုံးကွယ်ထားတာလား။

အရှင်မင်းမြတ်က သူ၏စိတ်ကို ဖတ်နေနိုင်ဟန် တူနေ၍ သူ့ပခုံးအား ပုတ်၍ ပြောလိုက်သည်။ "ဒါက ပါရှာ မိန်းကလေး ဖြစ်ပြီး သူဟာ အရင်က ထင်ရှားကျော်ကြားတဲ့ အမျိုးသမီး တစ်ယောက် ဖြစ်ခဲ့ဖူးတယ်... မိစ္ဆာတွေရဲ့ ကျိန်စာကြောင့် သူမက ဒီလိုပုံစံ ပေါက်နေခဲ့ပေမဲ့ သူမရဲ့ နှလုံးသား အတွင်းမှာတော့ သူမက လူသားတစ်ယောက်

+

ဖြစ်နေဆဲပဲ… ဒီလိုဆိုတော့ မင်းက
သိပ်ကြောက်နေစရာ မလိုပါဘူး"

"အမျိုး.. အမျိုးသမီး တစ်ယောက်… ဟုတ်လား"
ပရီးယပ်က ခေတ္တမျှ မှင်သက်သွားပြီးမှ
သတိပြန်ဝင်လာခဲ့သည်။

"အမှန်ပဲ" ဘုရင်က သက်ပြင်းချလိုက်သည်။
"လာ… ငါနဲ့အတူ လမ်းလျှောက်လိုက်ခဲ့ပါ…
ငါကမင်းကို အသေးစိတ် ပြောပြပါမယ်"

ထိုအချိန်မှပင် ပရီးယပ်သည် မယုံနိုင်စရာ
ဇာတ်လမ်းတစ်ပုဒ်ကို ကြားလိုက်ရသည်။
ပါရှာကဲ့သို့ မကောင်းဆိုးဝါးများက တစ်ကောင်မက

+

ရှိနေသည်။ လွန်ခဲ့သော နှစ်ပေါင်း လေးရာကျော်က သူတို့သည် မြေရိုင်းဒေသတွင် နေထိုင်ခဲ့ကြပြီး ကိုယ်ပိုင် မြို့တော်များကို တည်ဆောက်ခဲ့ကြသော်လည်း မိစ္ဆာသားရဲများနှင့် မိစ္ဆာတို့၏ ကျူးကျော် ဝင်ရောက်လာမှုများကို မတားဆီးနိုင်ခဲ့ပေ။

သူတို့ အများစုသည် တောရိုင်းအတွင်းတွင် သေဆုံးခဲ့ကြပြီး အချို့ကသာ အနောက်ပိုင်း ဒေသသို့ လွတ်မြောက်လာခဲ့ကြသည်။ မိစ္ဆာ၏ ကျိန်စာသည် သူတို့အား မကောင်းဆိုးဝါးများ အဖြစ် ပြောင်းပေးခဲ့ပြီး မသေမျိုး ဖြစ်သွားစေခဲ့သော်လည်း သူတို့သည် ထိုနာကျင်မှုများဖြင့် ထာဝရ နေထိုင်သွားရတော့မည် ဖြစ်သည်။

+

ယခုအချိန်တွင် ရှိလန်သည့် ထိုအသက်ရှင်ကျန်ရစ်သူများကို ခေါ်ထားခဲ့ပြီး သူတို့သည်မိတ္တွာများကို တိုက်ခိုက်ရာတွင် မီးခိုးရောင် ရဲတိုက်မှ တိုင်းသူပြည်သားများနှင့် အတူ မဟာမိတ်ဖြစ်လာတော့မည် ဖြစ်သည်။

"ကျွန်.. ကျွန်တော်မျိုး နားလည်ပါပြီ" ပရီးယပ်က တီးတိုး ရေရွတ်လိုက်သည်။

"ဒါပေမဲ့ မင်းတွေ့တဲ့ အတိုင်းပဲ သူတို့ရဲ့ ပုံစံတွေက လူတွေကို ကြောက်ရွံ့စေနိုင်တဲ့ အတွက် ငါက မင်းကို ထိပ်တန်း လျှို့ဝှက်ချက် တစ်ခု အနေနဲ့ ထားပြီးမှ အချို့သူတွေကိုပဲ ပြောပြစေခဲ့တာပဲ"

+

ရှိလန်သည့် ခေတ္တမျှ ရပ်နားလိုက်သော်လည်း သူ၏ မျက်လုံးအစုံက အေးစက်သွားခဲ့သည်။ "တကယ်လို့ မင်းက ဒီအကြောင်းကို ပေါက်ကြားစေခဲ့ရင် နောက်ဆက်တွဲ အကျိုးဆက်တွေကို နားလည်တယ် မလား"

"ကျွန်တော်က ပါးစပ်ပိတ်ထားပါမယ်... အရှင်မင်းမြတ်" ပရီးယပ်က အလောတကြီးဖြင့် ကျိန်ဆိုလိုက်သည်။ ဤထူးဆန်းသော သတင်းသည် အဘွားအိုများ၏ ပါးစပ်များ အတွင်းမှ ကြောက်မက်ဖွယ်ရာ ပုံပြင်များထက် ပို၍ ယုံကြည်ရန် ခက်ခဲနေသော်လည်း သူတို့က မည်မျှအထိ မှန်ကန်သည်ကို သူ့အနေဖြင့် အငြင်းမပွားလိုနေခဲ့ပေ။

+

သူသည် အရှင်မင်းမြတ် သူ့အား ပြောခဲ့သမျှကို ယုံကြည်နေမည် ဖြစ်ပြီး ဤအရာက သစ္စာရှိသော အရာရှိ တစ်ယောက်၏ အခြေခံ အပြုအမူပင် ဖြစ်ပေတော့သည်။

"ဒါကို ကြားရတာ ဝမ်းသာပါတယ်" အရှင်မင်းမြတ်က ခေါင်းညိတ်လိုက်သည်။

အသားတုံး မကောင်းဆိုးဝါး... မဟုတ်ဘူး၊ ရှေးခေတ်မှ လေဒီပါရှာသည် သူတို့၏ လမ်းပြအဖြစ် ဆောင်ရွက်ခဲ့ပြီး သူတို့က ရှည်လျားသော လမ်းကြောင်းတစ်ခုကို ဖြတ်သန်းခဲ့ရသည်။

+

ပြီးတာနှင့် သူမက နောက်သို့လှည့်၍
ပြောလိုက်သည်။ "ကျွန်မတို့ ရောက်ပြီ"

ပရီးယပ်၏ အရှေ့တွင် နောက်ထပ် ဂူတစ်လုံး
ရှိနေပြီး မြေအောက်နေရာ၏ ခြောက်ကပ်ကပ်
ပတ်ဝန်းကျင်က ရုတ်တရက်ပင် လှုပ်ရှားမှုများဖြင့်
ပြည့်လာခဲ့သည်။ တစ်ခါမှ မမြင်ဖူးသော
အပင်များနှင့် လှိုဏ်ဂူ မြင်ကွင်းများကို
တွေ့ခဲ့ရသော်လည်း မှိုများအကြားတွင်
လှုပ်ရှားနေသော ရောမ ပိုးကောင်များက သူ၏
အာရုံကို အဖမ်းစားနိုင်ဆုံး ဖြစ်ခဲ့သည်။

+

အချိန်တိုလေး အတွင်းတွင် ဤမျှအထိ ကြုံတွေ့ခဲ့ရခြင်းသည် သူ့အား ထုံသွားစေခဲ့သည်ဟု ပရီးယပ်က ခံစားနေရသည်။

"ကျွန်တော် မွေးမြူဖို့ လိုနေတာက... ဒီကောင်တွေလား"

အရှင်မင်းမြတ်က ပရီးယပ်အား တစ်ချိန်လုံး စောင့်ကြည့်နေဟန် ပေါက်နေပြီး နောက်ဆုံးတွင် ကျေနပ် အားရစွာဖြင့် ခေါင်းညိတ်ကာ ပြောလိုက်သည်။ "ဟုတ်တယ်... သူ့ကို ရာဘာ ပိုးကောင်တွေလို့ ခေါ်ပြီး သူ့ရဲ့ ကိုယ်တွင်းက အရည်တွေကို စက်မှုကုန်ကြမ်းတွေ အဖြစ်

+

အသုံးပြုနိုင်ကာ အသားတွေ၊ ဥတွေလိုမျိုး အရေးပါတယ်"

"စူးစမ်းရှာဖွေရေး အဖွဲ့က သူတို့ကို မဟာ နှင်းတောင်တန်းတွေကနေ တွေ့ခဲ့ပြီး ယူလာခဲ့တာ... ကံမကောင်းစွာနဲ့ သူတို့က မြေအောက်မှာသာ အသက်ရှင်နိုင်စွမ်း ရှိလို့ တတိယ နယ်စပ်မြို့က အသက်ရှင် ကျန်ရစ်သူတွေရဲ့ စောင့်ရှောက်မှုခံရဖို့ ဖြစ်လာခဲ့တယ်"

ဤအချိန်တွင် ရိုလန်က ရုတ်တရက် စကားလမ်းကြောင်း ပြောင်းလိုက်သည်။

+

"ကြက်တွေ ဘဲတွေကို အစာကျွေးဖို့ မင်းက တီကောင်တွေ မွေးခဲ့တယ်လို့ ငါကြားထားတယ်"

"အင်း... ဟုတ်ပါတယ်" ထိုအချိန်မှ ပရီးယပ်သည် အရှင်မင်းမြတ်၏ အတွေးများကို နားလည်နိုင်ခဲ့သည်။ "ကျွန်တော်က ကြက်ဘဲတွေရဲ့ အစာကျွေးတဲ့ နေရာကို လျှော့ချလိုက်တော့ သူတို့ဟာ ပိုပြီးမှ မြန်မြန် ကြီးထွားလာနိုင်ခဲ့တယ်"

"ဒီပိုးကောင်တွေက တီကောင်တွေနဲ့ သိပ်မကွာခြားဘူး... ငါက မွေးမြူတဲ့ နည်းစနစ်တွေကို ဆိုလိုနေတာ မဟုတ်ပဲ သူတို့ရဲ့ သဘာဝကို ပြောလိုနေတာ" ရိုလန်က မှိုတစ်ပွင့်ပေါ်တွင် နားနေသော ရာဘာပိုးကောင်

+

တစ်ကောင်အား ကန်လိုက်ရာ သူသည် မြေပေါ်သို့ ကျသည်အထိ မလှုပ်ရှားခဲ့ပဲ ပြီးမှ သူ၏ ရောမ ဝမ်းဗိုက်အား ဆွဲကာ မြက်ခင်းထူများ ထံသို့ တွားသွားတက်လာခဲ့လေသည်။

"သူတို့က ခက်ထန် ရန်လိုနေခြင်း မရှိပဲ သူတို့ရဲ့ အနှစ်သက်ဆုံး အစာက မှိုတွေဖြစ်တယ်... သူတို့က အရွယ်အစား ကြီးမားပေမဲ့ လေးလံကြလို့ မင်းက အကိုက်ခံရမှာ မဟုတ်ဘူး... မင်းလုပ်ရမယ့် တစ်ခုတည်းသော အလုပ်က သူတို့ရဲ့ ဝမ်းဗိုက်အတွင်းက အကျိအချွဲတွေကို ပုံမှန် စုဆောင်းဖို့ပဲ ဖြစ်တယ်"

"အကျိ.. အချွဲတွေ... ဟုတ်လား"

+

"မင်းက နွားတစ်ကောင်ကို နို့ညှစ်တာ တွေ့ဖူးတယ်မလား… အဓိက အချက်က နွားမဟုတ်ပဲ နွားထုတ်လုပ်တဲ့ အရာသာ ဖြစ်တယ်"

"အရှင်က စုဆောင်းတယ် ဆိုတာ ညှစ်ထုတ်ဖို့ ဆိုလိုနေတာလား"

""မင်းက သူတို့ကို စုဆောင်းဖို့ နည်းလမ်းတစ်ခု ရနိုင်ရင် အကောင်းဆုံးပဲ" ရိုလန်က ညင်သာစွာ ပြုံးလိုက်သည်။ "ဒါပေမဲ့ ငါပြောခဲ့သလိုမျိုး ဒီပိုးကောင် ကိုယ်တိုင်က အရေးမကြီးဘူး… တစ်ခါတစ်ရံမှာ အကျိုးအချွဲတွေကို စုဆောင်းဖို့ သူတို့ကို သတ်လိုက်တာက အမြန်ဆုံး ဖြစ်တယ်…

+

ဘာပဲပြောပြော သူတို့ရဲ့ မျိုးပွားနှုန်းဟာ
ကြက်တစ်ကောင် ဒါမှမဟုတ် နွားတစ်ကောင်ထက်
အများကြီး ပိုမြန်နေတယ်"

ပရီးယပ်သည် ဘာအကြောင်းရင်းကြောင့်မှန်း မသိ၊
အရှင်မင်းမြတ်က ဤပိုးကောင်များအား
မနှစ်သက်ဟူသော အထင်အမြင်ကို ရရှိခဲ့ပြီး
ရုတ်တရက် တုန်ခါသွားလေသည်။

သူ့စိတ်အတွင်း၌ ဤကဲ့သို့ တွေးနေဆဲတွင် ရိုလန်၏
လေသံက ပုံမှန်ကဲ့သို့ ပြန်ဖြစ်သွားသည်။
"ဒီမှတ်စုစာအုပ် အတွင်းမှာ ဒီပိုးကောင်တွေရဲ့
အလေ့အကျင့် အချို့ကို မှတ်သားထားတယ်" သူက

+

ပရီးယပ်အား နွားသားရေဖြင့် အဖုံးဖုံးထားသော စာအုပ်ငယ်လေး တစ်အုပ်အား ပေးလိုက်သည်။

"မင်းက သူတို့ကို မှိုင်ငြိမ်းဖတ်ရှုနိုင်ပြီး မင်းရဲ့ ဗဟုသုတတွေနဲ့ နှိုင်းယှဥ်နိုင်တယ်... ပြီးမှ သူတို့ကို ပိုမြန်မြန် ကြီးထွားစေပြီး အကျိုးအပြွဲတွေကို လွယ်လွယ်ကူကူ စုဆောင်းနိုင်မယ့် နည်းလမ်းတွေကို ရှာဖွေရမယ်... နောက်တစ်လမှာ ရလဒ်တွေကို ငါလိုချင်နေတယ်"

"မှန်လှပါ... အရှင်မင်းမြတ်" ပရီးယပ်က တံတွေးများကို ခက်ခက်ခဲခဲ မျိုချလိုက်ပြီးမှ စာအုပ်ကို ယူလိုက်ကာ မေးမြန်းလိုက်သည်။

+

"ဒါပေမဲ့... ဒါတွေကို ဘယ်လိုလုပ်ပြီးမှ ကျွန်တော့်ဘာသာ လုပ်နိုင်..."

"ဒီနေရာမှာ တာဝန်ချထားတဲ့ ပထမ စစ်တပ်က မင်းကို ကူညီပါလိမ့်မယ်" ရိုလန်က အပြုံးတစ်ခုဖြင့် ပြောလိုက်သည်။ "အလုပ်ကို ကြိုးစားလုပ်ကိုင်ခဲ့ရင် ဒီတစ်နှစ် ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားမှာ မင်းအတွက် နေရာတစ်ခု ရနိုင်လိမ့်မယ်"

## စာစဥ် ၅၇ : အပိုင်း ၄

## အပိုင်း ၈၄၄ : တစ်ချိန်တည်းတွင် ရောက်ရှိလာသော သတင်းများ

+

စိုက်ပျိုးမွေးမြူရေး ဌာနအား ရာဘာ ပိုးကောင်များကို မွေးမြူစေခြင်းသည် ရိုလန်က အပျော်သဘောဖြင့် လုပ်နေခြင်း မဟုတ်ချေ။ သူ၏ အမြင်အရ ရာဘာ ပိုးကောင်များကို မွေးမြူခြင်းသည် ရေနံ တူးဖော်ခြင်းကဲ့သို့ အရေးကြီးနေသဖြင့် သူ၏ ထိန်းချုပ်မှုအောက်တွင် ထားလိုနေပေသည်။

အကယ်၍ ဤပိုးကောင်များက လူအများအား အန္တရာယ် ပေးနိုင်သည့် ဖြစ်နိုင်ခြေများ မရှိနေပါက သူသည် သူတို့၏ စားကျက်ကို တတိယ နယ်စပ်မြို့တွင် ထားလိုသော ရည်ရွယ်ချက်များ မရှိနေပေ။

+

ဘားရော့၊ အက်ဒစ်၊ ကျန်သောသူများနှင့်
တိုင်ပင်ခဲ့အပြီးတွင် သူသည် "စုန်းမ အင်ပါယာ"
ဟူသော အခေါ်အဝေါ်ထက် လူအများ
ပိုလက်ခံနိုင်ခြေရှိသည့် "ကျဆုံးသွားသော
မြို့တော်နှင့် အမျိုးကောင်းသမီးများ" ဟူသော
ရှင်းပြချက်ကို ရရှိနိုင်ခဲ့သည်။

ယခုအချိန်၌ မြို့တော်ခန်းမမှ အကြီးတန်း
အရာရှိများနှင့် ပထမ စစ်တပ်မှ အဓိက
အင်အားစုများကသာ နတ်ဘုရားဆန္ဒ စစ်ပွဲနှင့်
တက်ကီလာတို့၏ အမှန်တရားကို သိနေကြသဖြင့်
ကျရောက်လာတော့မည် စစ်ပွဲအား ကမ္ဘာကြီးကို
အသိပေးရန် အမတန်မှ ခက်ခဲနေပေသည်။

+

ထို့အပြင် တုံးတိတိ ကြေညာလိုက်လျှင် လူအများက တုန်လှုပ်ချောက်ချားသွားနိုင်သဖြင့် အများပြည်သူအား အမှန်တရားကို မဖော်ပြမီ သူတို့၏ ကြေညာချက်အား အသေအချာ ပြင်ဆင်ထားရန် လိုအပ်နေသည်။ အကောင်းဆုံးသော နည်းလမ်းမှာ လူများအကြားတွင် ထိတ်လန့် တုန်လှုပ်မှုများကို အတတ်နိုင်ဆုံး လျှော့ချစေရန် ပြင်ဆင်ထားသော သတင်း အချက်အလက်များကို ဖြည်းဖြည်းချင်း ဖြန့်ပေးရန်သာ ဖြစ်သည်။

ရိုလန်သည် မဟာမိတ် ရှေ့တန်း၏ တည်ငြိမ်မှုကို ရှေးရှု၍ စုန်းမ အင်ပါယာ၏ အမှောင်သမိုင်းကို ထာဝရ ဖုံးကွယ်ထားရန် ဆုံးဖြတ်ခဲ့သည်။ အကယ်၍ လူသားများက ကံကောင်း၍

+

နတ်ဘုရားဆန္ဒ စစ်ပွဲကို အနိုင်ရခဲ့ပါက ရှေးဟောင်း သုတေသန ပညာရှင်များက ပျောက်ဆုံးနေသော မှတ်တမ်းများကို ရှာဖွေ တွေ့ရှိခဲ့သည့် ပုံစံဖြင့် သူတို့အား လက်ခံနိုင်အောင် ပြုလုပ်နိုင်သည်။

အဲလ်မိသားစုမှ နိုက်သူရဲကောင်းအား သူ့ဘာသာသူ သုတေသန ပြုလုပ်နိုင်ရန် ပိုးကောင်တွင်း အထဲ၌ တစ်ယောက်တည်း ချန်ထားခဲ့ပြီးမှ ရိုလန်သည် ပါရှာနှင့် အတူ မြေအောက်ခန်းမ အတွင်းသို့ ဝင်သွားလေသည်။

"သူတို့က ပြန်ရောက်လာကြပါပြီ... အရှင်မင်းမြတ်"

+

"ဘယ်သူများလဲ" စကား အဆက်အစပ် မရှိသဖြင့် ရိုလန်သည် စိတ်ရှုပ်ထွေးသွားပြီး သူ၏ မျက်ခုံးများကို ပင့်လိုက်လေသည်။

ပါရှာက ပြန်မဖြေခဲ့ပဲ သူမ၏ လက်တံရှည်များကို မြှောက်လိုက်ကာ ခန်းမ၏ တစ်ဘက်ခြမ်းမှ လျှို့ဝှက်လမ်းကြောင်းထံသို့ ပဟေဠိဆန်စွာ ညွှန်ပြလိုက်လေသည်။

အဖြူရောင် အရိပ်များ ယိမ်းထိုးနေသည့် မှောင်မည်းနေသော လမ်းကြောင်းအတွင်းသို့ သူက အာရုံစိုက်၍ ကြည့်လိုက်ရာ ခဏအကြာတွင် သူ့ထံသို့ တွားသွားကာ လာရောက်နေသည့် ရောမ ဝါးမျိုပိုးကောင် နှစ်ကောင်တို့ကို

+

တွေ့လိုက်ရလေသည်။ သူတို့သည် တွန့်လိမ်ကာ လာနေကြရင်း ပါးစပ်များကို အကျယ်ကြီး ဖွင့်ထားကြရာ အစွယ်များနှင့် နှာမောင်းများကို တွေ့နိုင်နေသည်။

"အရှင်မင်းမြတ်... ကျွန်မတို့ကို မှတ်မိရဲ့လား"

သူတို့အနက်မှ တစ်ယောက်က ရိုလန်အား ရွှင်ပြစွာဖြင့် နှုတ်ဆက်လိုက်သည်။

ရိုလန်က အနည်းငယ် အံ့အားသင့်သွားပြီးမှ မေးလိုက်သည်။ "မင်းတို့က ဂျက်စ်မင်နဲ့ လိုင်ရာတို့ မဟုတ်လား"

+

ရိုလန်က သူတို့အား အဘယ်မှာ မေ့နိုင်ပါအံ့နည်း။ သူတို့သည် မဟာ နှင်းတောင်တန်းထံသို့ သွားရောက်မည့် ကွန်ကရစ် သင်္ဘောများပေါ်သို့ မတက်မီ သူ့အား နှုတ်ဆက်ခဲ့ပြီး သူတို့၏ ဆုံးဖြတ်ချက် အတွက် နောင်တမရကြောင်း ပြောခဲ့သည့် အချိန်တွင် သူတို့၏ မျက်နှာများပေါ်မှ တည်ငြိမ်နေသော အကြည့်များကို သူက မှတ်မိနေသေးကာ သူတို့၏ လေသံများမှ မယိမ်းယိုင်သော စိတ်ပိုင်းဖြတ်မှုများကို ခံစားမိနေသေးသည်။

"ဟုတ်တယ်… အရှင်က ကျွန်မတို့ကို မှတ်မိနေသားပဲ"

+

"နင့်ရဲ့ အပြုအမူတွေကို ဂရုစိုက်ပါ" နောက်ထပ် ပိုးကောင်တစ်ကောင်က သူမ၏ အဖော်အား အမြီးဖြင့် ပုတ်လိုက်သည်။ "ငါတို့က ဘယ်လိုပုံစံ ပေါက်နေပါစေ တက်ကီလာ..."

"ပိုးကောင်တွေ ဖြစ်နေသေးတယ်" ဂျက်စ်မင်က လိုင်ရာ၏ စကားကို တမင်သက်သက် အဆုံးသတ်ပေးလိုက်သည်။

"စုန်းမတွေ" လိုင်ရာက အော်ဟစ်လိုက်သည်။

"သူတို့က အခုလေးတင် ဆောင်းမဲ့မြို့တော်ကို ပြန်ရောက်ခဲ့ပြီး ဆောင်းမခိုခင် အရှင့်ကို တွေ့လိုနေတယ်လို့ အတင်းအကျပ်

+

တောင်းဆိုနေကြတာကြောင့် ကျွန်မကလည်း သူတို့ကို ခန်းမဘေးမှာ စောင့်ခိုင်းထားရတယ်... အရှင့်ကို ထိတ်လန့်သွားအောင် မလုပ်မိဘူးလို့ ကျွန်မက မျှော်လင့်နေပါတယ်"

ပါရှာက သူမ၏ အဓိက လက်တံရှည်အား အောက်ချ၍ ပြောလိုက်သည်။ "အရှင့်ရဲ့ အကူအညီတွေ အတွက် ထပ်ဖန်တစ်ခါ ကျေးဇူးတင်ပါတယ်"

"မဟုတ်ဘူး... မင်းတို့က ငါ့ကို မထိတ်လန့်စေခဲ့ပါဘူး... အမှန်အတိုင်း ပြောရရင် ငါကလည်း အောင်မြင်စွာ ကူးပြောင်းနိုင်မှုရဲ့ သတင်းကောင်းကို စောင့်မျှော်နေတာပါ" ရိုလန်က

+

အမှုမထားနေဟန်ဖြင့် လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။ "သူတို့က ဘာဖြစ်လို့ ဆောင်းခိုရမှာလဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ ပိုးကောင် သယ်ဆောင်သူတွေကို ကျွန်မတို့က မထိန်းသိမ်းထားနိုင်လို့ပါ... အရှင်မင်းမြတ်" လိုင်ရာက လေးနက်စွာဖြင့် ပြောလိုက်သည်။ "နေ့စဉ် လှိုဏ်ခေါင်း တူးဖော်မှုနဲ့ သယ်ယူပို့ဆောင်မှုတို့ကို လုပ်ဆောင်ဖို့ ဖရန် တစ်ယောက်တည်းနဲ့ လုံလောက်နေလို့ သယ်ဆောင်သူ သုံးယောက်စလုံးက တစ်ပြိုင်နက်တည်း နိုးထနေဖို့ မလိုပါဘူး"

+

"ဖရန်ကတောင် ဒီနေရာကို မလာခင်
အချိန်အများစုမှာ ဆောင်းခိုနေရတယ်"

လိုင်ရာသည် ဝိညာဉ် မကူးပြောင်းမီ ဂျက်စ်မင်ကဲ့သို့
တောက်ပ သွက်လက်သော စရိုက်ရှိမှန်းကို
ရိုလန်က မှတ်မိနေသည်။ သို့သော်လည်း ဝိညာဉ်
ကူးပြောင်းပြီးသော အခါ သူမသည် ချက်ချင်းပင်
ရင့်ကျက်လာခဲ့သကဲ့သို့ သူက ခံစားနေရပေသည်။

ဖိုင်းလစ်၊ အခြား စုန်းမများနှင့် အတူတကွ
အချိန်အတန်ကြာ နေပြီးနောက်တွင် ရိုလန်သည်
တက်ကီလာ စုန်းမများ အားလုံးတို့က ကြာရှည်စွာ
နေထိုင်ခဲ့ရခြင်း မရှိမှန်းကို သိလာခဲ့သည်။

+

အစ ပထမတွင် သယ်ဆောင်သူများ၊ နတ်ဘုရား
စီရင်ခြင်း စစ်သည်တော် အခွံများ
မလုံလောက်မှုကြောင့် သူတို့သည်
ခေါင်းဆောင်သုံးယောက် အတွင်းမှ
တစ်ယောက်ဖြစ်သည့် လေဒီ အဲလီနောနှင့်
ပေါင်းစည်းခြင်း သို့မဟုတ် ဝိညာဉ် ကိရိယာများ
အတွင်းသို့ ဝင်ရောက်ကာ ဆောင်းခိုနေခဲ့ရသည်။

အခြား စကားလုံးများဖြင့် ပြောရလျှင် စုန်းမ
အချို့ကသာ ရာစုနှစ်နှင့် ချီ၍ နေထိုင်ခဲ့ရခြင်း
ဖြစ်ပြီး စုန်းမ အများစုမှ ကြယ်ကြွေမြို့တော်မှ
စုန်းမများက ဘုရားကျောင်းကို တည်ထောင်ပြီး
သူတို့အတွက် အခွံများ ပေးအပ်နိုင်သည့်
အချိန်အထိ အချိန်အတော်ကြာ စောင့်နေခဲ့ရသည်။

+

ဖိုင်းလစ်သည် ယခုအချိန်အထိ အခွံနှစ်ခုကို လဲပြီးဖြစ်ကာ နှစ်ပေါင်း ၁၅၀နီးပါး နိုးထနေခဲ့သည်။ အစ ပထမတွင် သူမသည် စိတ်ရှုပ်ထွေးနေ၍ ပတ်ဝန်းကျင် အသစ်နှင့် အသားမကျနိုင်ခဲ့သည့် အတွက် သူမ သတိရှိနေသည့် အချိန်က အမှန်ပင် တိုတောင်းပေသည်။ သို့တိုင်အောင် သူမသည် တက်ကီလာမှ အသက်ရှင် ကျန်ရစ်သူများ အတွင်းတွင် အကြီးအကဲ တစ်ယောက်ဟု သတ်မှတ်၍ ရနိုင်ခဲ့သည်။

ဂျက်စ်မင်နှင့် လိုင်ရာတို့သည် အသက်အငယ်ဆုံး ကူးပြောင်းသူများ အတွင်းတွင် ပါနေသည်။ သူတို့သည် သူတို့ အခွံများနှင့် ကျင့်သားရအောင်

+

လေ့ကျင့်ခဲ့သည့် အချိန်များမှ လွဲ၍ အများအားဖြင့် အိပ်ပျော်နေကြသည်။ သို့ဖြစ်၍ သူတို့၏ စိတ်ပိုင်းဆိုင်ရာ အသက်သည် တကယ့်အသက်နှင့် သိပ်မကွာလှပဲ သူတို့၏ စိတ်ရင့်ကျက်လာမှုကို ရိုလန်က အမှန်ပင် ချီးကျူးမိလေသည်။

ထို့အပြင် သူတို့သည် ဝါးမျိုပိုးကောင်များ၏ အခွံအတွင်းသို့ ရောက်သွားခဲ့သော်လည်း သူတို့၏ စိတ်ဓာတ်သည် လူများစွာတို့ထက် ပို၍ တက်ကြွနေသေးမှန်းကို ရိုလန်က သိနေခဲ့သည်။

ဖက်ဒရေးရှင်းက ကုန်းမြေ တစ်ခုလုံးကို တညီတညွတ်တည်း ဖြစ်အောင် ကြိုးစားခဲ့ခြင်းသည် ယခုအချိန်၌ ကောင်းမွန်သော

+

အရာတစ်ခု ဖြစ်နေသည့်ပုံ ပေါက်နေခဲ့သည်။ အကြွင်းမဲ့ စွမ်းအားများ အပြင် သတိပြုဖွယ် ကောင်းသော အခြား အကျိုးကျေးဇူးများစွာလည်း ရှိနေသေးသည်။

"တကယ်လို့ ငါက ဖြတ်သန်း၍ မရနိုင်သော တောင်တန်း တစ်ခုလုံးကို ခံစစ် အရံအတား အဖြစ် ပြောင်းလဲချင်နေတယ် ဆိုရင် ဝါးမျိုပိုးကောင် သုံးကောင်တို့က သိပ်မများလှပါဘူး" ရိုလန်က ပါရှာထံ ကြည့်နေရင်း ပြောလိုက်သည်။

"သူတို့ကို ဒီအတိုင်း ထားလိုက်ပါ... လာမယ့် စီမံကိန်း အတွက် သူတို့က အလွန်အမင်း အသုံးဝင်လာနိုင်တယ်... ဒါ့အပြင်

+

ဆောင်းမဲ့မြို့တော်မှာ ပြန်လည် တည်ဆောက်ဖို့
လိုအပ်နေတဲ့ နေရာများစွာ ရှိနေတယ်...
အစားအစာအတွက် မပူပါနဲ့... မြို့တော်ခန်းမက
တာဝန်ယူပေးပါလိမ့်မယ်"

"တကယ်လား" ဂျက်စ်မင်က စိတ်လှုပ်ရှားစွာဖြင့်
အော်လိုက်လေသည်။

သူတို့၏ အချိန်အများစုအား အိပ်စက်နေရမည်ကို
မည်သူကမှ နှစ်သက်လိမ့်မည် မဟုတ်ချေ။
အထူးသဖြင့် တက်ကြွလာ စုန်းမများ ဖြစ်ကြသည်။
သူတို့က အိပ်စက်ခဲ့ရသည်မှာ အချိန် အတော်
ကြာမြင့်နေခဲ့ပေပြီ။

+

"မင်းတို့က အနုပ်တိုင်းမှာ အသား မတောင်းခဲ့ရင် အဆင်ပြေတယ်" ရိုလန်က သူ၏ လက်များကို ဖြန့်၍ ပြောလိုက်သည်။ "သူတို့ရဲ့ အစာအိမ်က ဖရန်လောက်ပဲ ရှိမယ်ဆိုရင် သူတို့ဟာ လူတစ်ရာစာ အတွက် အစာပမာဏကိုသာ လိုအပ်လိမ့်မယ်လို့ ငါက ခန့်မှန်းနိုင်တယ်"

"အရှင့်မှာ အစီအစဥ် ရှိနေတယ် ဆိုတော့ ကျွန်မက သူတို့ကို အရှင့်လက်အတွင်းမှာပဲ အပ်ထားလိုက်မယ်" အဖြေကို ကြိုတင် ခန့်မှန်းထားပုံ ပေါက်နေသော ပါရှာက အပြုံးတစ်ခုဖြင့် ပြောလိုက်လေသည်။

.........

+

ဂျက်စ်မင်၊ လိုင်ရာတို့နှင့် တွေ့ဆုံခဲ့အပြီးတွင် ရိုလန်က ပို၍ သက်တောင့်သက်သာ ဖြစ်သွားခဲ့သည်။ ရဲတိုက်သို့ ပြန်လာခဲ့အပြီးတွင် သူက ပထမ စစ်တပ်ထံမှ သတင်းတစ်ပုဒ်ကို ရရှိခဲ့လေသည်။

သူတို့သည် နှင်းတောင်တန်းအား ဖောက်ခွဲရန် တာဝန်ကို အောင်မြင်စွာ ပြီးစီးခဲ့ပြီး မြေအောက်မြစ်နှင့် ပင်လယ်အား ဆက်သွယ်ထားသော လမ်းကြောင်းကလည်း လုံးဝ ပိတ်ဆို့သွား၍ ဂူသချိုင်းက နစ်မြုပ်သွားအပြီးတွင် မြင့်တက်လာသော ရေများသည် အနောက်ပိုင်းသို့ ဦးတည်လာခဲ့သည်။

+

နှင်းတောင်တန်းတွင် ဆက်လက် နေထိုင်ကာ ရေကြောင်း ပြောင်းလဲမှုကို စောင့်ကြည့်ကြမည့် သေနတ်တပ်ဖွဲ့မှ လူများမှ လွဲ၍ လူအများစုသည် ဆောင်းမဲ့မြို့တော်သို့ ပြန်လာကြသည်။

အခြေအနေများသည် ရိုလန် ထင်မှတ်ထားသည့်အတိုင်း ဖြစ်လာခဲ့သည်။ တက်ကီလာ စုန်းမများသည် မြေအောက် ဂူသင်္ချိုင်းအား ရှာဖွေပြီး၍ ဝါးမျိုပိုးကောင်များကို ရရှိခဲ့အပြီးတွင် သူတို့၏ စူးစမ်းရှာဖွေရေး ခရီးစဥ်ကလည်း အဆုံးသတ်သွားတော့သည်။

+

သို့ဖြစ်၍ အနောက်ပိုင်း ဒေသက လုံခြုံနေသရွေ့ ရိုလန်အနေဖြင့် လောလောဆယ်တွင် ဘာမှ စိုးရိမ်ပူပန်နေစရာ မလိုတော့ပေ။

သို့သော်လည်း ရိုလန်က အခြား စာတစ်စောင်အား ဖွင့်လိုက်သော အခါ အတွင်းမှ အကြောင်းအရာများက သူ့အား အံ့အားသင့်သွားစေခဲ့လေသည်။

ထိုစာသည် မြောက်ပိုင်းဒေသမှ ဖြစ်ပြီး စာပို့ခိုဖြင့် ပို့ဆောင်ခဲ့ခြင်း မဟုတ်ပဲ မြို့စားကန့်၏ လူယုံ မြင်းသည်တော် တစ်ယောက်က ယူဆောင်လာခြင်း ဖြစ်သည်။ စာမျက်နှာ လေးမျက်နှာ အပြည့်ဖြင့် သူသည် ဟားမီးစ်မှ မြင့်မြတ်သော မြို့တော်တွင်

+

ဖြစ်ပျက်ခဲ့သမျှနှင့် ဘာဘယ်မျှော်စင်၏ ပြိုကျမှုကို အသေးစိတ် ရေးသားထားခဲ့သည်။

မြို့စောင့်တပ်၏ ခေါင်းဆောင်ဖြစ်သူ လင်းယုန်မျက်နှာက ဤအချိန်သည် တိုက်ခိုက်ရန် အကောင်းဆုံး အချိန်ဖြစ်သည်ဟု ယုံကြည်နေသည်။ ထူထဲသော မြို့ရိုးနှင့် လောက်လွှဲများကို ထည့်သွင်းစဥ်းစားခဲ့ အပြီးတွင် သူသည် အမြောက်တပ်ဖွဲ့ တစ်ဖွဲ့၊ နှစ်ဖွဲ့ခန့်ကို စစ်ကူအဖြစ် တောင်းခံခဲ့သည်။ သူသည် သူ၏ဘုရင်အတွက် နှစ်သစ်တွင် ပထမဆုံး အောင်ပွဲကို ရယူပေးလိုနေလေသည်။

+

ရိုလန်က စာဖတ်ပြီးခဲ့သော အခါ ဖက်ဒရေးရှင်းနှင့် ကြယ်ကြွေမြို့တော်တို့ ပူးပေါင်း တည်ဆောက်ခဲ့သည့် ဘုရားကျောင်းသည် ဤကဲ့သို့ အဆုံးသတ်သွားခဲ့သည်ကို မယုံနိုင်အောင် ဖြစ်နေခဲ့သည်။

ဤသတင်းက မှန်သလား မှားသလား ဆိုသည်ကို သူက မအောင့်နိုင်ပဲ တွေးနေမိသည်။

ဘုရားကျောင်းတွင် နတ်ဘုရား စီရင်ခြင်း စစ်သည်တော်များ တစ်ရာကျော် ရှိနိုင်သေးပြီး သူတို့ကိုယ် သူတို့ ကာကွယ်ရန် ပထမ စစ်တပ်နှင့် လမ်းအတွင်းတွင် တိုက်ပွဲတစ်ခု သွေးရှူးသွေးတန်း တိုက်ခိုက်လာနိုင်သည်။

+

ရိုလန်သည် ပထမ စစ်တပ် အားနည်းနေသည့်
အနီးကပ် တိုက်ပွဲများကို ကူညီနိုင်ရန် နတ်ဘုရား
စီရင်ခြင်း စုန်းမများကို စေလွှတ်ဖို့ စီစဉ်ထားသည်။
တစ်ချိန်တည်းတွင် ရန်သူများကို ချောင်ပိတ်
တိုက်ခိုက်နိုင်ရန် စိန်ပြောင်းအသစ်အား
အသုံးချနိုင်သည်။

ဤစစ်ပွဲ၏ ရည်ရွယ်ချက်ကို တိုင်းပြည်
တစ်ခုလုံးအား တညီတညွတ်တည်း ဖြစ်အောင်
ပြုလုပ်မည်ဟု ကြေညာထားသော်လည်း
အစစ်အမှန် ရည်ရွယ်ချက်မှာ ဘုရားကျောင်းအား
နှိမ်နင်းရန်ပင် ဖြစ်လေသည်။

+

သို့သော်လည်း ယခုအချိန်တွင် မြင့်မြတ်သော မြို့တော်သည် အတွင်းဘက်မှ ယိမ်းယိုင်လာသည့် အရိပ်အယောင်များ ပြလာပေသည်။

သူသည် အစည်းအဝေး တစ်ခု ပြုလုပ်ရန် လူများအား ဆင့်ခေါ်ရန် ပြင်နေဆဲတွင်ပင် သူ့အနောက်ရှိ မှန်လုံးပြည့် ပြတင်းပေါက်ထံမှ တဒေါက်ဒေါက် အသံတစ်ခုကို ကြားလိုက်ရသည်။

သူသည် အနောက်သို့ လှည့်ကြည့်လိုက်သော အခါ နိုက်တင်ဂေးက မှန်ကို တိုက်ရိုက် ဖြတ်သန်း၍ ငှက်အား အခန်းအတွင်းသို့ ဆွဲခေါ်လာခဲ့သည်ကို တွေ့လိုက်ရသည်။

+

စာပို့ခိုသည့် ဘာဖြစ်သွားမှန်း မသိနေပဲ ကြောင်တောင်တောင် ဖြစ်နေခဲ့ပြီး ရိုလန်သည် သူ့ခြေထောက်မှ စာကို ဖြုတ်ယူလိုက်သည်။ စာကိုဖြန့်၍ အတွင်းမှ အကြောင်းအရာများကို ဖတ်ပြီးသော အခါ သူက ချက်ချင်း ထရပ်လိုက်လေသည်။

"သူက သတ္တိကောင်းလှချည်လား"

စာရွက်ပေါ်တွင် စာကြောင်း တစ်ကြောင်းကိုသာ ရေးထားလေသည်။

"အရှေ့ဏ်ဦး ဘုရင် အေပန်က မီးခိုးရောင် ရဲတိုက်ရဲ့ အရှေ့ပိုင်း ဒေသကို အနှောင့်အယှက်

+

ပေးလိုနေပါတယ်... ဘုရင့်မြို့တော် အတွင်းက အခြေအနေက ရှုပ်ထွေးနေပြီး အိုတိုလေဒ်ရှီးက အကျဉ်းချခံထားရပါတယ်"

## စာစဥ် ၅၇ : အပိုင်း ၅

## အပိုင်း ၈၄၅ : အသိုက်ခွဲ၏ မျက်လုံး

"နာတယ်"

"အရမ်းနာတာပဲ"

"ငါမခံနိုင်တော့ဘူး"

+

မကောင်းဆိုးဝါးသည် ဆင်းရဲဒုက္ခ ကြီးမားစွာဖြင့် သူ၏ လက်တံရှည်များကို ပင်လယ်ရေအပေါ်သို့ ရိုက်ချနေခဲ့သည်။ သူ၏ ခန္ဓာကိုယ် အတွင်းတွင် ဖုံးကွယ်ထားသော 'ဓားသွား"နှင့် "ခြေထောက်"တို့သည် ကြီးမားလှသော အမျက်ဒေါသကြောင့် ထိတ်လန့် တုန်လှုပ်နေသည်မှာ သိသာနေသည်။

ထိုမကောင်းဆိုးဝါး အတွက် နာကျင်မှုသည် ရင်းနှီး ကျွမ်းဝင်နေသော အရာတစ်ခု မဟုတ်ချေ။

အသိုက်ခွဲ၏ မျက်လုံးတစ်လုံး အဖြစ် မွေးဖွားခဲ့ပြီးချိန်မှ စ၍ ထိုမကောင်းဆိုးဝါးသည်

+

ရန်သူများနှင့် အကြိမ်ပေါင်း မရေမတွက်နိုင်အောင် တိုက်ခိုက်ခဲ့ပြီး ဖြစ်သည်။ သူတွေ့ကြုံခဲ့သော ဒဏ်ရာများ၊ နာကျင်မှုများ၊ ပေါင်းစည်းမှုများနှင့် ဆင့်ကဲ တိုးတက်မှုများသည် သူ၏ အာရုံများကို ပို၍ စူးရှ ထက်မြက်လာစေခဲ့သည်။ မှော်စွမ်းအားကို စုပ်ယူနိုင်ရန်မှာ အနစ်နာခံမှုများ လိုအပ်နေပေသည်။

သို့သော်လည်း မကောင်းဆိုးဝါးအား စိတ်အနှောင့်အယှက် ပေးနေသော အရာသည် နာကျင်မှု မဟုတ်ပေ။ ထိုအရာသည် သူတစ်ခါမှ မတွေ့ကြုံခဲ့ဖူးသော ခံစားချက် တစ်မျိုးပင် ဖြစ်ပေသည်။

+

မကောင်းဆိုးဝါးသည် ဤခံစားချက်အား ဘဝအတွင်းမှ အခြား ခံစားချက်များနှင့် လိုက်တိုက်ကြည့်နေခဲ့သော်လည်း ဤခံစားချက်သည် မျိုးစိတ် အများစု၏ ပင်ကိုဗီဇစိတ် ဖြစ်နေသဖြင့် မကြာမီပင် ဘာမှမထူးမှန်း သိလာခဲ့သည်။ မျိုးစိတ်များက မည်သို့ပင် ပြောင်းလဲစေခဲ့ကာမူ သူတို့သည် ခြွင်းချက်မရှိ ဤခံစားချက်များကို ပိုင်ဆိုင်ထားကြလေသည်။

ကြောက်ရွံ့မှု ဖြစ်သည်။

+

ထိုမကောင်းဆိုးဝါးက သူ၏ ဘဝတွင် ပထမဆုံး အကြိမ်အဖြစ် ခံစားခဲ့ရသော ခံစားချက် တစ်ခု ဖြစ်လေသည်။

ဤခံစားချက်သည် မကောင်းဆိုးဝါးအား တစ်နည်းတစ်ဖုံအားဖြင့် စိတ်ရှုပ်ထွေးစေခဲ့ပြီး သူသတိမထားမိခင်ပင် ဒေါသအိုးက ပေါက်ကွဲလာခဲ့သည်။

"သတ်"

"သူမကိုသတ်"

+

"ငါက သူမကို အမတန်မှ သတ်ချင်နေတယ်"

"မော်စွမ်းအား အနည်းငယ်သာ ရှိတဲ့ ပိုးမွှားလေးက ငါ့ခန္ဓာကိုယ် အတွင်းကို ချိုးဖောက်ဝင်ရောက်ပြီး ငါ့ကို စိန်ခေါ်ရဲခဲ့တာလား... တစ်နေ့မှာ ငါက သူမကို အပိုင်းပိုင်း အစစ ဖြစ်အောင် ဖြဲပြစ်ပြီး အနီရောင် မြူခိုးငွေ့ ပိုးမွှားတွေ လုပ်ခဲ့သလို သူမရဲ့ ဦးခေါင်းကို သူမအရိုးပေါ်မှာ တင်ထားလိုက်မယ်"

သို့သော်လည်း ထိုမကောင်းဆိုးဝါး ကြီးထွားလာစေရန် အတွက် အမျက်ဒေါသနှင့် ကြောက်ရွံ့မှုတို့သည် လိုအပ်သော ခံစားချက်များ မဟုတ်ကြပေ။ မကောင်းဆိုးဝါးသည် နာကျင်မှုကို တစ်ခါမှ ကြောက်ရွံ့ခြင်း မရှိဖူးပဲ ယာယီ

+

ရှုံးနိမ့်သွားမှုကြောင့် စိတ်ဓာတ်မကျခဲ့ဖူးပေ။
အမှန်အတိုင်းပြောရလျှင် သူသည် ဤကဲ့သို့သော
အဖြစ်မျိုးကို တစ်ခါမှ မတွေးခဲ့ဖူးပေ။

မကောင်းဆိုးဝါးသည် ဆင့်ကဲ တိုးတက်မှုမှလွဲ၍
အခြား မည်သည့် အရာကိုမှ ဂရုမစိုက်ခဲ့ပေ။

ဆင့်ကဲ တိုးတက်မှုသည် ဒီအတိုင်း
အသက်ရှင်နေခြင်းထက် များစွာပို၍
အရေးကြီးသည်။ ပထမ တစ်ခုသည် မျိုးစိတ်
တစ်ခုလုံးအတွက် အရေးပါပြီး ဒုတိယ တစ်ခုသည်
တစ်စုံတစ်ယောက်၏ အကျိုးအမြတ် အတွက်သာ
အရေးပါနေသည်။

+

သူ၏ ခန္ဓာကိုယ်က တစ်စုံတစ်ခု မှားနေမှန်းကို မကောင်းဆိုးဝါးက သတိပြုမိနေသည်။

သို့သော်လည်း ဘယ်အရာက မှားနေသနည်း။

ဤမေးခွန်း အကြောင်းကို စဥ်းစားနေရခြင်းကပင် သူ့အား ခေါင်းကိုက်စေခဲ့သည်။ ပူလောင်လှသော မီးတောက်များသည် သူ၏ ခန္ဓာကိုယ် သုံးပုံတစ်ပုံကို ဆုံးရှုံးစေခဲ့ရုံသာမက သူ၏ ခေါင်းကိုလည်း ရှုပ်ထွေးသွားစေခဲ့သည်။

"ငါက အချိန်လိုနေတယ်"

+

"ခန္ဓာကိုယ် အသစ်တစ်ခုကို ပြန်လည်
တည်ဆောက်ဖို့ အချိန်လိုနေတယ်"

"ပြီးတော့ အဖြေကို ရှာဖို့ အချိန်လည်း လိုတယ်"

မကောင်းဆိုးဝါးသည် သူယခင်က တစ်ခါမှ
မခံစားဖူးသည့် ကြောက်ရွံ့ခြင်း၊
အမျက်ထွက်ခြင်းနှင့် အခြား စိတ်ခံစားမှုများ
အားလုံးတို့ကို မျိုသိပ်ထားကာ သမုဒ္ဒရာ၏
အောက်ခြေသို့ နစ်ဝင်သွားလေသည်။

.........

+

နောက်ထပ် ဆယ်ရက်ကျော် ကြာသောအခါ မကောင်းဆိုးဝါးသည် ပုန်းအောင်းနေသော နေရာမှ ထွက်လာ၍ သူ၏ ခန္ဓာကိုယ် အတွင်းတွင် မြှုပ်နှံထားသော "ခေါးသွား" နှင့် "ခြေထောက်"များ အားလုံးတို့ကို ထုတ်လွှတ်လိုက်လေသည်။

မကောင်းဆိုးဝါးသည် ဤတိုက်ပွဲ အတွင်းတွင် အကြီးအကျယ် ရှုံးနိမ့်ခဲ့သော်လည်း သူသည် ခန္ဓာကိုယ် အစိတ်အပိုင်းများကို ပြန်လည် ထုတ်လုပ်နိုင်ပြီး အပြည့်အဝ ပြန်လည် ကောင်းမွန်လာနိုင်သဖြင့် သိပ်ပြီးမှ အမှုမထားခဲ့ပေ။

+

ယခုအချိန်၌ ဆာလောင် မွတ်သိပ်နေသော မကောင်းဆိုးဝါးအတွက် အစားအသောက်က ပို၍ အရေးပါလာခဲ့သည်။

ထိုအချိန်အတောအတွင်းတွင် ပြဿနာများအတွက် အဖြေအချို့ ရလာခဲ့လေပြီ။

ပထမ၊ မကောင်းဆိုးဝါးသည် သူယခင်က ပိုးမွှားများထံမှ ယူဆောင်ထားသော ဖီရိုမုန်းများစွာ ဆုံးရှုံးသွားသည်ကို တွေ့လိုက်ရသည်။ ဖီရိုမုန်းများသည် သူတို့အုပ်စုမှ ဆင့်ကဲတိုးတက်မှု လမ်းကြောင်းကို ညွှန်ပြရန် ကူညီပေးနိုင်သည်။ သို့ဖြစ်၍ သူတို့အား စုဆောင်းရန်သည် အသိုက်ခွဲ

+

မျက်လုံးများ အားလုံးတို့၏ အဓိက တာဝန်တစ်ခု ဖြစ်နေသည်။

မကောင်းဆိုးဝါး၏ ဆုံးရှုံးမှုက နားလည်နိုင်ပေသည်။ ရောမ ပေါက်ကွဲမှု တစ်ခုကြောင့် မကောင်းဆိုးဝါးသည် မီးတောက်နှင့် အပူလှိုင်းများ အတွင်းတွင် သူ၏ ခန္ဓာကိုယ် အစိတ်အပိုင်းများသည် တွန့်လိမ် ကျိုးပဲ့သွား၍ သူတို့အတွင်းတွင် အချို့မှာ ဖိရိုမုန်းများကို သိမ်းဆည်းထားသော ဦးနှောက်များ ပါနေသည်။

သူ့ခန္ဓာကိုယ် အစိတ်အပိုင်း အများစုသည် ပြန်ကောင်းလာသော်လည်း ဤဦးနှောက်များ အတွင်းမှ ဖိရိုမုန်းများက ပျောက်ကွယ်သွားခဲ့သည်။

+

ဤအရာသည် ရေအိတ်များကို ဖောက်ခဲ့အပြီးတွင် နဂိုအတိုင်း ပြန်ဖြစ်အောင် မလုပ်နိုင်သကဲ့သို့ပင် ဖြစ်နေသည်။

"ဒါက ကိစ္စ မရှိပါဘူး... ဒီပိုးမွှားတွေက နေရာတကာမှာ ရှိနေပြီး ငါက ပြန်လည် စုဆောင်းနိုင်တယ်"

"ပြီးတော့ အရေးအပါဆုံး ဖြစ်တဲ့ အနီရောင် မြူခိုးငွေ့ မျက်လုံးပိုးမွှားကို သိမ်းဆည်းထားနိုင်တဲ့ အတွက် ဒီဆုံးရှုံးမှုက လက်ခံနိုင်ပါသေးတယ်"

"ဒါပေမဲ့ ပြဿနာက ငါဟာ အသိုက်မိခင်နဲ့ ဆက်သွယ်မှု ပြတ်တောက်သွားတာပဲ"

+

"ငါက မယုံနိုင်ဘူး"

မကောင်းဆိုးဝါး မွေးဖွားခဲ့ချိန်မှ စ၍ သူ၏ ကိုယ်ပိုင် မျိုးနွယ်စုများနှင့် ဆက်သွယ်မှုသည် တူညီသော ရေဇရိယာ အတွင်းတွင် ရှိနေသကဲ့သို့ ခွဲထုတ်၍ မရအောင် နီးကပ်နေခဲ့ပြီး သူတို့အကြားမှ အကွာအဝေးက မည်မျှပင် ခြားနားနေစေကာမူ ဗဟိုအသိုက်အား အမြဲတမ်း အာရုံခံနိုင်ခဲ့သည်။

ရေလှိုင်းများမှ တဆင့် သူသည် စုဆောင်းထားသော ဖီရိုမုန်းများနှင့် ဆင့်ကဲတိုးတက်ရေး ညွှန်ကြားမှုများကို မျိုးနွယ်စု အချင်းချင်း အကြားတွင် ဝေမျှနိုင်ပေသည်။ သို့သော်လည်း

+

ယခုအချိန်၌ သူတို့အားလုံးက
ပျောက်ကွယ်သွားခဲ့လေပြီ။

မကောင်းဆိုးဝါးသည် ဒဏ်ရာရရှိခဲ့သော အချိန်က
ဤပြဿနာအား သတိမမူမိပေ။ သူ၏စိတ်က
လုံလောက်အောင် ကြည်လင်လာ၍
မျက်လုံးပိုးမွှား၏ ဖီရိုမုန်းကို ပေးပို့မည်
ပြုလိုက်သော အခါမှ ဖော်ပြ၍ မရနိုင်သော
ခံစားချက်က ဘယ်ကနေ လာခဲ့သည်ကို
ရုတ်တရက် သဘောပေါက်သွားခဲ့သည်။

ဒီရေများက ကျလာ၍ ရေများက တသားတည်း
ဖြစ်သွားသည့် အချိန်၌ပင် သူသည် ဗဟိုအသိုက်မှ
အသံကို မကြားနိုင်တော့ပေ။

+

အစ ပထမတွင် မကောင်းဆိုးဝါးသည် ပြဿနာက
အပြည့်အဝ ပြန်လည် မကောင်းမွန်သေးသော သူ၏
ခန္ဓာကိုယ် အပေါ်တွင် မူတည်နေသည်ဟု
ထင်မှတ်ခဲ့သည်။ ထို့အပြင် သူတို့က မသေသေးသ၍
ဗဟိုအသိုက်နှင့် ဆက်သွယ်မှုသည် ဘယ်တော့မှ
မဆုံးရှုံးသွားနိုင်ဟု ယုံကြည်ထားခဲ့သည်။

မကောင်းဆိုးဝါးသည် သူ၏ ခန္ဓာကိုယ်အား
ထပ်ခါထပ်ခါ ပြန်၍ စစ်ဆေးကြည့်သော အခါ
နောက်ဆုံးတွင် သူ၏ဦးနှောက် အပိုင်းတစ်ခုသည်
အနီရောင် မြူခိုးငွေ့ မျက်လုံးပိုးမွှားအား
ဝါးမျိုခဲ့ရမည့် အစား ပူးပေါင်းသွားခဲသည်ကို
တွေ့လိုက်ရသည်။

+

"ဒီပိုးမွှားလေးက ငါ့ရဲ့ အားနည်းနေတဲ့ အချိန်ကို အခွင့်ကောင်းယူပြီးမှ သွေးရူးသွေးတန်း ရုန်းကန်ခဲ့တာပဲ ဖြစ်ရမယ်"

အမှန်တရားကို တွေ့ရှိပြီးသွားသော အခါ မကောင်းဆိုးဝါးသည် အစ ပထမတွင် ကြောက်ရွံ့ ဒေါသထွက်နေခဲ့သော်လည်း မကြာမီပင် ပြန်လည် တည်ငြိမ်လာခဲ့သည်။

သူ၏ မျက်လုံးများ အတွင်းတွင် သူ့လောက် ဆင့်ကဲ တိုးတက်နေခြင်း မရှိသည့် ပိုးမွှားသည် ပို၍ အဆင့်နိမ့်သော သတ္တဝါ တစ်ကောင်သာ ဖြစ်၍ ဘာမှမပိုပေ။

+

ပိုးမွှားသည် သူ၏ အပြုအမူကြောင့် ခြားနားချက် အချို့ ဖြစ်လာနိုင်သော်လည်း အကျိုးအမြတ် များစွာ ရနိုင်မည် မဟုတ်ချေ။

ယခုအချိန်တွင် မကောင်းဆိုးဝါးသည် သူ့ခန္ဓာကိုယ် အတွင်းမှ မျက်လုံးပိုးမွှားကို လုံးဝ အာရုံခံ၍ မရတော့ပဲ သူ၏ ထူးခြားသော မျက်လုံးများကို ပြန်လည်၍ ထိန်းချုပ်သွားနိုင်ခဲ့သည်။ ထိုမျက်လုံးများမှ တဆင့် မကောင်းဆိုးဝါးသည် ရှေးကျသော သတ္တဝါများစွာတို့က သူ့အား ကြည့်နေရသည်ကို မြင်နိုင်ခဲ့လေသည်။

+

အချိန် ကြာမြင့်စွာ တွေးခဲ့အပြီးတွင် မကောင်းဆိုးဝါးသည် နောက်ဆုံးတွင် ပြဿနာ၏ အဖြေကို တွေ့သွားခဲ့သည်။

သူသည် ဗဟိုအသိုက်အား မဆက်သွယ်နိုင်ခြင်းသည် ပေါင်းစည်းခြင်းကြောင့် ဖြစ်ပြီး မသိစိတ်မှ နေ၍ ပိုးမွှား၏ ထူးခြားသော ခံစားချက် အချို့ကို ရနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ဥပမာအားဖြင့် ကြောက်ရွံ့ခြင်း၊

ပြီးတော့ အမျက်ဒေါသ။

+

ထို့အပြင်… အတ္တစိတ်။

ဤကဲ့သို့သော အခြေအနေမျိုးအောက်တွင် မကောင်းဆိုးဝါးသည် ဇင်းနစ်ပင်လယ်သို့ အရင်ပြန်ကာ မိခင်အသိုက်အား ဤနေရာ၌ ဘာဖြစ်ခဲ့သည်ကို ပြန်လည် အကြောင်းကြားရမည် ဖြစ်သည်။

သတင်းများကို ရေလှိုင်းများမှ ပေးပို့နိုင်ခြင်း မရှိတော့ပါက အုပ်စုအတွက် ဖီရိုမုန်းများ အားလုံးကို ရယူပြီး အသုံးဝင်သော ဆင့်ကဲတိုးတက်ရန် ညွှန်ကြားချက်များကို ရရှိနိုင်ရန် ဝါးမျိုခြင်းက အကောင်းဆုံး နည်းလမ်းတစ်ခု ဖြစ်နေသဖြင့် ပြီးတာနှင့် သူသည်

+

သူ့ကိုယ်သူ မိခင်အသိုက်တွင် အနစ်နာခံရတော့မည် ဖြစ်သည်။

အုပ်စု တစ်ခုလုံး၏ အခြေခံ ဗဟုသုတများ အရ ဆင့်ကဲတိုးတက်ခြင်းသည် အသက်ရှင်သန်ခြင်းထက် ပို၍ အရေးကြီးသည်ဟု မကောင်းဆိုးဝါးက သိနေပေသည်။

သို့သော်လည်း ယခုအချိန်၌ သူသည် ချီတုံချတုံ ဖြစ်နေခဲ့သည်။

မကောင်းဆိုးဝါးသည် ပြီးခဲ့သော ဆယ်ရက်အတွင်း၌ သူတွေးတောခဲ့သမျှသည် အတိတ် နှစ်တစ်ရာလုံး တွေးတောခဲ့သည့်

+

အရာများထက် ပိုများနေကြောင်းကို တွေ့ခဲ့ရသည်။
ထိုအချိန်က တိုက်ခိုက်ခြင်း၊ ဝါးမျိုခြင်း၊
စုဆောင်းခြင်းနှင့် ကြီးထွားခြင်းတို့သည်
ပင်ကိုဗီဇများနှင့် တူနေသော်လည်း ယခုအချိန်၌
ဤဗီဇများကို ဆုံးရှုံးသွားသကဲ့သို့ ဖြစ်နေခဲ့သည်။

ထို့အပြင် မကောင်းဆိုးဝါးသည့် ဖီရိုမုန်းအား
အသုံးပြုရန် ကန့်သတ်ချက်များက
ပျောက်ကွယ်သွားခဲ့သည်ကို အာရုံခံနိုင်ခဲ့သည်။

ဆင့်ကဲတိုးတက်မှု ခြေလှမ်းတိုင်းသည် များစွာ
ဂရုပြု၍ လုပ်ဆောင်ရသော ရွေးချယ်မှု
တစ်ခုဖြစ်သည်။ အသိုက်မျက်လုံး
စုဆောင်းထားသော ဖီရိုမုန်းများ အားလုံးကို

+

ဗဟိုအသိုက်သို့ ပို့ပေးပြီး ထိုနေရာမှ သူတို့အား သုံးသပ်ကာ အသုံးဝင်သော အစိတ်အပိုင်းများကို ရွေးချယ်၍ ပြန်လည် တည်ဆောက်ပြီးမှ ဆင့်ကဲတိုးတက်မှု ညွှန်ကြားချက်များ အဖြစ် ပြောင်းလဲလိုက်သည်။

ဆင့်ကဲတိုးတက်မှုသည် အသိုက်မျက်လုံးများ၏ ပြောင်းလဲမှုများသာ မက ဗဟိုအသိုက်မှ ခေါးသွားနှင့် ခြေထောက်တို့ အထိ အုပ်စု၏ အစိတ်အပိုင်း အားလုံးတို့လည်း ပါဝင်နေသည်။ သူတို့အားလုံးသည် ဤနည်းလမ်းဖြင့် ဖြည်းဖြည်းချင်း ကြီးထွားလာခဲ့ခြင်း ဖြစ်သည်။

+

သို့ဖြစ်၍ အသိုက်ခွဲ မျက်လုံး တစ်လုံးစီတွင် ကွဲပြား ခြားနားချက်များ သိပ်မရှိနေပေ။

သို့သော်လည်း ပြန်လည်ကုစားသည့် အချိန်အတွင်း၌ မကောင်းဆိုးဝါးသည် ကိုယ့်ကိုယ်ကိုယ် ကုသနိုင်သည့် စွမ်းရည်ရှိသော သတ္တဝါ တစ်ကောင်၏ ဖီရိုမုန်း တစ်ခုအား မတော်တဆ အသုံးပြုမိလိုက်သည်။ ထို့ကြောင့်ပင် လပေါင်းများစွာ ကုစားရန် လိုအပ်သော ကြီးမားသည့် ဒဏ်ရာများသည် ရက်ပေါင်းအနည်းငယ် အတွင်း၌သာ လျင်မြန်စွာ ပျောက်ကွယ်သွားခြင်း ဖြစ်သည်။

+

မကောင်းဆိုးဝါးသည် သူကိုယ်တိုင်၏ ပုံမမှန်မှု
တစ်စုံတစ်ရာကိုလည်း သတိပြုမိခဲ့သည်။ သူသည်
သာမန် အသိုက်ခွဲ မျက်လုံးတစ်လုံး
မဟုတ်တော့ပေ။

သူ၏ ခြေထောက်သည် အနီးအနားမှ
ရေသတ္တဝါများကို လျင်မြန်စွာ ဆွဲဆောင်နိုင်ပြီး
ဓားသွားသည် သူတို့၏ ခေါင်းများကို တိတိရိရိ
ဖြတ်တောက်နိုင်ခဲ့ကာ ပို၍များသော ငါးများကို
ဆွဲဆောင်နိုင်သည့် ငါးညှီနံ့ တစ်မျိုးကို
ထုတ်လွှတ်နိုင်ခဲ့သည်။ ဤနည်းဖြင့် သိပ်မကြာမီပင်
မကောင်းဆိုးဝါးက ဗိုက်ပြည့်သွားလေသည်။

+

သူတို့နှင့် တူညီသော အရင်းအမြစ်များ ရှိသည့် ဤရေသတ္တဝါများသည် အဘယ်ကြောင့် အားအနည်းဆုံး ဖြစ်နေသည်ကို သူက နားမလည်နိုင်ခဲ့ပဲ ရှုးမိုက်သော ငါးများ စုဝေးလာသည်ကို ကြည့်နေရင်း သူ့ကိုယ်သူသာ တွေးနိုင်ခဲ့သည်။

မကောင်းဆိုးဝါးသည် ကြောက်ရွံ့ခြင်းဟု ခေါ်သော စိတ်ခံစားချက် တစ်ခုကို ခံစားမိခဲ့သဖြင့် ဇင်းနစ်ပင်လယ်သို့ ပြန်သွားလိုစိတ် မရှိတော့ပေ။ အနီရောင် မြူခိုးငွေ့ ပိုးမွှား၏ ခံစားချက်များသည် သူ့အား လွှမ်းမိုးသွားခဲ့လေပြီ။ သူသည် ယခုအချိန်၌ အသက်ရှင်သန်မှုသည် အခြား မည်သည့်အရာများထက် မဆို ပို၍ အရေးကြီးကြောင်း သိရှိသွားခဲ့ပြီ ဖြစ်သည်။

+

မကောင်းဆိုးဝါးသည် အသိုက်မိခင်၏ ဝါးမျိုမှုကို
ခံရပြီး ပိုးမွှားငယ်၏ တိုက်ခိုက်ခြင်းကို
ထပ်ဖန်တစ်ခါ ခံရမည်ကို ကြောက်ရွံ့နေခဲ့သည်။

သူသည် ပြန်လည်၍လည်း
လက်စားချေလိုနေသေးသည်။ အမျက်ဒေါသက
ရှိနေသေးသော်လည်း သူက ယာယီ
မျိုသိပ်ထားနိုင်ခဲ့သည်။

မကောင်းဆိုးဝါးသည် အမျက်ဒေါသနှင့်
ကြောက်ရွံ့မှု နှစ်မျိုးစလုံးကို ဆက်တိုက်
ခံစားနေရချိန်တွင် တောင့်တမှုများ
ပိုများလာသည်ဟု သူ့ကိုယ်သူ တွေ့ရှိခဲ့သည်။

+

ဤအရာသည် သူယခင်က တစ်ခါမှ
မစဥ်းစားခဲ့ဖူးသည့် အရာတစ်ခု ဖြစ်ပေသည်။

သူလိုချင်သော အရာများကို ရရှိရန်
ဆင့်ကဲတိုးတက်မှုသည် တစ်ခုတည်းသော
နည်းလမ်း ဖြစ်သည်။

မကောင်းဆိုးဝါးသည် ငါးတစ်အုပ်စုကို
အလောတကြီးဖြင့် ဝါးမျိုလိုက်ရင်း စတင်
လှုပ်ရှားလိုက်လေသည်။

သူသည် ယခင်က ဤမျှအထိ စိတ်မရှည်ခြင်းမျိုး
တစ်ခါမှ မဖြစ်ခဲ့ဖူးပေ။ ထိုအချိန်က အသိုက်ခွဲ
မျက်လုံးတိုင်းသည် မြန်သည်ဖြစ်စေ၊

+

နေးသည်ဖြစ်စေ အလုပ် တစ်ခုတည်းကိုသာ
လုပ်ကြခြင်း ဖြစ်သည်။

သို့သော်လည်း ယခုအချိန်၌ အရာများက
ပြောင်းလဲသွားခဲ့လေပြီ။

သူစုဆောင်းတော့မည့် ဖီရိုမုန်းများနှင့်
ဖြစ်ပေါ်လာမည့် ဆင့်ကဲတိုးတက်မှုများသည်
အုပ်စုနှင့် ဘာမှ မသက်ဆိုင်တော့ပြီ။

ဤအချိန်၌ ဤတာဝန်များသည် သူ၏
ကိုယ်ကျိုးအတွက် ဆောင်ရွက်ရမည်သာ
ဖြစ်ပေတော့သည်။

+

# စာစဥ် ၅၇ : အပိုင်း ၆

# အပိုင်း ၈၄၆ : အဖွဲ့များ အကြားမှ ပဋိပက္ခများ

"အိုတိုလော်ရီးဟာ ကျွန်တော်တို့ရဲ့ မဟာမိတ် ဖြစ်ပြီး ဒီလို အဆက်ဆံခံရဖို့ မထိုက်တန်ပါဘူး... သူတို့ဟာ ဒီတစ်ခေါက်မှာ အရှေ့ပိုင်း ဒေသကို အနှောင့်အယှက် ပြုရဲရင် နောက်တစ်ကြိမ်မှာ နယ်စပ်ကို ကျော်ဖြတ်ပြီးမှ တိုင်းပြည်အတွင်းကို ကျူးကျော်လာနိုင်ပါတယ်" ဘရိုင်ယန်က ကျယ်လောင်စွာဖြင့် ပြောလိုက်သည်။

"အရှင်မင်းမြတ်... ကျေးဇူးပြုပြီးမှ အမိန့်ကို ချမှတ်လိုက်ပါ... ရန်သူတွေက ဘယ်လောက်ပဲ

+

ဝေးကွာပါစေ ပထမ စစ်တပ်ဟာ အရှင့်အတွက်
သူတို့ကို ချေမှုန်းပေးလိုက်ပါမယ်"

"ငါတို့ကို ကျူးကျော်လာမယ်… ဟုတ်လား"
ဘားရော့က သူ၏ မျက်ခုံးများကို ပင့်လိုက်သည်။
"တကယ်လို့ အရုဏ်ဦး နိုင်ငံက စစ်တပ်ဟာ
မီးခိုးရောင် ရဲတိုက်ကို ဒီလို ကျူးကျော်လာရဲတဲ့
သတ္တိရှိနေရင် မင်းက ဘာဖြစ်လို့ ဒီနေရာမှာ
ရှိနေဦးမှာလဲ"

"ဆာ… ဒါက ဥပမာ သက်သက်…"

"အကြောင်းပြချက် ခိုင်ခိုင်မာမာ မရှိတဲ့ ဥပမာဟာ
ဘယ်သူ့ကိုမှ လက်ခံလာအောင် ဆွဲဆောင်နိုင်မှာ

+

မဟုတ်ဘူး" ဘားရော့က ဖြတ်ပြောလိုက်သည်။ "ပိုပြီး အရေးကြီးတာက သံရေး တမန်ရေးနဲ့ ဖြေရှင်းနိုင်တဲ့ ပြဿနာ တစ်ခုမှာ ဘာဖြစ်လို့ စစ်တပ် ဝင်ပါဖို့ လိုနေမှာလဲ… အရှင်မင်းမြတ်ရဲ့ ဒီတစ်နှစ် အဓိက ဦးတည်ချက်ကို မင်းမှတ်မိနေသလား"

"တောက်ပမြို့တော်က မှူးမတ် မိသားစု တစ်ခုရဲ့ အကြီးဆုံးသားဟာ ငါတို့ဘုရင်ရဲ့ နန်းတက်ပွဲထက် ပိုပြီးမှ အရေးကြီးတယ်လို့ မင်းက ထင်နေသလား"

ဘရိုင်ယန်က အချိန် အနည်းငယ်မျှ ဆွံ့အသွားသည်။

+

"ကောင်းပြီလေ… ခဏာ နားရအောင်" ရိုလန်က သူ၏ လက်ခုပ်များကို တီးကာ ပြောလိုက်သည်။ "ရှေ့ဆက် မပြောခင် တစ်စုံတစ်ခု စားရအောင်"

လက်ခုပ်သံကို ကြားပြီးသော အခါ တံခါးဝတွင် စောင့်နေသော အစေခံ တစ်ယောက်သည် တွန်းလှည်း တစ်ခုကို တွန်း၍ ဝင်လာခဲ့သည်။ ခန်းမအတွင်းမှ အရာရှိ အချို့က သူတို့ဘာသာ သူတို့ အဆာပြေ အစားအစာများ ယူစားခဲ့ကာ အချို့က ရေချိုးခန်းသို့ သွားလိုက်ကြသည်။ ထို့ကြောင့် အခန်းအတွင်းမှ တင်းမာမှုများက အနည်းငယ် လျော့ကျသွားလေသည်။

+

သုံးရက်တာ အစည်းအဝေး ကာလအတွင်းတွင် ဤကဲ့သို့သော မြင်ကွင်းမျိုးကို မကြာခဏ မြင်ခဲ့ရသည်။ အရှေ့ဦး နိုင်ငံမှ သူလျှို ဟေးဖော့ခ်နှင့် မြောက်ပိုင်းဒေသမှ မြို့စောင့်တပ်ထံမှ သတင်းများကို ရရှိပြီးသွားသော အခါ လက်ရှိ အခြေအနေကို အဖြေရှာရန် သက်ဆိုင်ရာ အရာရှိများ အားလုံးကို ရဲတိုက်ထံသို့ ဆင့်ခေါ်လိုက်လေသည်။

ရိုလန်သည် သူ၏ လူများအတွင်းတွင် အုပ်စုနှစ်ခု ကွဲသွားသည်ကို ကောင်းစွာ မြင်နိုင်ခဲ့သည်။ ဘားရော့ ဦးဆောင်နေသည့် မြို့တော်ခန်းမ အုပ်စုသည် ပို၍ ရှေးရိုးဆန်နေပြီး တိုင်းပြည် တိုးတက်ရေး အတွက် ပိုမို အာရုံစိုက်နေကာ အနောက်ပိုင်း ဒေသကို ပို၍ အားစိုက်နေလိုသည်။

+

သူတို့သည် လူဦးရေကို ဖြည်းဖြည်းချင်း တိုးချဲ့၍ မီးခိုးရောင် ရဲတိုက်၏ စွမ်းအားကို ဖြည်းဖြည်းချင်း မြှင့်တင်ကာ တိုင်းပြည် တစ်ခုလုံးကို တညီတညွတ်တည်း ဖြစ်အောင် ပြုလုပ်မည် ဖြစ်သည်။

သူတို့၏ အစီအစဉ် အတွင်းတွင် အရဖ်ဦး ဘုရင် အေပန် မိုရာသည် သူ၏ လုပ်ရပ်များအတွက် ပေးဆပ်စေရမည် ဖြစ်သော်လည်း ထိုအရာအား အရေးပေါ် ကိစ္စတစ်ခု အနေဖြင့် သတ်မှတ်ထားခြင်း မရှိပေ။

+

အကြံပေး ဌာန၏ မျက်နှာသာ အပေးခံရသည့် ဘာရိုင်ယန် ဦးဆောင်သော ပထမ စစ်တပ်ဖြင့် ဖွဲ့စည်းထားသော အုပ်စုကမူ ပို၍ ခက်ထန် ရန်လိုနေသော်လည်း မြို့တော်ခန်းမ အုပ်စုကဲ့သို့ အချင်းချင်း ညီညွတ် နီးကပ်နေခြင်း မရှိပေ။

ပထမ စစ်တပ် အတွင်းမှ လူများသည် "တိုင်းတပါးမှ ရန်သူတွေကို ကာကွယ်ရမယ်"၊ "ရန်သူတွေ သတိမထားမိခင် စတင် လှုပ်ရှားပြီး သူတို့ အဆင်သင့် မဖြစ်ခင် တိုက်ခိုက်ရမယ်" ဟူသော ဘာရိုင်ယန်၏ အယူအဆ အသစ်များ၏ လွှမ်းမိုးမှုကို ခံနေရသဖြင့် ချက်ချင်း လှုပ်ရှား၍ အရဏ်ဦး နိုင်ငံကို ပြန်လည် တုံ့ပြန်ပြီး အချုပ်နှောင် ခံနေရသော အိုတိုလော်ရီးအား ကယ်တင်ရန် တောင်းဆိုခဲ့ကြသည်။

+

အကြံပေး ဌာနမှ အဖွဲ့ဝင်များကမူ တိုက်ခိုက်စရာ စစ်ပွဲမရှိလျှင် သူတို့အတွက် ဆုလာဘ်များ မရနိုင်ပဲ အကျိုးအမြတ် ရစရာ မရှိသဖြင့် ပထမ စစ်တပ်ကို ထောက်ခံရန်သာ ဆုံးဖြတ်ခဲ့သည်။

ထို့အပြင် အကြံပေး ဌာနမှ အဖွဲ့ဝင် အချို့သည် လောင်းဆောင်းခံတပ်မှ ဖြစ်ကြသဖြင့် မြို့တော်ခန်းမမှ လူများကဲ့သို့ ဆောင်းမဲ့မြို့တော်နှင့် ရင်းနှီး ကျွမ်းဝင်နေခြင်း မရှိခဲ့ပေ။ ထို့ကြောင့် သူတို့၏ အကြံဉာဏ်များက အသိအမှတ်ပြုခြင်း မခံရပဲ ငြင်းပယ်ခြင်း ခံခဲ့ရကာ သူတို့၏ အထင်အမြင်များက အရေးမပါသကဲ့သို့ ဖြစ်နေခဲ့သည်။

+

ထို့ကြောင့် ဘရိုင်ယန်၏ စကားများသည်
အကြိမ်ပေါင်းများစွာပင် ဘားရော့၏ အလွယ်တကူ
တုံ့ပြန်ခြင်းကို ခံခဲ့ရသည်။ အမှန်အတိုင်း
ပြောရလျှင် စကားပြော ကျွမ်းကျင်မှု အရာတွင်
ဘရိုင်ယန်သည် ဘားရော့ထက် များစွာနိမ့်ကျပြီး
အစည်းအဝေး အတွင်း၌ သူ၏ အကြံအစည်များကို
ဤမျှအထိ တင်ပြနိုင်ခဲ့သည်မှာ
အတော်ဟုတ်နေခဲ့ပေပြီ။

ဘာပဲပြောပြော သေနတ်တပ်ဖွဲ့၏ ခေါင်းဆောင်
ဘရိုင်ယန်သည် ငယ်ရွယ်သေးပြီး နယ်စပ်မြို့တွင်
သာမန် ရွာသားတစ်ယောက် အနေဖြင့်
ကြီးပြင်းခဲ့ကာ သူ၏ အတွေ့အကြုံ နုနယ်မှုကို

+

နှင်းတောင်တန်းမှ ခုခံကာကွယ်မှု စစ်ပွဲ
တင်ပြချက်မှ တဆင့် မြင်နိုင်ပေသည်။

ရိုလန်သည် ဆွေးနွေးပွဲများ အတွင်းတွင်
နှုတ်ဆိတ်နေခဲ့ပြီး ရန်လိုသောဘက်မှ အုပ်စုသည်
အချေအတင် ပြောဆိုပွဲတွင် အရေးနိမ့်နေခဲ့သည်။
ဘားရော့၏ စွမ်းရည်သည် ပြီးခဲ့သော
သုံးနှစ်အတွင်းတွင် များစွာပို၍
တိုးတက်လာခဲ့သဖြင့် ရိုလန်ကလည်း
အံ့အားသင့်နေခဲ့သည်။ သူသည် ယခင်
ငွေတိုက်စိုးထံတွင် များစွာ သင်ယူထားနိုင်ခဲ့ပြီး
သူ၏ စွမ်းရည်များကို ပြသရန် အခွင့်အရေး တစ်ခု
လိုနေခြင်းသာ ဖြစ်ပေလိမ့်မည်။

+

ရိုလန်အား အံ့အားသင့်စေသည့် အခြားအရာ
တစ်ခုမှာ ဤအစည်းအဝေး သုံးရက်အတွင်းတွင်
အက်ဒစ်က ဘာမှ မပြောခဲ့ပဲ နှုတ်ဆိတ်နေခဲ့ခြင်း
ဖြစ်သည်။

အရာရှိများ အကြားတွင် မြောက်ပိုင်းဒေသမှ ပုလဲ
ဖြစ်သော သူမသည် ဘားရော့နှင့် အငြင်းပွားနိုင်ရန်
တစ်ဦးတည်းသော အရည်အချင်း ပြည့်မီသည့်
သူတစ်ယောက် ဖြစ်နေနိုင်သည်။

အချင်းချင်း ပြိုင်ဆိုင်လိုစိတ် ပြင်းထန်နေသော
အက်ဒစ်နှင့် ဘားရော့တို့ အကြားတွင်
အငြင်းပွားမှုများကို လျှော့ချပေးနိုင်ရန် ရိုလန်သည်
မြို့တော်ခန်းမ အတွင်း၌ ပြင်ပ စစ်ရေး ကိစ္စများကို

+

အထူး ဆောင်ရွက်ရန် ကာကွယ်ရေး ဌာန ဟူသောဌာနအသစ် တစ်ခုအား တမင်သက်သက် တည်ဆောက်ပေးခဲ့သည်။

ဤဌာနအသစ်တွင် အကြံပေး ဌာနက လက်အောက်ခံ အဖွဲ့တစ်ခု အနေဖြင့် ပါဝင်နေပြီး ကာကွယ်ရေး ဌာနသည် ပြင်ပ စစ်ရေး ကိစ္စများနှင့် လုံခြုံရေး ဗျူရိုတို့အတွက် တာဝန်ခံရမည် ဖြစ်သည်။ ဤနည်းဖြင့် မီးခိုးရောင် ရဲတိုက်၏ စွမ်းအား တည်ဆောက်မှုကို နောက်ဆုံးတွင် အကြမ်းဖျင်း ရေးဆွဲနိုင်ခဲ့သည်။

မှန်းဆထားသည့် အတိုင်း ရိုလန်သည် အခြားဌာနများကဲ့သို့ ဤဌာန အသစ်တွင်လည်း

+

ခေါင်းဆောင်နေရာကို ယူထားသည်။ အက်ဒစ်သည် ယခင်က ဘားရေ့၏ လက်ထောက်လုပ်ခဲ့ပြီး မြို့တော်ခန်းမ၏ အမှုကိစ္စများကို သင်ယူဆောင်ရွက်ခဲ့ရသည်။

သူမသည် သူမ၏ အလုပ်ကို ကောင်းစွာ လုပ်ကိုင်နိုင်ခဲ့သော်လည်း ယခုအချိန်မှသာ တရားဝင် အသိအမှတ် အပြုခံရပြီး ဌာနအသစ်၏ အဖွဲ့ဝင် တစ်ယောက် ဖြစ်လာခဲ့သည်။ ဤကဲ့သို့ ဂုဏ်ပြုခံရခြင်းသည် အတော်လေးကို ကြီးကျယ်လှပြီး ကျန်သော ဝန်ထမ်းအသစ်များကလည်း သူမကို ဥပမာယူကာ သူတို့ကလည်း ရာထူးတစ်ခုကို အလွယ်တကူ ရနိုင်သည်ဟု ထင်မှတ်သွားနိုင်သည်။

+

သို့သော်လည်း အချိန်က ပြောင်းလဲသွားခဲ့လေပြီ။
ရိုလန်သည် လူများကို အရေးပေါ် လိုအပ်နေခြင်း
မရှိတော့ပဲ စွမ်းဆောင်ရည် နည်းပါးသော သူများကို
ရာထူးကြီးကြီး ပေးအပ်နေတော့မည် မဟုတ်ချေ။

သို့ဖြစ်၍ အက်ဒစ်အား ယခုအချိန်တွင်
ကာကွယ်ရေး ဌာနတွင် စာရေးတစ်ယောက်
အဖြစ်သာ ခန့်ထားခဲ့သေးပြီး ရိုလန်အား
အကြံပေးရန်သာ တာဝန်ယူနေရသေးသည်။

ဤကဲ့သို့ စီစဥ်ထားမှုသည် သူမက စွမ်းအားများကို
ရရှိနိုင်ရန် အစမှနေ ပြန်စရသကဲ့သို့
ဖြစ်နေသော်လည်း မြောက်ပိုင်းဒေသမှ

+

ပုလဲဖြစ်သူသည် သူမအား ဤကဲ့သို့ ဆက်ဆံ၍ အမျက်ထွက်နေမည် မဟုတ်ဟု ရိုလန်က ယုံကြည်နေခဲ့သည်။ သူမသည် အကြီးအကဲ ရုံးခန်းမှ ထွက်ခွာခဲ့ရသော်လည်း ယခုအချိန်၌ အနှောင့်အယှက် မရှိပဲ ရာထူးတက်ရန် အခွင့်အရေး တစ်ခုကို ရရှိထားခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် သူမအနေဖြင့် သူမ၏ စွမ်းရည်များကို ထုတ်ဖော် ပြသနိုင်သည့် ဤကဲ့သို့သော အချိန်မျိုးတွင် ပုံမှန်မဟုတ်ပဲ နှုတ်ဆိတ်နေခဲ့ကာ ဘားရော့အား ထိန်းချုပ်ခွင့် ပေးထားခြင်းကို ရိုလန်က အံ့အားသင့်နေခဲ့သည်။

.........

+

သူမ၏ ခေးရော့ ဖျော်ရည်ကို သောက်သုံးကာ
စိတ်လက် ပေါ့ပါးနေဟန် ပေါက်နေသော
အက်ဒစ်အား ရိုလန်က လှမ်းကြည့်လိုက်သည်။
ဘားရော့၏ ကြီးကျယ် ခမ်းနားနေသော
အမူအရာသည် သူမ၏ စိတ်ဝင်စားမှုကို
မခံရသကဲ့သို့ ဖြစ်နေခဲ့သည်။

ဘယ်လောက်အထိ ထူးဆန်းလိုက်တဲ့
အမျိုးသမီးလဲ။ သူက သူ့ကိုယ်သူ
တွေးလိုက်လေသည်။

+

သူက ပခုံးတွန့်ကာ သူ့ဘေးမှ စကိုးအား ပြောလိုက်သည်။ "ဒီကနေ့ အစည်းအဝေး မှတ်တမ်းတွေကို ငါ့ကိုပြပါ"

"ဟုတ်ကဲ့ပါ" စကိုးသည် သူမ၏ လက်အတွင်းမှ ငှက်တောင်ကို ချ၍ မှတ်စုစာအုပ်ကို လှမ်းပေးလိုက်သည်။ "မှတ်တမ်းတွေ အားလုံးက ဒီမှာပါ"

သုံးရက်တာ ဆွေးနွေးခဲ့အပြီးတွင် သူတို့သည် ရိုလန် ရရှိထားသည့် သတင်း အချက်အလက်များနှင့် ပတ်သတ်၍ ဘုံသဘောတူညီချက် တစ်ခုကို ရလာခဲ့သည်။

+

လျှို့ဝှက် သတင်းများကို ပေးပို့ခဲ့သူ ဟေးဖော့ခ်သည် သတင်းသုံးခုအား အရေးကြီးမှု အပေါ်တွင် မူတည်၍ စီထားခဲ့သည်။ ထိုအစီအစဉ် အရ အရှေ့ပိုင်း ဒေသသို့ နှောင့်ယှက်နေသော ရန်သူများသည် အရေးအကြီးဆုံး ဖြစ်ကာ အကျဉ်းကျနေသော အိုတိုက ထိုမျှ အရေးမကြီးပေ။

သို့ဖြစ်၍ အစည်းအဝေး အဖွဲ့ဝင်များသည် လော်ရီး မိသားစုမှ အကြီးဆုံးသားသည် ယခုအချိန်၌ အသက်အန္တရာယ် မရှိနေဟု ယုံကြည်နေကြသည်။ ထီးနန်း ရထားသည်မှာ မကြာသေးသော အေပန် မိုရာသည် မိသားစုကြီး သုံးခု၏ ထောက်ခံမှုကို လိုအပ်နေသေးသည်။

+

အေပန် မိုရာသည် လော်ရီး မိသားစုအား
အစားထိုးနေလိုလျှင်ပင် အချိန် လိုအပ်နေသေးပြီး
အနည်းဆုံး တစ်နှစ်၊ နှစ်နှစ် လိုအပ်နေဦးမည်
ဖြစ်သည်။ အိုတိုသည် ထောင်အတွင်းတွင်
ဆင်းရဲဒုက္ခခံရမည် ဖြစ်သော်လည်း
အသက်ရှင်နေနိုင်သေးသည်။

ထို့အပြင် မြင့်မြတ်သော မြို့တော်၏ ပြိုလဲလုနီးပါး
အခြေအနေကို တင်ပြထားသည့် သတင်းအား
မြောက်ပိုင်းဒေသရှိ မြို့စောင့်တပ်ထံမှ
တင်ပြချက်ဖြင့် ထပ်မံ အတည်ပြုနိုင်ခဲ့သဖြင့်
အစည်းအဝေး အဖွဲ့ဝင်များက ထိုသတင်းက
မှန်ကန်သည်ဟု ကောက်ချက်ချခဲ့သည်။

+

တောက်ပမြို့တော် အတွင်း၌လည်း လှုပ်လှုပ်ရှားရှား ဖြစ်နေသဖြင့် မိုရာ မိသားစုကလည်း ဘုရားကျောင်းအား ပစ်မှတ်ထားနေသည်ဟု သူတို့က မှန်းဆခဲ့ကြသည်။ မိုရာသည် ဘုရားကျောင်းအား မုန်းတီးနေပြီး ဘုရားကျောင်း ရာစုနှစ်များစွာ စုဆောင်းထားသော ဟားမီးစ်မှ ချမ်းသာ ကြွယ်ဝမှုများကိုလည်း မျက်စောင်းထိုးနေပေသည်။

အနှောင့်အယှက်ပြုခြင်း အနေနှင့်မူ သူတို့သည် သူပုန်များကို တိတ်တဆိတ် မြှောက်ပင့် ထောက်ပံ့ပေးမှုများ ပြုလုပ်နေသည်ဟု အစည်းအဝေး အဖွဲ့ဝင်များက မှတ်ချက်ချခဲ့သည်။ ထိုအချက်များမှလွဲ၍ ရန်သူများ ပြုလုပ်နိုင်သည့် အရာများမှာ မရှိသလောက်ပင်။

+

ရှုံးနိမ့်မည်မှာ သေချာသလောက် ဖြစ်နေသဖြင့်
အေပန်သည့် မီးခိုးရောင် ရဲတိုက်ထံသို့
စစ်ချီရဲလိမ့်မည် မဟုတ်ဟု အားလုံးက
ယုံကြည်နေကြသည်။ သို့သော်လည်း မီးခိုးရောင်
ရဲတိုက် နယ်မြေအတွင်းတွင် အမှန်တကယ်
ဖြစ်ပျက်နေသော ပုန်ကန်မှုများကိုမူ
လျစ်လျူရှုထား၍ မရနိုင်ပေ။

သူပုန်များသည် မည်မျှ အားနည်းသည် ဆိုစေကာမူ
သူတို့၏ လုပ်ဆောင်ချက်များသည် တိုင်းပြည်အား
ထိခိုက်စေနိုင်သဖြင့် ဟေးသည် ထိုသတင်းအား
အရေးအကြီးဆုံးဟု သတ်မှတ်ထားခဲ့ခြင်းမှာ
အကျိုးအကြောင်း ဆီလျော်နေပေသည်။

+

# စာစဥ် ၅၇ : အပိုင်း ၇

## အပိုင်း ၈၄၇ : အခု အချိန်ကျပြီ

အုပ်စု နှစ်ခုစလုံးသည် ယခင် အစည်းအဝေးများ အတွင်းတွင် သဘောတူညီထားသည့် အတိုင်း အရှေ့ပိုင်း ဒေသကို ပြန်လည် သိမ်းပိုက်ရန်နှင့် ဘုရားကျောင်းကို ဖျက်ဆီးရန် သဘောတူခဲ့ကြသည်။

သူတို့ အငြင်းပွားနေသည့် တစ်ခုတည်းသော အရာမှာ အရဏ်ဦး နိုင်ငံအား မည်သည့်အချိန်၌ လက်တုံ့ပြန်ရမည်ကို ဖြစ်သည်။

+

ရိုလန်သည် သံတမန်ရေးရာနှင့် ပတ်သတ်သည့် သူ၏ ရပ်တည်ချက်အား သူ့လူများအား အလွန်ပြတ်သားစွာ ဖော်ပြခဲ့ပြီး ဖြစ်သဖြင့် ဤတစ်ခေါက်တွင် တစ်ယောက်ကမှ သူ့အား ဤကိစ္စနှင့် ပတ်သတ်၍ စေ့စပ်ညှိနှိုင်းရန် သို့မဟုတ် ဖုံးကွယ်ထားရန် မကြိုးစားခဲ့ကြတော့ပေ။

သို့သော်လည်း ရိုလန် နန်းတက်ပြီးသည့် အချိန်တွင် ဘုရင်ရိုလန်က မီးခိုးရောင် ရဲတိုက်အား ပို၍ တရားဝင် ကိုယ်စားပြုနိုင်သဖြင့် လိုအပ်လျှင်လည်း အင်အားသုံးနိုင်အောင် ထိုအချိန်၌ အရဏ်ဦး ဘုရင်နှင့် ထပ်မံ ဆွေးနွေးလိုနေသေးသည်။

+

မိစ္ဆာမျိုးသောလ အပြီးတွင် ပြုလုပ်ခဲ့သော
အနာဂတ်နှင့် ပတ်သတ်သည့် အစည်းအဝေးကြောင့်
သူတို့သည် စိတ်ဓာတ် တက်ကြွနေပြီး
မင်းသားရိုလန်အား တရားဝင် နန်းတက်ပွဲ
ကျင်းပကာ မီးခိုးရောင် ရဲတိုက်၏ အစစ်အမှန်
ဘုရင်တစ်ပါးအဖြစ် မြင်လိုနေပေသည်။
ထိုအချိန်ဆိုလျှင် သူတို့ကလည်း ဒေသခံ အရာရှိများ
အဖြစ်မှ တိုင်းပြည်တစ်ပြည်၏ ဝန်ကြီးများ
အဖြစ်သို့ အဆင့် မြင့်တက်သွားမည် ဖြစ်ပေသည်။

အရှေ့ဦး နိုင်ငံအတွင်းသို့ နက်ရှိုင်းစွာ ကျူးကျော်
ဝင်ရောက်လိုနေလျှင် လူနှင့် အရင်းအမြစ်များ
မြောက်မြားစွာ အသုံးပြုရမည် ဖြစ်သဖြင့်
နန်းတက်ပွဲအား သံသယဖြစ်ဖွယ်မရှိ
ထိခိုက်စေပေလိမ့်မည်။ မည်သည့် ဘုရင်ကမှ သူ၏

+

လက်ရွေးစင် စစ်တပ်အား စစ်ပွဲသို့ စေလွှတ်ပြီး
တစ်ချိန်တည်းတွင် နန်းတက်ပွဲ အခမ်းအနားအား
အလေသုံးဆယ် ကျင်းပလိမ့်မည် မဟုတ်ချေ။
ထိုအရာသည် ဘုရင့်အတွက် ဖြစ်စေ သူ၏
လူများအတွက် ဖြစ်စေ ဂုဏ်သိက္ခာ
ညှိုးနွမ်းစေပေသည်။

သို့သော်လည်း နောက်ဆုံး ဆုံးဖြတ်ချက်ကို
ချနိုင်သူမှာ ရိုလန်သာ ဖြစ်လေသည်။

ပြီးခဲ့သော သုံးရက်အတွင်းတွင် သူသည်
အေပန်ထံသို့ ပေးပို့ခဲ့သော စာအတွင်းတွင်
ဖော်ပြထားသည့် အလျှော့မပေးသော
သဘောထားနှင့် လုံးဝ ဆန့်ကျင်စွာ

+

မည်သည့်ဘက်မှ မလိုက်ပဲ ဆွေးနွေးပွဲများကို
ကြည့်ရုံသာ ကြည့်နေခဲ့သည်။

သို့သော်လည်း သူ၏ တိတ်ဆိတ်နေမှုကြောင့်
အစည်းအဝေး တက်ရောက်လာကြသော
သူများသည် သူတို့ လုပ်ချင်သလောက် စိတ်ကြိုက်
ငြင်းခုန်ခွင့်ရခဲ့လေသည်။

ရိုလန်သည် သူ၏ မူလ ရည်ရွယ်ချက်များကို
ပြောင်းလဲခြင်း မရှိပဲ အချိန်ကိုသာ
သည်းခံစောင့်ဆိုင်းနေခဲ့သည်။

+

သူသည် တန်ဖိုး အနည်းဆုံး ပေးရ၍ အကျိုးအမြတ် အများဆုံး ရနိုင်မည့် အခွင့်အရေး တစ်ခုအား စောင့်မျှော်နေခြင်း ဖြစ်လေသည်။

မှောင်ရီပျိုးလာသော အခါ ရိုလန်၏ တံခါးသို့ တစ်စုံတစ်ယောက်က လာခေါက်ခဲ့သည်။

ဝင်ရောက်လာသောသူသည် အန်ဒရီယာ ဖြစ်မှန်းကို သိလိုက်ရသော အခါ သူက စိတ်သက်သာရာ ရစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

သူမက နောက်ဆုံးတွင် လာခဲ့လေပြီ။

+

သူမက စတင်၍ မလာခဲ့ပါက ထိုအရာသည် ကောင်းမွန်သော ရွေးချယ်မှု ဖြစ်မည်ကို သူက မသေချာနေပဲ ဤကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် ဘာမှ မရရှိနိုင်ပဲ ဖြစ်နိုင်သော်လည်း သူသည် သူမအား အနေးနှင့် အမြန် သွားတွေ့ရပေလိမ့်မည်။

"ငါးခြောက်တစ်ကောင် စားပါဦး" နိုက်တင်ဂေးက မြူခိုးငွေ့များ အကြားမှ ပေါ်လာ၍ ပျားရည်စိမ်ထားသော ငါးခြောက်တစ်ကောင်အား အန်ဒရီယာထံ ပေးလိုက်သည်။ ဝင်ဒီမှ လွဲ၍ အန်ဒရီယာသည် နိုက်တင်ဂေးထံမှ အဆာပြေ အစားအစာများကို ရနိုင်သော တစ်ဦးတည်းသော စုန်းမ ဖြစ်လေသည်။

+

ထိုအရာသည် သူကောင်းမျိုးများ အကြားမှ ဆက်သွယ်မှုပင် ဖြစ်လေသလော။

"ကျေးဇူးတင်ပါတယ်" အစားအသောက် အပေါ်တွင် အာရုံရောက်နေဟန် မပေါ်နေသော အန်ဒရီယာသည် ငါးခြောက်အား ယူရုံသာ ယူ၍ အိတ်ကပ်အတွင်းသို့ ထည့်လိုက်သည်။ သူမသည် သူမ၏ ရင်ဘတ်အား လက်ပေါ်တွင် တင်ကာ ရိုလန်အား အရိုအသေ ပြုလိုက်သည်။
"အရှင်မင်းမြတ်... ကျွန်မက..."

သူမက ခေတ္တမျှ ရပ်တန့်လိုက်ပြီးမှ စကားလုံးများကို ရှာဖွေလိုက်သည်။

+

"မင်းက ငါ့ကို မင်းရဲ့ ငယ်သူငယ်ချင်း ဖြစ်တဲ့ အိုတိုလော်ရီးကို ကယ်တင်ပေးစေလိုနေတာ… မဟုတ်လား" ရိုလန်က အန်ဒရီယာ၏ အတွေးများကို ထုတ်ဖော် ပြောဆိုလိုက်သည်။ သူသည် အန်ဒရီယာအား နောက်ထပ် တွေ့ဝေစေရန် ခွင့်မပြုနိုင်တော့ပေ။

အကယ်၍ သူမက စိတ်ပြောင်းသွားခဲ့ပါက ရိုလန် သုံးရက်တိုင်တိုင် စောင့်မျှော်နေရခြင်းက အလဟဿ ဖြစ်သွားပေလိမ့်မည်။

အန်ဒရီယာက အဘယ်ကြောင့် ဆုံးဖြတ်ချက် မချနိုင်ခဲ့မှန်းကို ရိုလန်က အကြမ်းဖျင်း ခန့်မှန်းမိသည်။ အိုတိုသည် အန်ဒရီယာအား ချစ်ခင်

+

နှစ်သက်နေခဲ့သော်လည်း သူမက သူ့အား သူငယ်ချင်း အဖြစ်သာ သဘောထားနိုင်ပေသည်။ ထို့ကြောင့်ပင် သူမက မည်သို့ တောင်းဆိုရမှန်း မသိ ဖြစ်နေခြင်း ဖြစ်သည်။ သူသည် သူမ၏ ငယ်ဘဝက ကစားဖော် ဖြစ်နေ၍ ကယ်ပေးရန် တောင်းဆိုရမည်လော။

နှစ်ပေါင်းများစွာ ကြာခဲ့သော်လည်း သူမ ဖခင်ဖြစ်သူ အားလိကွင်း၏ လုပ်ဆောင်ချက်ကြောင့် အန်ဒရီယာသည် အရဖ်ဦး နိုင်ငံမှ သူမ၏ ဘဝအား လွှမ်းဆွတ်နေခြင်း မရှိပေ။ သူမက စုန်းမတစ်ယောက် အဖြစ် ပြောင်းသွားမှန်းကို သိခဲ့အပြီးတွင် သူမဖခင်သည် သူမအား မကာကွယ်ခဲ့သည့် အပြင် မတော်တဆမှု တစ်ခုကို ဖန်တီး၍ သူမ သေသွားပြီဟု လုပ်ကြံ

+

ပြောဆိုခဲ့သည်။ ထိုအရာက စိတ်ချမ်းမြေ့စွာ
မှတ်မိနေရမည့် အရာတစ်ခု မဟုတ်သည်မှာ
သေချာနေပေသည်။

အိုတိုသည် ပြီးခဲ့သော ဆောင်းရာသီ၌
ဆောင်းမဲ့မြို့တော်သို့ လာရောက်ခဲ့သော အခါ
အန်ဒရီယာသည် အရုဏ်ဦး နိုင်ငံသို့ လုံးဝ
မပြန်လိုတော့ဟု သူမ၏ သဘောထားကို
ပြတ်သားစွာ ဖော်ပြခဲ့သည်။ သူမသည် ယခုအချိန်၌
ရိုလန်ထံသို့ လာခဲ့ခြင်းမှာ သူမ၏ ကြင်နာမှုကို
ဖော်ပြ၍ အကူအညီ အချို့ကို ပေးလိုနေကြောင်း
ဖော်ပြရန်သာ ဖြစ်သည်။

+

"ဟုတ်ပါတယ်..." သူမက အသက်ပြင်းပြင်း တစ်ချက်ရှူ၍ ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်သည်။

"ဒါပေမဲ့ အစည်းအဝေး အတွင်းမှာ မင်းကြားခဲ့တဲ့ အတိုင်း အေပန်ကို အနိုင်ယူဖို့ အနည်းဆုံး လူသုံးထောင်လောက် လိုအပ်ပြီး မြင့်မြတ်သော မြို့တော်ကို တိုက်ခိုက်ဖို့လည်း လူတွေ လိုအပ်နေသေးတယ်... ဒီလိုဆိုတော့ လိုအပ်တဲ့ လူအရေအတွက်က ငါးထောင်အထိ ရောက်သွားနိုင်ပြီး ဒါက ပထမ စစ်တပ်ရဲ့ ရှစ်ဆယ် ရာခိုင်နှုန်း ဖြစ်နေတယ်"

+

အငြင်းပွားမှုများ ရှိနေခဲ့သော်လည်း
မြို့တော်ခန်းမနှင့် အကြံပေး ဌာနတို့သည်
အစီအစဉ်ကြမ်း တစ်ခုကို ရေးဆွဲခဲ့သေးသည်။
မီးခိုးရောင် ရဲတိုက်တွင် အခြား ကုန်းမြေဒေသ
နှစ်ခုတို့ ဖြစ်ကြသော ဟားမီးစ် ကုန်းပြင်မြင့်၊
အရှေ့ဥရောပ နိုင်ငံတို့နှင့် ဆက်သွယ်ထားသော
မြစ်တစ်စင်းမှ မရှိချေ။

ဤကဲ့သို့သော အခြေအနေမျိုးအောက်တွင်
သူတို့သည် ထောက်ပံ့ရေး ပစ္စည်းများကို
လှည်းများဖြင့်သာ သယ်ဆောင်ရမည် ဖြစ်သဖြင့်
ထောက်ပို့တပ်များ အတွင်းတွင် လိုအပ်သော
လူဦးရေ အရေအတွက်က များစွာ
မြင့်တက်သွားခဲ့သည်။

+

ထို့အပြင် ပထမ တိုက်ပွဲကို အနိုင်ယူ အပြီးတွင် နောက်ထပ် စစ်မြေပြင်သို့ ဆက်တိုက် ချီတက်နိုင်ရန် အတွက် တိုင်းပြည်၏ ဒေသတိုင်းတွင် တပ်စွဲထားရန် ပထမ စစ်တပ်၏ နှစ်ဆယ် ရာခိုင်နှုန်းကို လိုအပ်နေသေးသည်။ သို့ဖြစ်၍ ပထမ စစ်တပ်သည် သူတို့ အခုလေးတင် သိမ်းပိုက်ထားသည့် နယ်မြေများကို ထိန်းချုပ်ရန် လူအပို မရှိနေတော့ပေ။

အချက်အလက် အားလုံးတို့ကို ထည့်သွင်း စဥ်းစားခဲ့အပြီးတွင် သူတို့သည် အကျိုးအမြတ် မရှိပဲ အလုပ်ရှုပ်သွားနိုင်ကာ အရှုံးပင်

+

ပေါ်သွားနိုင်သေးသည် ဟူသော သုံးသပ်ချက် တစ်ခုကို ရနိုင်ခဲ့သည်။

"ငါက လူအင်အားကိုပဲ တွက်ပြသေးတာ… တကယ်လို့ လက်နက်ခဲယမ်းတွေနဲ့ မြင်းတွေ၊ လှည်းတွေ၊ စားနပ်ရိက္ခာတွေ… အစရှိတဲ့ ထောက်ပံ့ပစ္စည်း ကုန်ကျစရိတ်တွေကို ထည့်တွက်လိုက်ရင်…" အနန္ဒရီယာအား ပို၍ ကသိကအောက် ဖြစ်လာစေရန် အချက်အလက်များကို တစ်ခုပြီး တစ်ခု ဖော်ပြ ပြောဆိုနေသော ရိုလန်သည် ရုတ်တရက် ရပ်တန့်သွားလေသည်။

+

"အရှင်မင်းမြတ်" သူ့အရှေ့မှ ရွှေရောင်ဆံပင်နှင့် စုန်းမက အနည်းငယ် အံ့အားသင့်သွားခဲ့သည်။

ရိုလန်က ရုတ်ခြည်း ရပ်တန့်ခဲ့ခြင်းသည် တစ်စုံတစ်ရာ မှားယွင်းနေသည်ကို သတိပြုမိခဲ့ခြင်းကြောင့် မဟုတ်ပဲ နိုက်တင်ဂေးက သူ၏နောက်ကျောကို ပြင်းထန်စွာ ဆိတ်လိုက်၍ သူတစ်ယောက်တည်းသာ ကြားနိုင်သော လေသံဖြင့် တီးတိုး ပြောဆိုခဲ့ခြင်းကြောင့် ဖြစ်လေသည်။ "သူမကို ဖိအား ပေးမနေပါနဲ့တော့… လိုရင်းကို တိုက်ရိုက် ပြောလိုက်လို့ မရဘူးလား"

"အဟမ်း… ငါက ဘာမှ မဖြစ်ပါဘူး" ရိုလန်က ချောင်းတစ်ချက် ဆိုးလိုက်သည်။ "လက်ရှိ

+

အခြေအနေက ဒီလို ဖြစ်နေပေမဲ့ ငါတို့က အားထုတ်မှု အချို့ ပြုလုပ်ခဲ့ရင် အခြေအနေတွေကို ပြောင်းလဲစေနိုင်လိမ့်မယ်… ဒါက မိသားစုကြီး သုံးခုနဲ့… သူတို့က ဘယ်လောက်အထိ ပူးပေါင်း ဆောင်ရွက်နိုင်မလဲ ဆိုတာ အပေါ်မှာ မူတည်နေတယ်"

"မိသားစုကြီး သုံးခု… ဟုတ်လား"

"ဘုရင်အသစ်က သူတို့ကို ယုံကြည်မှု မရှိတော့ဘူး ဆိုတာ သိသာနေတယ်… ငါတို့က အိုတိုကို အောင်မြင်စွာ ကယ်တင်ကောင်း ကယ်တင်နိုင်မှာ ဖြစ်ပေမဲ့ တိုက်ရိုက် ဝင်စွက်ဖက်မှုက မိုရာတော်ဝင် မိသားစုနဲ့ လော်ရီး မိသားစုတို့ အကြားက

+

ဆက်ဆံရေးကို ကျိုးပျက်စေလိမ့်မယ်... မိုရာကို နန်းချနိုင်ခဲ့ရင်တောင် အသစ်တက်လာတဲ့ ဘုရင်က ဒါကို မေ့ပျောက်နိုင်ပါ့မလား" ရိုလန်က သူ၏ မေးကို ပွတ်သပ်နေရင်း ဆက်ပြောလိုက်သည်။

"အခုအချိန်မှာ ငါက သန်မာတဲ့ မိစ္ဆာတွေကို တိုက်ခိုက်ဖို့ ပြင်ဆင်နေရတဲ့ အတွက် အိမ်နီးနားချင်း နိုင်ငံက လူတွေ အပေါ်မှာ အာရုံ သိပ်မစိုက်နိုင်ဘူး... အရဏ်ဦး နိုင်ငံရဲ့ အနာဂတ်က မိသားစု သုံးခုရဲ့ အပေါ်မှာပဲ မူတည်နေလိမ့်မယ်"

အန်ဒရီယာက တစ်စုံတစ်ခုကို သဘောပေါက်သွားဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။ "ကျေးဇူးပြုပြီးမှ ဆက်ပြောပါ"

+

"ငါတို့က မိုရာ တော်ဝင် မိသားစုကို အစားထိုးဖို့ တစ်စုံတစ်ယောက်ကို လိုအပ်နေတယ်" ရိုလန်က စကားများကို တစ်လုံးချင်း ပြောလိုက်သည်။

အန်ဒရီယာသည် ခေတ္တမျှ ငြိမ်သက်သွားပြီးမှ ဆက်ပြောလိုက်သည်။ "ကျွန်မသိပြီ... အရှင့်မှာ အကြံအစည် တစ်ခု ရှိပါသလား"

အုပ်ချုပ်မှု အာဏာတစ်ခုကို တွန်းလှန်ရန် ပြင်ဆင်နေသည့် အချိန်၌ပင် စိတ်ကို တည်ငြိမ်အောင် ထိန်းထားနိုင်သေးသဖြင့် သူမသည် အဆင့်အတန်း မြင့်မြင့် မွေးဖွားလာသူ အမှန်ပင်

+

ဖြစ်ပေသည်။ သို့ဖြစ်၍ နောက်ထပ် ဆွေးနွေးမှုများက ပို၍ လွယ်ကူသွားတော့သည်။

ရိုလန်က လိုရင်းကို တိုက်ရိုက်ပြော၍ မေးလိုက်သည်။ "မင်းက အရဏ်ဦး နိုင်ငံရဲ့ ဘုရင်မ ဖြစ်လာဖို့ ဆန္ဒရှိနေသလား"

"အရှင်မင်းမြတ်" ဤမေးခွန်းသည် သူမအား အမှန်ပင် အံ့သြ တုန်လှုပ်သွားစေသဖြင့် အန်ဒရီယာ၏ မျက်နှာက နောက်ဆုံးတွင် ပြောင်းသွားခဲ့သည်။ "မလုပ်ချင်ဘူး... ကျွန်မက ဒီနေရာကနေ မထွက်ခွာလိုနေဘူး"

"ဘာဖြစ်လို့လဲ"

+

သူမက နှုတ်ခမ်းများကို ကိုက်၍ ပြန်ဖြေလိုက်သည်။ "ဘာအကြောင်းရင်းမှ မရှိဘူး… ကျွန်မက စိတ်မဝင်စားနေရုံ သက်သက်ပဲ"

သူမက အရဏ်ဦး ဘုရင်မ မဖြစ်ချင်နေဟူသော အဖြေကြောင့် မဟုတ်ပဲ သူမ၏ အမူအရာကြောင့် ရိုလန်က အံ့အားသင့်သွားခဲ့သည်။ သူမသည် ခါတိုင်းကဲ့သို့ မဟုတ်နေပဲ အကျိုးအမြတ်နှင့် ဆုံးရှုံးမှုများကို တွက်ချက်နေခဲ့သဖြင့် ခါတိုင်းကဲ့သို့ ကျက်သရေရှိရှိ မနေနိုင်တော့ပဲ သိသိသာသာ စိတ်လှုပ်ရှားသွားခဲ့သည်မှာ သိသာနေသည်။

+

သူမက ဘုရင်မ တစ်ပါး ဖြစ်ခြင်းထက် ပို၍
အဖိုးတန်သော တစ်စုံတစ်ရာ ရှိသေးသလော။

ရိုလန်၏ မျက်နှာ အမူအရာများက မပြောင်းပဲ
လက်ဖက်ရည် တစ်ငုံ သောက်လိုက်သည်။
ကံကောင်းစွာဖြင့် သူ့တွင် ဒုတိယ အစီအစဉ်
ရှိနေခဲ့သည်။

"မင်းရဲ့ အဖေကရော ဘယ်လိုလဲ... သူက
စိတ်ဝင်စားနိုင်သလား"

ကွင်းမိသားစုသည် သူ၏ အကောင်းဆုံး ရွေးချယ်မှု
ဖြစ်သည်။ မိသားစု သုံးခု အကြားတွင် ပို၍
ထိပ်တန်းကျသလို အိုတိုနှင့် အိုရို

+

နှစ်ယောက်စလုံး၏ ချစ်ခင် နှစ်သက်မှုကို ခံနေရသော အန်ဒရီယာကလည်း အရေးပါသော အခန်းကဏ္ဍမှ ပါနေပေပြီး မိသားစု သုံးခုအတွက် အတိုင်းအတာ တစ်ခုအထိ စကားပြောနိုင်ပေသည်။

ဆောင်းမဲ့မြို့တော်၏ လက်ရှိ ပညာရေး စနစ်မှ မွေးထုတ်ပေးခဲ့သော ဘွဲ့ရ ပညာတတ်များသည် မီးခိုးရောင် ရဲတိုက်ကိုပင် လည်ပတ်စေရန် မလုံလောက်သေးသဖြင့် ရိုလန် အနေဖြင့် အရဏ်ဦး နိုင်ငံအား အပြည့်အဝ ထိန်းချုပ်ရန် မဖြစ်နိုင်သေးပေ။

ထို့ကြောင့် အကယ်၍ အန်ဒရီယာက သူ၏ အစီအစဉ်ကို သဘောတူခဲ့ပါက မီးခိုးရောင်

+

ရဲတိုက်နှင့် မဟာမိတ် ဖြစ်သော အုပ်ချုပ်မှု အာဏာတစ်ခုကို ထောက်ပံ့ရန် ပို၍ လွယ်ကူပေသည်။ ထို့အပြင် သူသည် အိမ်နီးချင်း နိုင်ငံမှ အရင်းအမြစ် ပစ္စည်းများကို ဈေးပေါပေါဖြင့် ရနိုင်ပေဦးမည်။

"တခြား မိသားစု နှစ်ခုကလည်း အကျိုးအမြတ် ရနိုင်မှာပါ... အမှန်အတိုင်း ပြောရရင် ဒီအာဏာသိမ်းမှုဟာ ပါဝင်သူ အားလုံးကို အကျိုးအမြတ် ရှိနိုင်တဲ့ အပြင် မင်းတို့ရဲ့ ခေါင်းပေါ်မှာ မိုးထားတဲ့ ခြိမ်းခြောက်မှုကိုလည်း လုံးဝ ရှင်းပြီးသား ဖြစ်သွားလိမ့်မယ်" ရိုလန်က ဖြည်းညင်းစွာ ပြောလိုက်သည်။

+

"ဒီလိုဆိုရင် ဆောင်းမဲ့မြို့တော်ဟာ စစ်ချီပြီး စစ်သုံးစရိတ်တွေကို အသုံးပြုရမယ့် ဒုက္ခကနေလည်း ကင်းဝေးသွားမယ်... ငါလုပ်ဖို့လိုတာက ကွင်းမိသားစုကို ထီးနန်းရဖို့ ကူညီပေးရုံပဲ"

အန်ဒရီယာက ဤအချိန်တွင် ချီတုံချတုံ ဖြစ်နေခြင်း မရှိတော့ပဲ ခေတ္တမျှ စဉ်းစားခဲ့အပြီးတွင် သူမက ကတိပေးလိုက်သေလည်း။ "ကျွန်မရဲ့ ဖခင်က သဘောတူလိမ့်မယ်လို့... ကျွန်မက ထင်နေပါတယ်"

+

ခေတ္တမျှ ရပ်နားလိုက်ပြီးမှ သူမက သူမကိုယ် သူမ ပြန်ပြင်ပြောလိုက်သည်။ "မဟုတ်ဘူး… သူက သေချာပေါက် သဘောတူလိမ့်မယ်"

အန်ဒရီယာက ထိုစကားများကို ပြောခဲ့သော အခါ ရှိလန်က သူမသည် သူဘာဆိုလိုနေသနည်း ဆိုသည်ကို သဘောပေါက်နေမှန်း သိသွားခဲ့သည်။

ယခု၌ အချိန်ကျလာခဲ့လေပြီ။

"ဆောင်းမဲ့မြို့တော်က မကြာခင် စတင် လှုပ်ရှားလိမ့်မယ်… စိတ်မပူပါနဲ့… အိုတိုလော်ရှီးက အကျဉ်းခန်းထဲမှာ ကြာကြာနေရတော့မှာ မဟုတ်ပါဘူး"

+

# စာစဉ် ၅၇ : အပိုင်း ၈

# အပိုင်း ၈၄၈ : သန့်စင်စုန်းမ၏ တာဝန်

"အရှင်ကိုယ်တိုင်က အရဏ်ဦး
ဘုရင်လုပ်ချင်နေမယ်လို့ ကျွန်မက ထင်နေခဲ့တာ"
အန်ဒရီယာ ထွက်ခွာသွားခဲ့အပြီးတွင်
နိုက်တင်ဂေးက သူမ၏ နှုတ်ခမ်းများကို တွန့်၍
ပြောလိုက်သည်။ "အရှင်က သူမကို ဘုရင်မအဖြစ်
တင်မြှောက်ပေးမယ် ဆိုတာက ကြည့်ရတာ
ဟာသလုပ်နေတာ မဟုတ်ဘူးပဲ"

+

"မင်းက ဒါကို မကြာခင်မှာ ဖော်ထုတ်နိုင်မယ်
ဆိုတာကို ငါက သိနေသားပဲ" ရိုလန်က
ပခုံးတွန့်လိုက်သည်။ "ငါကိုယ်တိုင်
အနေနဲ့ကတော့..." သူ၏ ခေါင်းအတွင်းတွင်
စွမ်းဆောင်နိုင်သော လူများ ရှားပါးနေခြင်း၊
အန်ဒရီယာ၏ ဆက်သွယ်မှု စွမ်းရည်၊ အချိန်နှင့်
အရင်းအမြစ် အကန့်အသတ် အစရှိသည့်
ရှင်းပြချက်များစွာကို စဥ်းစားနေခဲ့သော်လည်း
စကား တစ်ခွန်းတည်းသာ ပြောခဲ့လိုက်သည်။ "ငါက
ဒီလောက် မစွမ်းဆောင်နိုင်ဘူး"

"တကယ်လား" နိုက်တင်ဂေးက သူ့ပခုံးအား ပုတ်၍
ပြောလိုက်သည်။ "အရှင်က အန်ဒရီယာကို
အားကိုးနိုင်မယ် ဆိုတာကို ကျွန်မက

+

သေချာနေပါတယ်… ကွင်းမိသားစုကို ရွေးချယ်တာ မမှားနိုင်ပါဘူး"

ဒီနှစ်ယောက်က အချင်းချင်း အတော်တည့်ကြတာပဲ။ ရိုလန်က စိတ်အတွင်းမှ ကျိတ်၍ ရယ်လိုက်သည်။ သို့သော်လည်း နိုက်တင်ဂေးသည် အတိတ်က မိသားစု အတွင်းတွင်သာ မှီခို နေထိုင်ခဲ့ရသဖြင့် သူမ၏ နိုင်ငံရေး အတွေးအခေါ်များသည် သူ့ထက် အဆင့်တစ်ဆင့် နိမ့်နေပေသည်။

အန်ဒရီယာက မျက်လုံးစုံမှိတ်ကာ ယုံကြည်နေခြင်း မရှိသရွေ့ မိသားစု နောက်ခံက အရေးသိပ်မပါလှဟု သူက ယုံကြည်နေမိသည်။ သူမသည်

+

လူအများစုကဲ့သို့ ဘာမှ အကုန်အကျ သိပ်မရှိပဲ ရလာသော ကြီးမားသည့် အခွင့်အရေး တစ်ခုအား လက်ခံ တန်ဖိုးထားလိမ့်မည်ဟု သူက သေချာနေသည်။

သို့သော်လည်း နိုက်တင်ဂေးက အရေးကြီးသော ကိစ္စရပ်များတွင် လျှောက်ပြောနေခြင်းသည် ချစ်စရာ ကောင်းနေသဖြင့် သူက ဤအတွေးများကို ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ပေ။

ဤအချိန်၌ပင် တစ်စုံတစ်ယောက်က ရုံးခန်းတံခါးကို ခေါက်လိုက်လေသည်။

"ဝင်လာခဲ့ပါ"

+

တံခါး ပွင့်သွားသော အခါ အပြင်ဘက်တွင်
ရပ်နေသူက အစ္စဘယ်လာ ဖြစ်နေခဲ့သည်။

ရိုလန်က ဤအရာအား မမျှော်မှန်းထားခဲ့ပေ။
သူမသည် စုန်းမ သမဂ္ဂ၏ အဖွဲ့ဝင် တစ်ယောက်
ဖြစ်မနေသဖြင့် သာမန် အခြေအနေအောက်တွင်
ရဲတိုက်ခရိုင် အတွင်းသို့ ဝင်နိုင်မည် မဟုတ်ပေ။
သို့သော်လည်း သူမ၏ အနောက်တွင် အက်ဂါသာ၏
ပုံရိပ်အား တွေ့လိုက်ရသော အခါမှသာ သူမက
အဘယ်ကြောင့် ရောက်လာနိုင်သည်ကို
သဘောပေါက်သွားခဲ့သည်။

+

"အရှင်မင်းမြတ်" ဘုရားကျောင်း၏ ယခင်မှ သန့်စင်စုန်းမက ဦးညွှတ်လိုက်ကာ လိုရင်းကို လျှင်မြန်စွာ ပြောလိုက်သည်။ "ဟားမီးစ်က ဘုရားကျောင်းဟာ ပြိုလဲလုနီးပါး ဖြစ်နေပြီလို့ အက်ဂါသာထံက ကျွန်မ ကြားခဲ့ရပါတယ်... ဒီသတင်းက မှန်ပါသလား"

သူမ၏ မျက်နှာပေါ်မှ အနည်းငယ် သုန်မှုန်နေသော အကြည့်ကြောင့်သာ မဟုတ်ပါက သူမသည် သူမ၏ ယခင်မှ အပေါင်းအဖော်များ အတွက် လာရောက် အသနားခံခြင်း ဖြစ်မည်ဟု ရိုလန်က အထင်မှားမိမည် ဖြစ်သည်။

+

"သတင်းတွေ အရ ဒီလိုပဲ ဆိုနေပေမဲ့ အသေးစိတ် အချက်အလက်တွေကို စုဆောင်းနေဆဲပဲ ရှိသေးတယ်" ရေခဲစုန်းမက အဘယ်ကြောင့် ဤသတင်းအား သူမကို ပြောခဲ့မှန်းကို ရိုလန်က ပဟေဠိ ဖြစ်နေခဲ့သော်လည်း ချက်ချင်း ငြင်းပယ်ခြင်း မပြုပဲ မရေမရာ ပြန်ဖြေလိုက်သည်။

"လေအေးတောင်တန်းနဲ့ အရှေ့ဧက်ဦး နိုင်ငံ အနောက်ပိုင်းတို့မှာ ဘုရားကျောင်းက ဒုက္ခသည်တွေ စတင် ပေါ်လာခဲ့ပြီး မြင့်မြတ်သော မြို့တော်ရဲ့ အကျော်ကြားဆုံး ဘုရားရှိခိုး ကျောင်းတော်ကြီးက ညတွင်းချင်း ပြိုကျသွားခဲ့တယ်လို့ သက်သေခံပြောကြားခဲ့တယ်"

+

"အရှင်မင်းမြတ်... အရှင်က ဟားမီးစ်ကို တပ်ဖွဲ့တွေ အမြန်ဆုံး စေလွှတ်ဖို့ ကျွန်မက မျှော်လင့်နေပါတယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်မ အရင်က ပြောခဲ့တာကို အရှင် မှတ်မိပါသလား... အဲ့ဒီနေရာမှာ ရှူးသွပ်ဆေးလုံးတွေ သန်းနဲ့ချီပြီးမှ ရှိနေပါတယ်" အစ္စဘယ်လာက အသံတိုးတိုးဖြင့် ပြန်ပြောလိုက်သည်။ "သူတို့ကို ဘယ်မှာ သိမ်းထားသလဲ ဆိုတာကို သိနေတဲ့ လူအချို့ ရှိနေမှာ ဖြစ်ပြီး တကယ်လို့ သတင်းတွေက

+

ပြန့်သွားခဲ့ရင် အရှင့်ရဲ့ အစီအစဥ်တွေက
အနှောင့်အယှက် ဖြစ်သွားနိုင်ပါတယ်"

သူမက ခေတ္တမျှ ရပ်နားပြီးမှ ဆက်ပြောလိုက်သည်။
"ဒီအရာတွေက နတ်ဘုရားဆန္ဒ စစ်ပွဲမှာ
အကြီးအကျယ် အသုံးဝင်နိုင်ပြီး အရှင်က
သူတို့အားလုံးကို စုဆောင်းကာ
ဆောင်းမဲ့မြို့တော်ကို ယူဆောင်နိုင်ခဲ့ရင်
အကောင်းဆုံးပါပဲ"

ယခုမှပင် ဤအကြောင်းအရာသည် သူမ
ပြောပြဖူးသော သတင်း အချက်အလက်များ
အတွင်းတွင် ပါဝင်နေမှန်း ရိုလန်က
အမှတ်ရခဲ့သည်။ ဇီးရိုး၏ လူသားမျိုးနွယ်စု

+

အားလုံးကို စုစည်း၍ မိစ္ဆာများနှင့် သူသေကိုယ်သေ
စစ်ပွဲ ဆင်နွှဲရန် အစီအစဉ်တွင် ဤဆေးလုံးများသည်
သူမ၏ ဝှက်ဖဲတစ်ခု အမှန်ပင် ဖြစ်ပေလိမ့်မည်။

သူသည် ဤဆေးလုံးများကို
သဘောမကျဖြစ်နေခဲ့သဖြင့် ဤကိစ္စအား
မေ့လုနီးပါးပင် ဖြစ်နေခဲ့သည်။

သို့သော်လည်း အခြေအနေက များစွာ
ပြောင်းလဲသွားခဲ့လေပြီ။ အစ္စဘယ်လာ
ပြောသည်မှာ မှန်ပေသည်။ အကယ်၍
တစ်စုံတစ်ယောက်က ဤဆေးလုံးများကို
ဖြန့်ဝေခဲ့ပြီး မီးခိုးရောင် ရဲတိုက်နှင့် အရဏ်ဦး နိုင်ငံမှ
မှူးမတ်များ သို့မဟုတ် အဆိုးဆုံး အခြေအနေ

+

အနေဖြင့် မြေအောက်ကြွက်များ၏ လက်အတွင်းသို့ ရောက်သွားပါက ပြဿနာ အကြီးအကျယ် တက်သွားပေလိမ့်မည်။

သူတို့သည် လက်နက် အပြည့်အစုံ တပ်ဆင်ထားသော စစ်တပ်တစ်ခုအား အနိုင်ယူနိုင်ဦးမည် မဟုတ်သော်လည်း အရာရှိ တစ်ယောက်ချင်းစီနှင့် ဒေသခံ အစိုးရများက သေချာပေါက် ခြိမ်းခြောက်မှုအောက်တွင် ကျရောက်နေတော့မည် ဖြစ်သည်။

"ဒီဆေးလုံးတွေကို ဘယ်မှာ သိမ်းဆည်းထားတာလဲ" သူက အစ္စဘယ်လာအား ကြည့်၍ မေးလိုက်သည်။

+

"သူတို့ကို ဟားမီးစ် ကုန်းပြင်မြင့် တစ်လျှောက်က လှိုဏ်ဂူ သိုလှောင်ရုံတွေမှာ ခွဲခြား သိမ်းဆည်းထားတာပါ... သူတို့က ဘယ်နေရာမှာ ရှိနေသလဲ ဆိုတာကို အတိအကျ ပြောဖို့ ခက်ခဲပါတယ်" အစ္စဘယ်လာက အနည်းငယ် ချီတုံချတုံ ဖြစ်သွားပြီးမှ ဆက်ပြောလိုက်သည်။

"တကယ်လို့ အရှင်မင်းမြတ်က ကျွန်မကို ယုံကြည်မယ် ဆိုရင် အဲ့ဒီနေရာကို စစ်တပ် အနောက်ကနေ လိုက်သွားခွင့် ပြုပါ... ကျွန်မဟာ တစ်ချိန်က ပုပ်ရဲ့ လက်ထောက် ဖြစ်ခဲ့ဖူးတော့ ဘုရားကျောင်းရဲ့ ပြိုလဲမှုကို နှေးကွေးအောင် လုပ်ကောင်း လုပ်နိုင်ပါလိမ့်မယ်... မဟုတ်ရင်

+

စစ်တပ်ဟာ ဒုက္ခသည်တွေ အများအပြားကို ထိန်းသိမ်းဖို့ အခက်တွေ့နိုင်ပါတယ်"

"ဒါပေမဲ့ နင်က တခြား မဟုတ်တာတွေ လျှောက်မလုပ်ဘူးလို့ ဘယ်သူက အာမခံနိုင်မှာလဲ" နိုက်တင်ဂေးက ကြားဖြတ်၍ ဝင်ပြောလိုက်သည်။ "နင်က ဟိုယုံကြည်သူတွေကို တိတ်တိတ်ကလေး လွှတ်ပေးနိုင်တယ်... သူတို့အတွင်းမှာ နင့်ရဲ့ မိတ်ဆွေတွေ ရှိနေသေးတယ်... မဟုတ်လား"

"ကျွန်မက အရှင်မင်းမြတ်ကို လိမ်ညာနေခြင်း မရှိပါဘူး" အစ္စဘယ်လာက ပြန်လည် ချေပလိုက်သည်။ "ဘုရားသခင်ရဲ့ မျက်နှာသာပေးခြင်း ခံရသူက ဘယ်သူလဲ ဆိုတာကို

+

ဇီးရိုးက သက်သေပြသွားပြီးပါပြီ... ဒီ့အတွက် ကျွန်မက မလိုအပ်တဲ့ အရာတွေကို လုပ်ဖို့ မလိုတော့ပါဘူး"

"တကယ်လို့ လိုအပ်နေရင် စစ်တပ်က ထောင်ချောက်တစ်ခု ဆင်ထားနိုင်ပြီး ကျွန်မက ယုံကြည်သူတွေကို အဲ့ဒီနေရာ ခေါ်လာကာ အကုန်လုံးကို သတ်ပစ်လို့ရတယ်... ဒါက ကျွန်မရဲ့ အရင်က အဆိုပြုမှုကို မသုံးမပြုချင်ရင် ပြုလုပ်နိုင်တဲ့ နောက်ထပ် ရွေးချယ်မှု တစ်ခုပဲ"

"ဟင်း..." နိုက်တင်ဂေးက ပင့်သက်တစ်ချက် ရှိုက်လိုက်ပြီးမှ ပြောလိုက်သည်။ "သန့်စင်စုန်းမ

+

တစ်ယောက်က ဒီလို တွေးမယ်ဆိုတာ
ငါခန့်မှန်းနိုင်ပါတယ်"

ရိုလန်က အနည်းငယ် စိတ်မသက်မသာ
ဖြစ်သွားခဲ့သည်။ နိုက်တင်ဂေး၏ တုံ့ပြန်မှု အရ
အစ္စဘယ်လာသည် သူမ၏ အကြံပေးမှုကို
လေးနက်စွာ ပြုခဲ့ခြင်း ဖြစ်နေမှန်း သိသာနေသည်။
သူမသည်  သူ့အပေါ်၌ သစ္စာစောင့်သိမည်ဟု
ကျိန်ဆိုခဲ့သော်လည်း ထိုအရာသည် မိစ္ဆာများကို
တိုက်ခိုက်ရန် အပေါ်တွင် အခြေခံထားခြင်း
ဖြစ်သည်။

အခြား စုန်းမများနှင့် မတူပဲ သူမသည် သန့်စင်စုန်းမ
တစ်ယောက်အဖြစ် သင်ကြား လေ့ကျင့်ပေးခြင်း

+

ခံခဲ့ရသဖြင့် သူမ၏ ရည်ရွယ်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်သရွေ့ သူမ၏ မျက်လုံးများ အတွင်းတွင် သာမန်လူများ၏ အသက်များသည် သိပ်အရေးမပါနေပေ။

ခေတ္တမျှ တွေးတောခဲ့အပြီးတွင် ရိုလန်က သူ၏ ပါးစပ်များကို ဖြည်းဖြည်းချင်း ဟကာ ပြောလိုက်သည်။ "ငါကမင်းကို ပထမ စစ်တပ်နဲ့ လိုက်ပါခွင့် ပြုနိုင်ပေမဲ့ မင်းက ဘယ်စစ်ပွဲကိုမှာ ဝင်စွက်ဖက်ခြင်း မပြုရဘူး... မင်းလုပ်ရမှာက ဆေးလုံးတွေကို ရှာပြီး အဲ့ဒီ နေရာမှာတင် ဖျက်ဆီးဖို့ပဲ"

+

"အရှင်မင်းမြတ်" သူမ၏ မျက်မှောင်များက သိသိသာသာ ကြုတ်သွားခဲ့သည်။ "ဒီဆေးလုံး တွေက ခန္ဓာကိုယ်ကို ဒုက္ခပေးနိုင်ပေမဲ့ သူသေကိုယ်သေ တိုက်ပွဲကျရင်..."

"ဘာမှ ဆက်မပြောနဲ့တော့" ရိုလန်က သူမအား ပိတ်ပြောလိုက်သည်။ "အခြေအနေကို အစီအစဥ် တကျဖြစ်အောင် ထိန်းသိမ်းနိုင်ဖို့ အနေနဲ့ ငါ့မှာ မင်းအတွက် နောက်ထပ် တာဝန်တစ်ခု ရှိနေတယ်"

အစ္စဘယ်လာက ချက်ချင်းပင် သူမ၏ ခေါင်းကိုငုံ့၍ ပြန်လည် တုံ့ပြန်လိုက်သည်။ "အရှင်မင်းမြတ်ရဲ့ အမိန့်အတိုင်းပါ"

+

"မြင့်မြတ်သော မြို့တော်ဟောင်းမှာ ဘုန်းကြီးကျောင်းအချို့ ရှိနိုင်သေးတယ်... မဟုတ်လား"

"ရှိနိုင်သေးတယ်... ဒါပေမဲ့ စုန်းမတွေတော့ မရှိတော့ဘူး" ခေတ္တမျှ စဉ်းစားခဲ့အပြီးတွင် သူမက ပြန်ပြင်ပြောလိုက်သည်။ "ပြီးခဲ့တဲ့ မိစ္ဆာမျိုးသောလ အတွင်းမှာ အသစ် နိုးထလာတဲ့ စုန်းမအချို့ ရှိနိုင်ပေမဲ့ သူတို့ အသက်ရှင်နိုင်သေးတဲ့ အခွင့်အရေးက အနည်းငယ်သာ ရှိတယ်"

"ကိစ္စမရှိပါဘူး... မိဘမဲ့ ကလေးတွေကို လွှတ်ပေးပြီးမှ ဂရုတစိုက် စောင့်ရှောက်ပြီး အနောက်ပိုင်း ဒေသကို ပြန်ခေါ်လာခဲ့ပါ"

+

အစ္စဘယ်လာက အံ့အားသင့်သွားသည်။ "သူတို့အားလုံးကိုလား"

"ဟုတ်တယ်... မင်းကပဲ တာဝန်ယူလိုက်ပါ" ရိုလန်က ခေါင်းညိတ်ပြလိုက်သည်။

သန့်စင်စုန်းမများသည် သူတို့၏ တာဝန်ကို ပြီးမြောက်ရန်သာ အာရုံထားပြီး အခြားသူများ၏ အသက်များကို တန်ဖိုးထားလေ့မရှိသဖြင့် အစ္စဘယ်လာအား အသက်ကယ်ရန် တာဝန်ပေးသည့် အခါ မည်ကဲ့သို့ တုံ့ပြန်မည်ကို မြင်လိုနေခဲ့သည်။

+

သူမ အတိတ်က ပြုလုပ်ခဲ့သည့် အရာများကို ပြုပြင်ပြောင်းလဲနိုင်စွမ်း မရှိသော်လည်း သူမ၏ စိတ်ခံစားချက်များကို ပြန်လည် ပြင်ဆင်နိုင်လိမ့်မည်ဟု သူက မျှော်လင့်နေမိသည်။

"ဒီတာဝန်မှာ သူ့ရဲ့ ရည်ရွယ်ချက်တွေ ရှိနေပြီး ငါ့ကို သတိပေးခဲ့တဲ့ အတွက် မင်းကို အရမ်း ကျေးဇူးတင်ပါတယ်… တကယ်လို့ အပေါ်ပိုင်း အရာရှိတွေက အုပ်ချုပ်ရေးကို အစီအစဉ်ကျအောင် မထိန်းသိမ်းနိုင်တော့ရင် ဒီဘုန်းကြီးကျောင်းတွေမှာ နေရာတာက အသက်ရှင်လျက်နဲ့ ငရဲကျသလို ဖြစ်သွားလိမ့်မယ်"

+

"အခု ဆောင်းမဲ့မြို့တော်မှာ လုပ်သားအင်အား များစွာ လိုအပ်နေပြီး အမျိုးသမီးတွေ အတွက်လည်း အလုပ်တွေ ရှိတယ်... ဘုရားကျောင်းက မိဘမဲ့တွေ အတွက် အခြေခံ ပညာရေးကို စတင် သင်ကြားပေးနေတယ်လို့ ငါကြားထားတယ်... ဟုတ်တယ်မလား"

"သူတို့အားလုံးမှာ အလွန် ကောင်းမွန်တဲ့ အလားအလာတွေ ရှိနေပြီး မြင့်မားတဲ့ နံရံတွေ အနောက်မှာ အစာငတ်ခံပြီး သေကြဖို့ မထိုက်တန်ပါဘူး... ငါကမင်းကို ဘာခြွင်းချက်မှ မရှိပဲ သူတို့အားလုံးကို ဒီနေရာ ခေါ်လာစေလိုတယ်"

+

အစ္စဘယ်လာက အချိန်အတန်ကြာ
ငြိမ်သက်သွားပြီးမှ ခေါင်းညိတ်လိုက်သည်။
"ဒါဆိုရင် အစာတွေ အများကြီး လိုလိမ့်မယ်"

"ငါက လိုအပ်မယ့် အစားအစာတွေ အားလုံးကို
ပြင်ဆင်ထားခိုင်းလိုက်မယ်"

သူမ၏ မျက်လုံးများ အတွင်းတွင် ရှုပ်ထွေးသော
အမူအရာ တစ်ခု ပေါ်လာခဲ့သည်။ ရိုလန်သည်
ထိုအမူအရာအား သူမက ခွင့်လွှတ်ခြင်းခံရ၍
နှောင်ကြိုးများကို ဖယ်ရှားပြီး အကန့်အသတ်နှင့်
လွတ်လပ်မှုကို ရရှိခဲ့သည့်နေ့တွင် ရိုလန်က
တွေ့ဖူးခဲ့သည်။

+

အကယ်၍ သူမ၏ အတွေးများကို ကြားနိုင်ခဲ့လျှင် "ဘာကြောင့်လဲ" ဟူသော မေးခွန်းအား ကျယ်လောင်စွာ ကြားနေရပေလိမ့်မည်။

သူမသည် သူမ၏ ခါးကို ဖြည်းညင်းစွာကိုင်း၍ ဦးညွှတ်လိုက်လေသည်။

"အရှင်မင်းမြတ်ရဲ့ အမိန့်အတိုင်းပါ"

စာစဥ် ၅၇ : အပိုင်း ၉

အပိုင်း ၈၄၉ : ဘုရင်၏ အမိန့်များ

+

အက်ဒစ်သည် သူမ၏ နေအိမ်သို့ ပြန်ရောက်သော အခါ ကုတ်အင်္ကျီကို ချွတ်လိုက်၍ တံခါးအနားမှ အင်္ကျီချိတ်သည့် စင်ပေါ်သို့ သာမန်သာ ပစ်တင်လိုက်သည်။

ညှော်ခန်းထံမှ လွင့်ပျံလာသော မွှေးပျံ့နေသည့် ရနံ့အား ရှူမိခဲ့အပြီးတွင် သူမ၏ ခြောက်ကပ်နေသော ပါးစပ်က ချက်ချင်းပင် သွားရည်များ ယိုလာခဲ့လေသည်။

ကာကွယ်ရေး ဌာနမှ အစည်းအဝေး အတွင်းတွင် သူမက ဗိုက်ဆာသည်ဟု မခံစားရသော်လည်း ယခုအချိန်၌ သူမ၏ အစာအိမ်သည်

+

ကျယ်လောင်စွာ အသံမြည်လာသည်ဟု သူမက ခံစားနေရသည်။

"ဘာဖြစ်လို့ ဒီကနေ့ ဒီလောက်အထိ နောက်ကျနေရတာလဲ" ကိုးလ်၏ ဦးခေါင်းက တံခါးဘောင် အပြင်သို့ ပြူ၍ ကြည့်ခဲ့အပြီးတွင် သူ၏ အသံကို ကြားလိုက်ရသည်။ သူ၏ လက်အတွင်းတွင် ဇွန်းတစ်ချောင်း ကိုင်ထားသည်ကို တွေ့နေနိုင်သည်။

"စစ်ပွဲက အချိန်မရွေး စတော့မှာ ဖြစ်တဲ့အတွက် ကာကွယ်ရေး ဌာနက အလုပ်ပိုလုပ်ရမှာပေါ့… အထူးသဖြင့် အရှေ့ဦး နိုင်ငံက အခြေအနေတွေကို ပိုမို ရှုပ်ထွေးအောင် လုပ်နေတဲ့ အချိန်မှာပဲ" သူမက

+

သူမ၏ သားရေ ဘွတ်ဖိနပ်များကို ချွတ်လိုက်ပြီး နူးညံ့သော ခြေအိတ်တစ်စုံဖြင့် လဲလိုက်ကာ ညွှေ့ခန်းအတွင်းသို့ ဝင်လာခဲ့သည်။

"တကယ်လို့ ငါက နောက်တစ်ခါ နောက်ကျလို့ရှိရင် မင်းက ညစာ စားနှင့်လိုက်ပါ"

"ကိစ္စမရှိပါဘူး... ကျွန်တော်က စောင့်နိုင်ပါတယ်" ကိုးလ်က သူ၏ နှုတ်ခမ်းများကို တွန့်၍ ပြောလိုက်သည်။ "ဒါပေမဲ့ အရှင်မင်းမြတ်က အရဏ်ဦး ဘုရင်နဲ့ ပတ်သတ်ပြီး ဘာလုပ်ရမလဲ ဆိုတာကို မဆုံးဖြတ်ရသေးဘူးမလား... တကယ်လို့ သူက ဘားရော့တို့ဘက်က ပေးထားတဲ့ နည်းဗျူဟာကို အသုံးပြုခဲ့ရင် အစ်မ အခု

+

ပြုလုပ်နေတဲ့ အစီအစဉ်တွေက အလကား
မဖြစ်သွားဘူးလား"

"သူ့မှာ သူ့ရဲ့ ကိုယ်ပိုင် အစီအစဉ်တွေ မရှိဘူးလို့
မင်းက တကယ်ပဲ ထင်နေလို့လား" အက်ဒစ်က သူမ
မောင်ငယ်၏ ခေါင်းကို ပုတ်လိုက်ပြီးမှ သူ့အား
ဖြတ်လျှောက်သွားခဲ့သည်။ "ရိုလန် ဝင်ဘယ်ဒန်ဟာ
သူ့လက်အောက်ငယ်သားတွေရဲ့ အကြံအစည်ကို
မျက်စိမှိတ်ပြီးမှ လက်ခံတတ်တဲ့ ဘုရင်တစ်ပါး
မဟုတ်ဘူး"

"အစ်မက ဒီတစ်ခေါက်မှာ ဘာကို တွေ့ရှိခဲ့လို့လဲ"
ကိုးလ်က စိတ်ဝင်တစား ကြည့်၍ မေးလိုက်သည်။

+

"ငါမင်းကို ပြောပြနိုင်ပေမဲ့ ပြီးရင် မင်းကို သတ်ပစ်မှ ရလိမ့်မယ်" သူမသည် သူ့အား တစ်ချက် စေ့ကြည့်လိုက်ရာ သူက တုန်ခါသွားပြီး နောက်ထပ် စကားတစ်ခွန်းကိုမှ ထပ်မပြောတော့ပေ။

ညစာစားပွဲ အပေါ်တွင် ဟင်းနှစ်မျိုးနှင့် ဟင်းရည်တစ်မျိုးတို့အား တင်ထားပြီး သူတို့အားလုံးအား ဆောင်းမဲ့မြို့တော်၏ အထူး အစားအစာ ဖြစ်သည့် ငှက်ဆွတ်မှိုများဖြင့် ပြုလုပ်ထားခြင်း ဖြစ်သည်။

လတ်တလောတွင် မှိုခူးကြသော မုဆိုး အရေအတွက် တိုးလာ၍လား မသိ သို့မဟုတ် မှိုသိုက်တစ်ခု အသစ် တွေ့ထား၍လား မသိ

+

အထူးလတ်ဆတ် အရည်ရွှန်း၍ အရသာရှိသော မှိုများကို မြို့တော်ဈေးတွင် ယခင်ကထက် ဈေးပေါပေါဖြင့် အမြောက်အမြား ဝယ်ယူရရှိနိုင်သည်။ သို့ဖြစ်၍ မှိုရောင်းအားသည် အသား ရောင်းအားများထက် ပို၍ သာလွန်လုနီးပါးပင် ဖြစ်နေခဲ့ပေပြီ။

မှိုများအား ကြာရှည်ခံအောင် ထိန်းထားနိုင်ခြင်း မရှိသည့်မှာ အလွန်ပင် နှမြောစရာ ကောင်းသည်။ မဟုတ်လျှင် သူတို့သည် အနောက်ပိုင်း ဒေသ၏ ပြင်ပတွင်လည်း ရောင်းအားကောင်းမည့်မှာ သေချာနေပေသည်။

+

အကြိမ်ဒစ်က မှိုကင်တစ်ပွင့်အား သူမ၏
ပါးစပ်အတွင်းသို့ ထည့်လိုက်ရာ အနည်းငယ်
တူးနေသည့် မှိုပွင့်၏ အရသာသည်
အရည်ပျော်နေသော ထောပတ်၏ အရသာနှင့်
ပြီးပြည့်စုံစွာ လိုက်ဖက်နေခဲ့ပြီး ကြွတ်ရွသော
အသံတစ်ခုနှင့် အတူ သူမ၏ ပါးစပ် တစ်ခုလုံးသည်
မှိုအရည်များဖြင့် ပြည့်သွားကာ အရသာ
ရှိလွန်းသဖြင့် ညည်းသံသဲ့သဲ့လေး တစ်ခုပင်
ထွက်လာခဲ့သည်။

ဤအချိန်မှပင် သူမသည် သူမ၏ မောင်ငယ်အား
တစ်ချိန်လုံး အထင်သေး လျှော့တွက်နေမိမှန်းကို
သဘောပေါက်သွားတော့သည်။

+

သူသည် ခေးရေး မကျွမ်းကျင်သလို ဆုံးဖြတ်ချက် မပြတ်သားသော်လည်း သင်ယူနိုင်မှု အရည်အချင်းသည် သူမ မျှော်မှန်းထားသည်ထက် များစွာပို၍ ထူးချွန်နေသည်။ ဥပမာအားဖြင့် ချက်ပြုတ်ခြင်းကို ကြည့်ပါ။ သူသည် ဤမှို့များကို မည်ကဲ့သို့ ချက်ရမည်ကို အရှင်မင်းမြတ် ကျင်းပသော စားသောက်ပွဲများတွင် သူတို့အား တစ်ခါ၊ နှစ်ခါ စားဖူးရုံဖြင့်ပင် သင်ယူ လေ့လာနိုင်ခဲ့သည့် အပြင် အရသာကလည်း ထပ်တူညီလုနီးပါး ဖြစ်နေခဲ့သည်။

မြို့တော်ခန်းမမှ သူ၏ စာရေးအလုပ်ကလည်း အတူတူပင် ဖြစ်သည်။ သူသည် အလုပ်ဝင်သည်မှာ လအနည်းငယ်သာ ရှိသေးသော်လည်း သခင်ရဲတိုက်တွင် ကျင်းပသည့် အရေးပါသော

+

အစည်းအဝေးများတွင် စာရေးရသည့် အလုပ်ကို
တရားဝင် လုပ်ဆောင်နေရပေပြီ။

ဤကဲ့သို့သော ရာထူးတိုးသည့် အမြန်နှုန်းသည်
သူနှင့် ရွယ်တူအုပ်စုမှ လူများထက် များစွာပို၍
မြန်ဆန်နေသည်။ သူတို့ကိုယ် သူတို့
အကောင်းဆုံးဟု သတ်မှတ်ထားကြသော
မြောက်ပိုင်းဒေသမှ မှူးမတ်ငယ်များကပင်
သူ့ထက်ပို၍ ကောင်းစွာ လုပ်နိုင်ကြမည်
မဟုတ်ချေ။

သို့သော်လည်း အက်ဒစ်က သူ့အား အသိအမှတ်
အပြုဆုံး အရာမှာ သူသည် သူမ ပြောသမျှကို

+

အမြဲတမ်း လိမ်လိမ်မာမာ နားထောင်
လိုက်နာနေခြင်းပင် ဖြစ်သည်။

ဤအကြောင်းကို တွေးမိသော အခါ ညစာ၏
အရသာသည် ပို၍ပင် အရသာ ရှိလာသည်ဟု
သူမက ခံစားလိုက်ရလေသည်။

ဘာပဲပြောပြော သူမ လက်အောက်မှ လူများ၏
စွမ်းရည်များက ပိုကောင်းလေလေ သူမ
လုပ်ဆောင်ရမည့် အရာများက ပို၍
လွယ်ကူလေလေ ဖြစ်နေသည်။

"အစ်မ…" စားသောက်နေရင်း ကိုးလ်သည်
မအောင့်နိုင်တော့ပဲ ထပ်မေးလိုက်သည်။ "ပြီးခဲ့တဲ့

+

အစည်းအဝေးတွေမှာ အစ်မက ဘာဖြစ်လို့ ငြိမ်ငြိမ်ပဲ ထိုင်နေရတာလဲ"

"ဟင်" သူမက ဇွန်းကို ချလိုက်၍ မျက်တောင်များကို သိသိသာသာ ပင့်လိုက်သည်။

"အရှင်မင်းမြတ် မေးမြန်းခဲ့တဲ့ မေးခွန်းတွေဟာ အစ်မ နားလည် ကျွမ်းကျင်တဲ့ နယ်ပယ်အတွင်းမှာပဲ ရှိနေတယ်… မဟုတ်လား… အစ်မက သူ့ရဲ့ ရည်ရွယ်ချက်တွေကို နားလည်နေပေမဲ့ ဘာဖြစ်လို့ ပြန်လည် မဖြေကြားခဲ့ရတာလဲ" ကိုးလ်က သုန်မှုန်စွာဖြင့် ပြောလိုက်သည်။ "ဘားရော့က အစ်မကို ကြည့်နေတဲ့ ပုံကို အစ်မက

+

မမြင်ဘူးလား... သူက အပျော်လွန်ပြီးမှ
မိုးပေါ်ပျံတက်တော့မလို ဖြစ်နေပြီ"

"ဒါကလည်း လျှို့ဝှက်ချက် တစ်ခုပဲ... လုပ်နေကျ
ထုံးစံအရ..."

"အာ..." သူသည် ခေါင်းကို ငုံ့သွား၍
အကျပ်ရိုက်နေသော အကြည့်တစ်ခုကို
ဖော်ပြလိုက်သည်။ အချိန် အတန်ကြာ ချီတုံချတုံ
ဖြစ်ခဲ့အပြီးတွင် သူ၏ သိလိုစိတ်ကို ဖိနှိပ်နေဟန်ဖြင့်
ခေါင်းကို စိတ်ပျက်လက်ပျက်ဖြင့် ခါလိုက်သည်။

"ဒါပေမဲ့ အရသာရှိတဲ့ ဒီညစာကို ထောက်ထားပြီး
မင်းက တန်ဖိုးကို ပေးဆပ်ပြီးသွားပြီလို့ ငါက

+

သတ်မှတ်လိုက်မယ်" အက်ဒစ်က အနည်းငယ် ပြုံး၍ ပြောလိုက်သည်။ "စုန်းမ သမဂ္ဂက အန်ဒရီယာနဲ့ ပတ်သတ်ပြီး မင်းက ဘယ်လောက်အထိ သိထားသလဲ"

"အန်ဒရီယာ... ဟုတ်လား" ကိုးလ်က အချိန် အနည်းငယ် တွေးပြီးမှ ပြန်ပြောလိုက်သည်။ "သူမရဲ့ နာမည်ဟာ ကြိုတင် စီစဥ်ထားတဲ့ အစီအစဥ်တွေမှာ တစ်ခါမှ မပါဖူးပဲ သူမရဲ့ စွမ်းရည်က မြား..."

"သူမရဲ့ စွမ်းရည်နဲ့ ဘာမှ မဆိုင်ဘူး" မြောက်ပိုင်းဒေသမှ ပုလဲက လက်ဖျစ် တစ်ချက်တီး၍ ပြောလိုက်သည်။ "မင်းက

+

သူမအကြောင်း သိပ်မသိတာ ဘာမှ မထူးဆန်းပါဘူး… သူမဟာ တိုက်ခိုက်ရေး စုန်းမတစ်ယောက် ဖြစ်ပြီး လူအလယ်ကို ထွက်လေ့မရှိပဲ လူအနည်းငယ်ကသာ သူမရဲ့ နောက်ခံကို သိထားကြတယ်"

"ငါစုဆောင်းထားတဲ့ သတင်း အချက်အလက် အရ သူမဟာ အရဏ်ဦး နိုင်ငံက မှူးမတ်တစ်ယောက် ဖြစ်ပြီး သူမရဲ့ မိသားစု အဆင့်အတန်းက အတော်လေး မြင့်မားတယ်… သူမဟာ အိုတိုလော်ရှီးရဲ့ မိတ်ဆွေဟောင်း တစ်ယောက် ဖြစ်ပြီး ဒီအသေးစိတ် အချက်အလက်တွေကနေ တဆင့် ကျန်တဲ့ လျှို့ဝှက်ချက်တွေကို မင်းက ဆင်ခြင် သုံးသပ်နိုင်တယ်"

+

ပြီးတာနှင့် သူမသည် သူမ၏ ကိုယ်ပိုင် သုံးသပ်ချက်ကို ဆက်လက်၍ ရှင်းပြလိုက်သည်။ "ငါက အစည်းအဝေး အတွင်းမှာ ဘာကြောင့် စကားမပြောခဲ့သလဲ ဆိုတာကို မင်းက အခု နားလည်ပြီလား… တကယ်လို့ ငါက မျက်နှာလိုက်ပြီးမှ ပြောခဲ့ရင် အချို့ အရာတွေက ရည်မှန်းထားတဲ့အတိုင်း ဖြစ်မလာနိုင်တော့ပဲ အရှင်မင်းမြတ်က ငါ့ကိုတောင် အပြစ်မြင်သွားလိမ့်မယ်"

ကိုးလ်၏ မျက်လုံးများက ပြူးကျယ်သွားသည်။ "အစ်မက ဒါတွေအားလုံးကို ဘယ်လို သိနေတာလဲ"

+

"'ရှေ့တန်းကို သွားနိုင်တဲ့ သူတွေကသာ အဓိက အရာရှိတွေ ဖြစ်လာနိုင်တယ်'လို့ ပြောခဲ့လို့သာ ငါက မဟာ နှင်းတောင်တန်းကို သွားခဲ့တယ်လို့ မင်းက ထင်နေတာလား... ဒါက အကြောင်းရင်းတွေ အများကြီး အနက်က တစ်ခုသာ ရှိသေးတယ်" သူမက ပခုံးများကို တွန့်ပြလိုက်ပြီးမှ ဆက်ပြောလိုက်သည်။ "ငါက ဒီခရီးကို မထွက်ခဲ့ရင် စုန်းမတွေနဲ့ အနီးကပ် ဆက်ဆံနိုင်ဖို့ အတော်ကို ခက်ခဲလိမ့်မယ်"

ကိုးလ်က သူ၏ မျက်မှောင်များကို ကြုတ်လိုက်ပြီးမှ အချိန် အတန်ကြာ ဆင်ခြင် သုံးသပ်နေခဲ့သည်။ "မဟုတ်သေးပါဘူး... အစ်မ ကြားခဲ့တဲ့ သတင်းက မှန်နေရင်တောင် အရှင်မင်းမြတ်ဟာ အရဏ်ဦး နိုင်ငံက ပြဿနာတွေကို လျင်လျင်မြန်မြန်

+

ဖြေရှင်းနိုင်ဖို့ အန်ဒရီယာကို ရွေးချယ်လိမ့်မယ်ဆိုတာ ဘာဖြစ်လို့ ဒီလောက်အထိ သေချာနိုင်ရတာလဲ...ဒီအချက်နှစ်ချက် အကြားမှာ ဘာဆက်စပ်မှုမှ မရှိနေဘူး"

"သူက တိုင်းပြည်ကို တညီတညွတ်တည်း ဖြစ်အောင် ပြုလုပ်ပြီး နန်းတက်ပွဲ အခမ်းအနားကို ကျင်းပဖို့ ဦးစားပေးမှာရော မဖြစ်နိုင်ဘူးလား"

"သူတို့ အကြားမှာ ဘာဆက်သွယ်မှုမှ မရှိနေဘူး... ဒါပေမဲ့ အစည်းအဝေး အတွင်းက အရှင်မင်းမြတ်ရဲ့ အပြုအမူတွေဟာ ငါ့ကို ယုံကြည်ဖို့ ခက်ခဲစေခဲ့တယ်" အက်ဒစ်က အခိုင်အမာ ထုတ်ဖော် ပြောဆိုလိုက်သည်။

+

"ဒီအစည်းအဝေး သုံးရက်အတွင်းမှာ သူက အန်ဒရီယာကို ဆယ့်ခုနစ်ခေါက် တိတိ ကြည့်ခဲ့တယ်... သူမက မြို့တော်ခန်းမ အရာရှိ တစ်ယောက် မဟုတ်သလို ဆုံးဖြတ်ချက် ချရမယ့် အဓိက ပုဂ္ဂိုလ် တစ်ယောက်လည်း မဟုတ်နေဘူး... ဒီလိုဆိုတော့ သူတို့က အချင်းချင်း ကြိုက်နှစ်သက်နေကြတာ မဟုတ်ရင် လျှို့ဝှက် အကြံအစည် တစ်ခုခုတော့ ရှိနေရမယ်"

"အစ်မက... ဒါကိုတောင် သတိထားမိခဲ့တာလား"

သူမက ဟင်းရည် ပန်းကန်လုံးကို မြှောက်လိုက်၍ အစည်းအဝေး အတွင်းမှ ပုံစံမျိုးကို

+

ပြန်ဖမ်းလိုက်သည်။ "ဒီလိုမျိုး ထိုင်နေခြင်းအားဖြင့် ငါက အရှင်မင်းမြတ်ကို မျက်လုံးထောင့်တွေကနေ တဆင့် စောင့်ကြည့်နေနိုင်တယ်... သူက အန်ဒရီယာကို စောင့်ကြည့်နေစဥ် အတွင်းမှာ တစ်စုံတစ်ယောက်ကလည်း သူ့ကို အဆက်မပြတ် စောင့်ကြည့်နေမယ် ဆိုတာကို သူက သေချာပေါက် မျှော်လင့်ထားမှာ မဟုတ်ဘူး"

"..." သူမ မောင်ငယ်၏ နှုတ်ခမ်းများသည် ထူးခြားသော အမူအရာ တစ်ခုအဖြစ်သို့ တွန့်သွား၍ မကြားနိုင်သည့် တစ်စုံတစ်ရာကို တီးတိုး ရေရွတ်လိုက်လေသည်။

+

"နင်က ဘာပြောတာလဲ" အက်ဒစ်က
အေးစက်စွာဖြင့် မေးလိုက်သည်။

"အမ်… ဘာမှ မဟုတ်ပါဘူး" ကိုးလ်က ချက်ချင်းပင်
သူ၏ လက်များကို ခါယမ်း၍ ငြင်းဆိုလိုက်သည်။
"ဒါပေမဲ့ အစည်းအဝေး တစ်ခု အတွင်းမှာ အစ်မက
အန်ဒရီယာကို တစ်စုံတစ်ခု ပြောခဲ့တာကို
ကျွန်တော် မြင်ခဲ့တယ်… ဒါက ဒီအကြောင်းနဲ့
ပတ်သတ်နေတာလား… တကယ်လို့ အစ်မရဲ့
ခန့်မှန်းချက်တွေ မှားသွားရင် ဘယ်လိုလုပ်မလဲ"

"အိုး" သူမက ရယ်ချင်သွားပြီးမှ မျက်ခုံးများကို
ပင့်လိုက်သည်။ "မင်းက ဒါကို တွေ့ခဲ့တာလား"

+

"ကျွန်တော်ဟာ အဲ့ဒီနေ့က အစ်မကို ဘယ်အချိန် အိမ်ပြန်မလဲ ဆိုတာကို မေးချင်နေခဲ့တာ... ဒါပေမဲ့ အစ်မက သူမ အနားကို စကားသွားပြောခဲ့တယ်"

"ငါ့ရဲ့ စိတ်အတွင်းက ခန့်မှန်းချက်တွေကို အကုန် ဖော်ပြဖို့ လိုအပ်နေတာ မဟုတ်ဘူး... ငါက သူမကို အနောက်ကနေ အသာတွန်းပေးလိုက်ဖို့သာ လိုအပ်နေတယ်" အက်ဒစ်က တည်ငြိမ်စွာဖြင့် ပြန်ဖြေလိုက်သည်။

"ငါက သူမကို ဒီစကားကိုသာ သွားပြောလိုက်တယ်... 'အရှင်မင်းမြတ်ဟာ အမတန်မှ ကရုဏာ ကြီးမားတဲ့ ဘုရင်တစ်ပါး ဖြစ်တယ်... ဒါ့အပြင် သူဟာ ဆာအိုတိုကို အရင်က

+

ခဏတာ တွေ့ဖူးခဲ့ပြီး နင်ကသူ့ကို သွားပြောခဲ့တာနဲ့ အိုတိုကို ကယ်တင်ဖို့ သူက သဘောတူမှာ သေချာသလောက်ပဲ'"

"ဒီလိုဆိုတော့ တကယ်လို့ ငါ့ရဲ့ ခန့်မှန်းချက်တွေက မှန်ကန်နေခဲ့ရင် ငါက အရှင်မင်းမြတ်ကို အတော်ကြီး ကူညီနိုင်ခဲ့လိမ့်မယ်... တကယ်လို့ ငါက မှားသွားခဲ့ရင်လည်း..." သူမက ခေတ္တမျှ ရပ်နားပြီးမှ ဆက်ပြောလိုက်သည်။ "အရဏ်ဦး နိုင်ငံက မှူးမတ်တွေရဲ့ သေရေးရှင်ရေးကို ဘယ်သူက တကယ်ပဲ ဂရုစိုက်နေမှာလဲ"

.........

+

နောက်တစ်နေ့တွင် ပုံမှန် အစည်းအဝေးသည်
ခါတိုင်းကြာချိန်၏ တစ်ဝက်သာ ကြာတော့သည်။

ပြီးခဲ့သော သုံးရက်အတွင်း နှုတ်ဆိတ်နေသော
ရိုလန် ဝင်ဘာယ်ဒန်သည် သူက မှူးမတ်များ၏
ဆွေးနွေးမှုများအား နားထောင်ရသည်ကို
လုံလောက်ပြီဟု ယူဆခဲ့ပြီး အစည်းအဝေး အစဉ်ပင်
သူ၏ ဆုံးဖြတ်ချက်အား ကြေညာခဲ့လေသည်။

ဆောင်းမဲ့မြို့တော်တွင် ပထမ စစ်တပ်သည်
အဖွဲ့နှစ်ဖွဲ့ ခွဲ၍ သွားရမည် ဖြစ်သည်။ ပထမ
အဖွဲ့သည် လေအေးတောင်တန်းမှ တဆင့် ဟားမီးစ်
ကုန်းပြင်မြင့်အား ဝင်ရောက်ရမည် ဖြစ်ပြီး
ကျန်တစ်ဖွဲ့သည် အရှေ့ပိုင်း ဒေသကို တိုက်ရိုက်

+

ဖြတ်သန်း၍ အရဏ်ဦး နိုင်ငံ၏ နယ်စပ်သို့ တိုက်ရိုက် ချီတက်ရမည် ဖြစ်သည်။

သူတို့ တပ်ဖွဲ့နှစ်ဖွဲ့၏ ရည်မှန်းချက်မှာ ဆောင်းဦး အစတွင် တောက်ပမြို့တော်၌ ဆုံဆည်းရန်ပင် ဖြစ်လေသည်။

ရိုလန် ဝင်ဘယ်ဒန်က အမိန့်ကို ချမှတ်လိုက်သော အခါ အစည်းအဝေးမှ လူများအားလုံးသည် ငြင်းခုန်မှုများကို ရပ်တန့်လိုက်ကြပြီး သူ၏ အမိန့်အား တစ်ပြိုင်နက်တည်း နာခံလိုက်ကြသည်။ ရှေးရိုးဆန်သည့် အယူဝါဒကို ကိုင်ဆွဲထားသော အုပ်စု၏ ခေါင်းဆောင်ဖြစ်သည့် ဘားရော့ကပင် သူသည် ယခင်က ဘာမှ မပြောထားခဲ့သကဲ့သို့

+

ဤဆုံးဖြတ်ချက်အား ဦးညွှတ်၍
သဘောတူညီခဲ့သည်။

အနောက်ပိုင်း ဒေသ တစ်ခုလုံးသည် ချက်ချင်း
ဆိုသလိုပင် အလုပ်ရှုပ်သွားလေတော့သည်။

## စာစဥ် ၅၇ : အပိုင်း ၁၀

## အပိုင်း ၈၅၀ : အထီးကျန် ဝံပုလွေ တစ်ကောင်

လော်ဂျာသည် သူမ၏ အိတ်အတွင်းမှ
ရွှေပြားများကို စားပွဲပေါ်သို့ သွန်ချ၍
နှစ်ကြိမ်တိုင်တိုင် အသေအချာ

+

ပြန်ရေတွက်ခဲ့အပြီးတွင် သူမ၏ မျက်မှောင်များက တင်းကျပ်စွာ ကြုတ်သွားလေသည်။

သူမတွင် ရွှေပြား နှစ်ဆယ့်တစ်ပြားသာ ကျန်ပေတော့သည်။

လဝက်ပင် မရှိသေးပဲ သူမသည် သူမ စုဆောင်းမှု၏ လေးပုံသုံးပုံအား အသုံးပြုခဲ့မိသည်။ အကယ်၍ ဤအတိုင်းသာ ဆက်သွားနေပါက သူမ၏ မာနနှင့် မြင့်မားသော ရည်ရွယ်ချက်များ အားလုံးတို့ကို သဲနုန်းများ အတွင်းသို့ ပစ်ချကာ အိမ်သို့ မျက်နှာမလှ ဖြစ်စွာဖြင့် ပြန်ရလိမ့်မည်ကို သိနေခဲ့သည်။

+

မြို့ကြီး တစ်မြို့မှ ဈေးနှုန်းများသည် မယုံနိုင်အောင် မြင့်မားလှသည်။ အထူးသဖြင့် အိမ်လင်း၏ အရက်မျိုးစုံဆိုင် ဖြစ်သည်။

သူမ၏ ဆိုင်မှ ဖျော်ရည်များသည် မယုံနိုင်အောင် ဈေးကြီးလှပြီး နေ့ခင်းကြောင်တောင် ဓားပြတိုက်နေသည်နှင့်ပင် တူနေပေသည်။

"မဟုတ်ဘူး..." လော်ဂျာသည် ညည်းတွားလိုက်ပြီးမှ သူမ၏ ခေါင်းကို စိတ်ဓာတ်ကျစွာဖြင့် ငုံ့လိုက်သည်။ သူမ၏ နားရွက်များကလည်း အောက်သို့ တွဲကျနေခဲ့သည်။ ဖျော်ရည်များကို ဝယ်သောက်ရန် သူမသည် သူမ၏ ရွှေပြားများကို လိုလိုလားလား ထုတ်ပေးခဲ့သဖြင့်

+

အရက်ဆိုင်က သူမအား ခားပြတိုက်နေခြင်း
မဟုတ်ဟု သူမက ဝန်ခံရပေလိမ့်မည်။

အမှန်အတိုင်း ပြောရလျှင် သူမက ထိုနေရာတွင်
ပိုက်ဆံများစွာ သုံးစွဲခဲ့သဖြင့် ဆိုင်ရှင်ကပင် သူမ၏
စိုးရိမ် ပူပန်မှုများကို ထုတ်ဖော် ပြသခဲ့သေးသည်။
အိဗ်လင်းသည် သူမအား စုန်းမ သမဂ္ဂ အတွင်းသို့
ဝင်ခဲ့လျှင် လစဉ်လတိုင်း ခေးရော့ ဖျော်ရည်
တစ်ပုလင်း အခမဲ့ ရနိုင်သည်ဟု
ပြောပြခဲ့သော်လည်း သူမ၏ စကားများသည်
လော်ဂျာ၏ ခေါင်းအတွင်းသို့ မဝင်နိုင်ခဲ့ပေ။

ငါက ငါ့ရဲ့ ကိုယ်ပိုင် အလိုဆန္ဒရဲ့ အနိုင်ယူမှုကို
ခံခဲ့ရတာပဲ။

+

ဒါမှမဟုတ် ငါ့ရဲ့ စပ်စုလိုစိတ်ပေါ့။

ဒါပေမဲ့...

ဒါက ငါ့အမှားချည်း မဟုတ်ပါဘူး။ ဒီခေးရော့ ဖျော်ရည်တွေက အမတန်မှ သောက်လို့ ကောင်းလှတယ်။ အာတူရို အိုအေစစ်က နံနက်ဆီးနှင်းပေါက်ကတောင် ဒီလောက်အထိ အရသာ မရှိဘူး။ သူတို့ရဲ့ အံ့ဖွယ်ကောင်းလှတဲ့ အရသာတွေက ဖော်ပြလို့တောင် မရနိုင်ပဲ ရောင်စုံဖျော်ရည် တစ်ခုချင်းစီက ထူးခြားတဲ့ အရသာ တစ်ခုစီ ရှိနေတယ်။ အရက်မျိုးစုံဆိုင်က သူ့ရဲ့ ဂုဏ်သတင်းနဲ့ လိုက်ဖက်လှပါတယ်။

+

အကယ်၍ အရက်ဆိုင်မှ ဖျော်ရည်များ
အားလုံးသည် အရသာ အတူတူပင် ရှိပါက
သူတို့သည် နတ်ဘုရား သုံးပါး ဖျော်စပ်ထားသည့်
ဖျော်ရည်ကဲ့သို့ အရသာ ရှိနေလျှင်ပင် သူမက
သူမကိုယ့်ကိုယ် ထိန်းချုပ်နိုင်လိမ့်မည်ဟု
လော်ဂျာက ယုံကြည်နေခဲ့သည်။

ဘာပဲပြောပြော စစ်သည်တော်
တစ်ယောက်အတွက် အရက်ကို အနည်းငယ်သာ
သောက်သုံးလျှင် အကျိုးရှိနိုင်သော်လည်း
အလွန်အကျွံ သောက်သုံးခဲ့လျှင် ဆိုးကျိုးများ
ရှိနိုင်သည်ကို လော်ဂျာက သိနေခဲ့သည်။

+

သို့သော်လည်း ခေးရော့ ဖျော်ရည်များသည် ခန့်မှန်းရန် ခက်ခဲလွန်းလှပြီး သူမသည် နောက်ထပ် အရသာ တစ်မျိုးကို မြည်းစမ်းနိုင်ရန် မစောင့်နိုင်တော့ပဲ မသိစိတ်မှ နေ၍ သူမ၏ ပိုက်ဆံများကို စီးဆင်းနေသည့် ရေများအလား သုံးစွဲမိခဲ့လေသည်။

စိတ်ရှုပ်ထွေးစွာဖြင့် လော်ဂျာသည် သူမ၏ ခေါင်းကို အဆက်မပြတ် ခါယမ်းနေ၍ သူမ၏ နဖူးကို အေးစက်သော စားပွဲ မျက်နှာပြင်နှင့် ပွတ်နေကာ ဦးနှောက် ကြည်လင်လာရန် ကြိုးစားနေခဲ့သည်။

မဖြစ်ဘူး၊ ငါ့ကိုယ်ငါ ထိန်းမှရမယ်။

+

သူမသည် မြို့တော်အတွင်းမှ အရက်ဆိုင်
အတွင်းတွင် လျှို့ဝှက်စွာ လုပ်ရှားခဲ့သည်။
ထိုနေရာသည် ကြောက်မက်ဖွယ် ကောင်းလှအောင်
ဈေးကြီးသည့် ဖျော်ရည်များကို ရောင်းချသည့်
နေရာတစ်ခု ဖြစ်နေသော်လည်း သူမ၏
အမြင်များကို ချဲ့ထွင်ရန်နှင့် သတင်း
အချက်အလက်များကို စုဆောင်းရန် အကောင်းဆုံး
နေရာတစ်ခု ဖြစ်သည်ကို တွေ့ခဲ့ရသည်။

အရက်ဆိုင် အတွင်းတွင် မည်သည့် နေရာ၌
ထိုင်နေသည် ဖြစ်စေ သူမသည် မြောက်ပိုင်း
တိုင်းပြည်များရှိ ဒေသအစုံမှ လာခဲ့သည့်
ကုန်သည်များ၏ စကားဝိုင်းများကို ကြားနိုင်ခဲ့သည်။
တောင်ပိုင်း အစွန်အဖျား ဒေသမှ ခရီးသွား
ကုန်သည်များနှင့် မတူပဲ ဤနေရာမှ ကုန်သည်

+

အများစုသည် ချမ်းသာ ကြွယ်ဝကြကာ ဝံပုလွေ ကောင်မလေး ယခင်က တစ်ခါမှ မကြားဖူးသည့် အကြောင်းအရာများကို ပြောခဲ့ကြသည်။

သူမသည် ထိုစကားဝိုင်းများကို နားထောင်ခဲ့ပြီး အကျိုးအမြတ် များစွာ ရရှိခဲ့သည်။ စုန်းမ သမဂ္ဂ၏ အတွင်း သတင်းများကို မရနိုင်သော်လည်း ထိုနေရာတွင် ဤနေရာမှ စုန်းမ အချို့ကိုလည်း တွေ့ဆုံနိုင်ခဲ့သေးသည်။

သို့သော်လည်း ဤကဲ့သို့သော အခွင့်အရေးများကို ဆက်စောင့်နေရန် အတွက် သူမ၏ လက်ကျန်ငွေက သူမအား ဆက်လက် ထောက်ပံ့ပေးနိုင်တော့မည် မဟုတ်ချေ။

+

သူမသည် ယခုအချိန်တွင် လှုပ်ရှားမှ
ဖြစ်ပေတော့မည်။

ဖျော်ရည်များ အပေါ်မှ စွဲလန်းမှုကို ဖြေဖျောက်ရန် သူမသည် တစ်စုံတစ်ယောက်ကို ရှာဖွေ၍ တိုက်ခိုက်ရန် လိုအပ်နေပြီး ထိုကဲ့သို့ ပြုလုပ်ရန် မြို့အတွင်းမှ ထွက်ခွာဖို့ လိုအပ်နေသည်။ ဤနည်းအားဖြင့် သူမသည် ဆောင်းမဲ့မြို့တော်မှ အရက်မျိုးစုံဆိုင်နှင့် ဝေးဝေးနေပြီး တိုက်ခိုက်ရင်း အရာအားလုံးကို မေ့ပျောက်နိုင်လိမ့်မည် ဖြစ်သည်။

+

ဝံပုလွေ ကောင်မလေးက သူမ၏ မျက်လုံးများကို မှိတ်လိုက်သော အခါ သဲလမ်းက သူမ၏ စိတ်အတွင်းတွင် ပေါ်ပေါက်လာခဲ့သည်။

ဟုတ်တယ်၊ ဒါပဲ၊ ဒါက နတ်ဘုရား သုံးပါးက ငါ့ကို ပေးထားတဲ့ စိန်ခေါ်မှု တစ်ရပ် ဖြစ်နေတယ်။

ဤအထိ တွေးပြီးသည်နှင့် သူမက ရွှင်လန်း တက်ကြွလာခဲ့လေသည်။

သူမသည် ကိုယ့်ကိုယ်ကိုယ် လန်းဆန်းလာစေရန် သူမ၏ ပါးများကို ပုတ်လိုက်ပြီးမှ ရွှေပြားများ အားလုံးကို သူမ၏ အိတ်အတွင်းသို့ ပြန်ထည့်လိုက်ကာ အထုပ်များကို သိမ်းလိုက်သည်။

+

သူမသည် အရက်မျိုးစုံဆိုင်တွင် လဝက်လုံးလုံး အချိန်ဖြုန်းနေခြင်း မရှိခဲ့ပေ။ အကဲ်ရှိသည် သူမ၏ အသက်အား ကယ်တင်ပေးခဲ့သူ နာနာပိုင်း မိန်းကလေးနှင့် မိတ်ဆက်ပေးခဲ့ပြီး ယခုအချိန်၌ သူမသည် ဆောင်းမဲ့မြို့တော်၌ ကုသမှု စွမ်းရည်ရှိသည့် စုန်းမ သုံးယောက်တို့မှာ နာနာ၊ လီလီနှင့် သစ်ရွက်ကလေးတို့ ဖြစ်မှန်းကို သိသွားခဲ့သည်။

ဤစုန်းမ သုံးယောက်တို့သည် မဟာ အကြီးအကဲကိုသာ အလုပ်အကျွေး ပြုခြင်း မဟုတ်ပဲ မြို့တွင်းတွင် ဆေးရုံ တစ်ရုံကို ဖွင့်ထားပြီး ဤနေရာမှ မြို့သူမြို့သား အားလုံးတို့က ကုသမှုများ ခံယူနိုင်ကာ ဈေးနှုန်းကလည်း ဈေးရော့ ဖျော်ရည်များထက် များစွာပို၍ သက်သာပေသည်။

+

ဤကဲ့သို့သော အခြေအနေမျိုး အောက်တွင် ဝံပုလွေ ကောင်မလေးသည် မဟာ အကြီးအကဲ အတွက် အလုပ်မလုပ်ပေးခဲ့လျှင်ပင် သူမ လိုအပ်သည့် အချိန်တွင် ဆေးကုသမှုများကို ခံယူနိုင်သည်။ ဤအရာက သူမ မျှော်မှန်းထားသည်ထက် များစွာပို၍ ကောင်းမွန်နေသည်။

ဤစုန်းမ သုံးယောက်တို့ အနက် နာနာ မိန်းကလေး၏ ကုသမှု စွမ်းရည်သည် အကောင်းဆုံး ဖြစ်သော်လည်း လူနာ အပေါ်တွင်သာ တိုက်ရိုက် ကုသနိုင်စွမ်းရှိသည်။ ကံကောင်းစွာဖြင့် လီလီနှင့် သစ်ရွက်ကလေးတို့သည် မှော်ဆေးဝါးများကို ဖန်တီးနိုင်စွမ်း ရှိနေသည်။

+

ဥပမာအားဖြင့် လော်ဂျာ လက်အတွင်းမှ မီးခိုးရောင် ပေါင်ဒါမှုန့်ဘူးကို ကြည့်ပါ။ သူ့အား 'သတ္တု ပိုးဝင်ခြင်း ဒဏ်ရာများအတွက် အထူးဆေးဝါး'ဟု ခေါ်သည်။ သူ့အား သစ်ရွက်ကလေးမှ ပြုလုပ်ထားခြင်း ဖြစ်ကာ သွေးထွက် ဒဏ်ရာများကို လျင်မြန်စွာ တိတ်စေနိုင်သည်။

"သန့်စင်သောရေ" ဟူသော အမည်ရှိသည့် အရည်ဆေးတစ်မျိုးကို လီလီက ထုတ်လုပ်ထားသည်။ ထိုဆေးသည် ရေတွင်းများ အတွင်းမှ သာမန် ရေများနှင့်သာ တူနေသော်လည်း ရောဂါပိုးများကို ကုသနိုင်စွမ်း ရှိသဖြင့် နာမည်နှင့် လိုက်ဖက်နေသည်ဟု လော်ဂျာက ထင်မိသည်။

+

စစ်သည်တော် တစ်ယောက်သည် ဒဏ်ရာ ရရှိခဲ့
သော အခါ ပိုးဝင်ခြင်းသည် သွေးထွက်ခြင်းနှင့်
နာကျင်ခြင်းတို့ထက် ပိုဆိုးနေသည်။
ဤဗဟုသုတသည် လော်ဂျာအား ဤဆေး၏
တန်ဖိုးကို ပိုမို နားလည်လာစေခဲ့သည်။ အကယ်၍
ထိုဆေးရည်တွင် သက်တမ်း ကုန်ဆုံးသည့်နေ့
မရှိနေခဲ့ပါက သူမသည် သူမ တွေ့သမျှ
သန့်စင်သောရေ မှန်သမျှကို ဝယ်လာခဲ့ပေလိမ့်မည်။

သူမသည် ဤဆေး နှစ်မျိုးစလုံးအား ဆေးရုံတွင်
ဝယ်ယူခဲ့ပြီး သူတို့၏ အကျိုးသက်ရောက်မှုများနှင့်
ယှဉ်လိုက်လျှင် ဈေးနှုန်းများက လုံးဝ မကြီးနေဟု
သူမက ယူဆနေမိသည်။ သူတို့၏

+

အကန့်အသတ်များကို စိန်ခေါ်၍ သန်မာသော ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်လိုနေသော မည်သည့် သူရဲကောင်းအတွက် မဆို သူတို့သည် အကောင်းဆုံး ဆေးဝါးများ ဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

သူမသည် ဤဆေးများကို သင့်တော်စွာ အသုံးချနိုင်ခဲ့ပါက သန်မာသော မည်သည့် ရန်သူကိုမဆို အနိုင်ယူနိုင်လိမ့်မည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်နေမိသည်။

သူမ၏ အကြံအစည်များ အတွင်းမှ ကျန်သော အရာများကမူ ချောမွေ့စွာ ဖြစ်မလာခဲ့ပေ။ ပထမ၊ ဆောင်းမဲ့မြို့တော်တွင် ခရီးသွား ကုန်သည်များ သူမထံ ပြောခဲ့ဖူးသော ကြွက်အဖွဲ့အစည်းများ

+

မရှိသဖြင့် မြောက်ပိုင်း တိုင်းပြည်အတွင်းတွင်
စူးစမ်းရှာဖွေရန် သူမ ပြင်ဆင်ထားသော
အကွက်များ အားလုံးက အသုံးမဝင်
ဖြစ်သွားခဲ့သည်။

ဒုတိယ၊ ဤနေရာတွင် နေထိုင်သော
မြို့သူမြို့သားများ အားလုံးတို့သည် မိစ္ဆာများ
အကြောင်းကို မသိသည့်ပုံ ပေါက်နေခဲ့သည်။
သူမသည် လူများစွာတို့အား မေးခဲ့သော်လည်း
မည်သည့် သဲလွန်စကိုမှ မရခဲ့ပေ။ ထို့အပြင်
သူမသည် သံသယပင် အဝင်ခံခဲ့ရကာ အနက်ရောင်
ဝတ်စုံ ဝတ်ဆင်ထားသော သူများ၏
နောက်ယောင်ခံလိုက်ခြင်းကိုပင် ခံခဲ့ရသေးသည်။

+

ယခုအချိန်၌ သူမသည် မိစ္ဆာများ အကြောင်းကို အက်ရှ်၏ ဖော်ပြချက်များနှင့် အရက်မျိုးစုံဆိုင်မှ စကားဝိုင်းများတွင် မတော်တဆ ကြားခဲ့သော အချက်များမှသာ သိနိုင်ခဲ့သည်။ သူတို့သည် ဆောင်းမဲ့မြို့တော်၏ မြောက်ပိုင်းရှိ တောရိုင်းဒေသ အတွင်းမှ အစွန်နံ့ပစ်ခံ မြို့တော်တစ်ခုတွင် တစ်ခါက ပေါ်လာခဲ့ဖူးသည်။

သူမ၏ အတိတ် အတွေ့အကြုံများ အရ သူမသည် သူမကောင်းစွာ မသိသော ပြိုင်ဘက်တစ်ယောက်အား သွား၍ တိုက်ခိုက်ရန် မသင့်မှန်းကို ကောင်းစွာ နားလည်ထားသည်။ သို့သော်လည်း ခေးရော့ ဖျော်ရည်များအား စွဲလန်းမှုကို ဖျောက်ဖျက်ရန်နှင့် မဟာ အကြီးအကဲအား သူမကိုယ် သူမ

+

သက်သေပြလိုနေသဖြင့် လှုပ်ရှားရန် စိတ်အား
ထက်သန်နေပေသည်။

ဤခရီးသည် စိန်ခေါ်မှု တစ်ခု ဖြစ်နေသဖြင့်
တားဆီးမှုများ အနှောင့်အယှက်များနှင့်
ပြည့်နေမည်မှာ မလွဲပင်။

သူမသည် ရင်အတွင်းမှ ကောင်းစွာ
ပြင်ဆင်ထားခဲ့လေသည်။

.........

+

ဆောင်းမဲ့မြို့တော်၏ ပြင်ပတွင် သူမသည် လူသူ
နေထိုင်ခြင်း မရှိသော ထူထပ်သည့်
တောအုပ်တစ်ခုအား တွေ့လိုက်ရသည်။ သူမသည်
အဝတ်များကို ချွတ်လိုက်ပြီးမှ ရောမ ဝံပုလွေ
တစ်ကောင်အသွင် ပြောင်းလိုက်ကာ သူမ၏
အထုပ်အပိုးအား ပါးစပ်တွင် ကိုက်ထားပြီး
မြောက်ပိုင်းသို့ ဦးတည်ကာ ပြေးသွားခဲ့လေသည်။

သူမသည် အစွန့်ပစ်ခံ မြို့တော်၏ နေရာ
အတိအကျကို မသိသလို မိစ္ဆာတစ်ကောင်နှင့်
မည်သည့်အချိန်တွင် တွေ့နိုင်မည်ကိုလည်း
မသိနေပေ။ သို့သော်လည်း သူမတွင်
လုံလောက်သော စိတ်ရှည်မှု ရှိနေသည်။

+

စူးရှ ထက်မြက်သော အကြားနှင့် အနံ့အာရုံများ ရှိနေသော သဲကန္တာရ ဝံပုလွေ တစ်ကောင် အနေဖြင့် သာမန်လူတစ်ယောက် အတွက် အန္တရာယ်များသော ဤတောရိုင်းဒေသတွင် သူမသည် အချိန်ကြာမြင့်စွာ အလွယ်တကူ အသက်ရှင်သန်နိုင်မည်ဟု ယုံကြည်နေခဲ့သည်။

ဤစွမ်းရည်ကြောင့် သူမသည် တောင်ပိုင်း အစွန်အဖျား ဒေသတွင် ပုန်းကွယ်နေသော ရန်သူများကို တစ်ကြိမ်ပြီး တစ်ကြိမ် ထုတ်ဖော် သတ်ဖြတ်နိုင်စွမ်း ရှိခဲ့သည်။

+

ယခုအချိန်၌လည်း သူမသည် ဤကဲ့သို့ အောင်မြင်မှုများ ရနိုင်လိမ့်မည်ဟု ယုံကြည်မှုများ ရှိနေပေသည်။

အရည်ပျော်နေသော ဆီးနှင်းများနှင့် ရောနေသော မြေပေါ်သို့ ခြေချလိုက်ရင်း သူမသည် တစ်နည်းတစ်ဖုံ အားဖြင့် နတ်ဘုရား သုံးပါးတို့သည် သူမအား တကယ့်ရန်သူ အစစ်အား တွေ့ဆုံနိုင်ရန် လမ်းညွှန်ပေးလိမ့်မည်ဟု ခံစားနေရလေသည်။

သူမသည် သိပ်ကြာကြာပင် မပြေးရသေးပဲ လေထုပေါ်မှ လေတိုးသံ တစ်ခုကို ရုတ်တရက် ကြားလိုက်ရလေသည်။ ထိုအသံသည် တစ်စုံတစ်ခုက လေထုအတွင်းတွင် လျင်မြန်စွာ

+

ဖြတ်သန်း ဝင်ရောက်လာနေသည့် အတိုင်းပင်
ဖြစ်သည်။

တစ်စုံတစ်ယောက်က သူမအား
ထိုးသုတ်နေခဲ့သည်ကို သူမက သိနေခဲ့သည်။

ရင်းနှီး ကျွမ်းဝင်နေသော ဤအသံသည် ဝံပုလွေ
ကောင်မလေးအား သတိတကြီး ဖြစ်စေခဲ့သည်။

လောင်ကျွမ်းစင်မြင့် ပေါ်မှ မြင့်မြတ်သော ယှဉ်ပြိုင်ပွဲ
အတွင်းတွင် တောင်ပံလေးခု လင်းယုန်သည်
ဤနည်းလမ်းဖြင့် သူမအား အလစ်
တိုက်ခိုက်ခဲ့ဖူးသည်။ ထိုအချိန်က သူမသည်
ထိုကဲ့သို့ လျင်မြန်သော တိုက်ခိုက်မှုအား

+

ရှောင်တိမ်းနိုင်စွမ်း မရှိခဲ့သော်လည်း ယခုအချိန်၌ လုံလောက်သော အတွေ့အကြုံများ ရှိနေခဲ့ပေပြီ။

ထူးချွန် ထက်မြက်သော မိုဂျင်း သူရဲကောင်း တစ်ယောက် အနေဖြင့် သူမသည် သူမကိုယ် သူမ တူညီသော တိုက်ခိုက်မှုဖြင့် နှစ်ကြိမ်တိုင်တိုင် အလစ် အတိုက်ခိုက်ခံတော့မည် မဟုတ်ချေ။

လော်ဂျာသည် သူမ၏ ခန္ဓာကိုယ် တစ်ခုလုံးအား ဘေးသို့ လှည့်လိုက်ပြီး ခြေတစ်ဖက်တည်းဖြင့် တည်ငြိမ်အောင် ရပ်လိုက်ကာ ဝင်ရောက်လာသည့် တိုက်ခိုက်သူအား ထိပ်တိုက် ရင်ဆိုင်ရန် ဟန်ပြင်လိုက်သည်။

+

သူမသည် တုတ်ခိုင်သော နောက်ခြေထောက်ဖြင့် မြေပြင်ပေါ်တွင် ခိုင်မာစွာ ရပ်တည်နေပြီး သူမ၏ ကြွက်သားများကို တင်းထားကာ လက်သည်းများကို ဖွင့်လိုက်၍ ရန်သူက မြေပေါ်သို့ ဆင်းသက်လာသော အခါ ပြင်းထန်စွာ ပြန်လည် တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ခဏအကြာတွင် ရောမ မကောင်းဆိုးဝါး တစ်ကောင်သည် သူမ ယခင် ရှိနေခဲ့သည့် မြေပြင်သို့ ကျရောက်လာကာ ဆီးနှင်း အမြောက်အမြားကို လေပေါ်သို့ လွင့်ပျံစေခဲ့သည်။ သူ၏ တောင်ပံများသည် တောင်ပံလေးခု လင်းယုန်ထက်ပင် ပို၍ ကြီးမားသေးပြီး သူဆင်းသက်လာသော အခါ မြေကြီးကပင် တုန်ခါသွားသကဲ့သို့ ဖြစ်သွားခဲ့သေးသည်။

+

တစ်ချိန်တည်းတွင် သူက သူ့ပစ်မှတ်ကို လွှဲချော်သွားသည့် အတွက် အကြီးအကျယ် အံ့အားသင့်သွားသကဲ့သို့ တိုးတိုးလေး အော်ညည်းသံထွက်လာသည်ကို သူမက ကြားလိုက်ရသည်။

"ကူး"

## စာစဥ် ၅၇ : အပိုင်း ၁၁

## အပိုင်း ၈၅၁ : ဆောင်းမဲ့မြို့တော် စူးစမ်းရှာဖွေရေး အဖွဲ့မှ ဖိတ်ခေါ်မှု

+

အမွေးမရှိသော တောင်ပံများကို ပိုင်ဆိုင်ထား၍ ရုပ်ဆိုး ကြမ်းကြုတ်သော ပျံသန်းနိုင်သည့် ဤမကောင်းဆိုးဝါး၏ အသံသည် တစ်နည်းတစ်ဖုံ အားဖြင့် ရင်းနှီး ကျွမ်းဝင်နေသည်ဟု လော်ဂျာက ခံစားခဲ့ရသည်။

နေပါဦး၊ ဒီအသံက အက်ရှ်နဲ့ အမတန်မှ ရင်းနှီး ကျွမ်းဝင်တဲ့ အဖြူရောင်ခိုလေးနဲ့ မတူနေဘူးလား" ဝံပုလွေ ကောင်မလေးက တွေးလိုက်သည်။ သူမ မှန်းဆ မြင်ယောင်ထားသော ခက်ထန်သည့် ငှက်တစ်ကောင်၏ ပုံရိပ်က သူမ၏ စိတ်အတွင်းတွင် ပေါ်လာခဲ့လေသည်။

+

"မက်ဂီလား" သူမ သတိမထားမိခင်ပင် ဤနာမည်က သူမ၏ ပါးစပ်အတွင်းမှ လွတ်ကနဲ ထွက်သွားခဲ့သည်။

"ဒီဝံပုလွေက တကယ်ပဲ စကားပြောနိုင်တယ်... ကူး" ထိုမကောင်းဆိုးဝါးသည် ထူးခြားသော အော်ဟစ်သံ တစ်ခုအား ထုတ်လွှတ်လိုက်ကာ မျက်လုံးများ ပြူးကျယ်စွာဖြင့် အနောက်သို့ ခြေလှမ်းများစွာ အလောတကြီး ဆုတ်သွားခဲ့သည်။

ဤအရာကို မြင်ခဲ့ရသော အခါ ဝံပုလွေ ကောင်မလေးက နေရာတွင်ပင် ရပ်နေမိပြီး သူ့အနောက်သို့ လိုက်လံ တိုက်ခိုက်ရမလား ဆိုသည်ကို မဆုံးဖြတ်နိုင် ဖြစ်နေခဲ့သည်။

+

မက်ဂီသည် သူမအား အဘယ်ကြောင့်
အလစ်ဝင်ရောက် တိုက်ခိုက်ခဲ့သနည်း ဆိုသည်ကို
သူမက မသိနေသော်လည်း ဤဖြစ်ရပ်သည်
မက်ဂီအား စိန်ခေါ်ရန် ကောင်းမွန်သော
အခွင့်အရေး ဖြစ်နေသည်ကို သူမက တွေးမိခဲ့သည်။

သို့သော်လည်း တုန်လှုပ် ချောက်ချားနေသော
မကောင်းဆိုးဝါး၏ ပုံစံသည် မက်ဂီကပင် ခြုံခို
တိုက်ခိုက်ခြင်း ခံခဲ့ရသူ ဖြစ်နေခဲ့သည်ဟု သူမအား
ထင်ယောင်ထင်မှား ဖြစ်စေခဲ့သည်။

"သူမက စုန်းမ တစ်ယောက်ဖြစ်တယ်... ငတုံးမ"
စူးရှ၍ မရင့်ကျက်သော အသံတစ်ခုက
မကောင်းဆိုးဝါး၏ ခေါင်းပေါ်မှ ထွက်လာခဲ့သည်။

+

"နင်က ဘယ်သူလဲ… ဘာဖြစ်လို့ ငါတို့ကို သိနေရတာလဲ"

လော်ဂျာက အပေါ်သို့ မော့ကြည့်လိုက်ရာ သူမ အနောက်ရှိ နေမင်းရှေ့တွင် နောက်ထပ် စုန်းမ တစ်ယောက်က လေထဲတွင် လွင့်မျောနေသည်ကို တွေ့လိုက်ရသည်။

တောက်ပလှသော နေအလင်းရောင် အောက်တွင် သူမသည် မျက်မှောင်များကို ကျဉ်းမြောင်းစွာ ကြုတ်ခဲ့ရ၍ ရွှေရောင် ဆံပင်တိုနှင့် ကောင်မလေး တစ်ယောက်က လေပေါ်တွင် ပျံသန်းနေပြီး သူမ၏ လက်အတွင်းမှ လက်နက်သည် ငွေရောင်

+

အလင်းတန်းများဖြင့် တောက်ပနေသည်ကို ဝိုးတဝါးသာ တွေ့ခဲ့ရသည်။

ဤကောင်မလေးတွင် တိုက်ခိုက်ရေး အတွေ့အကြုံ များစွာ ရှိနေသည့်ပုံ ပေါက်နေသဖြင့် လော်ဂျာက အံ့အားသင့်သွားခဲ့သည်။ ပြိုးပြိုးပြက်ပြက် လင်းလက်နေသော နေအလင်းရောင်အား အသုံးပြု၍ ရန်သူ၏ မျက်လုံးများကို ကျိန်းစေရန် ပြုလုပ်သည့် နည်းလမ်းမှာ လေ့ကျင့်ရန် မလွယ်ကူပေ။

ဤစုန်းမများသည် သူမအား စိန်ခေါ်ရန် လာခဲ့ခြင်း မဟုတ်မှန်းကို သိသွားသော အခါ လော်ဂျာက စိတ်သက်သာရာ ရသွားခဲ့သည်။ သူမသည်

+

စိန်ခေါ်မှုများကို နှစ်သက်သော်လည်း သူမ၏ ပြိုင်ဘက်များကို ဒုက္ခပေးလိုနေခြင်း မရှိပေ။

ထို့အပြင် အက်ရှ်၏ "သူမကို စိန်ခေါ်ဖို့ ကြိုးစားတဲ့သူတိုင်း ကံဆိုးမိုးမှောင် ကျသွားတယ်" ဟူသော မက်ဂီနှင့် ပတ်သတ်၍ ပြောခဲ့ဖူးသည့် စကားကို မှတ်မိနေသေးသည်။ ဤအထိ တွေးပြီးသော အခါ သူမ၏ တိုက်ခိုက်ရေး စွမ်းရည်များကို မြှင့်တင်ရန် ကြိုးစားနေသည့် အချိန်တွင် ပြဿနာများကို ရှောင်ရှားရန်သာ ဆုံးဖြတ်ခဲ့သည်။

သူမသည် သူမ၏ ပါးစပ်အတွင်းမှ အထုပ်ကို လွှတ်ချလိုက်ပြီးမှ လူသားပုံစံသို့

+

ပြန်ပြောင်းလိုက်သည်။ "ငါဟာ သဲကန္တာရက လော်ဂျာ လောင်ကျွမ်းမီးတောက် ဖြစ်ပြီး အက်ရှ်၊ အန်ဒရီယာတို့နဲ့ အတူ လိုက်လာခဲ့တာ ဖြစ်တယ်… အက်ရှ်က လမ်းမှာ နင့်အကြောင်းပြောခဲ့ဖူးတယ်… မက်ဂီ"

"အာ… ငါမှတ်မိပြီ" မကောင်းဆိုးဝါးကြီးသည် မျက်စိတစ်မှိတ် အတွင်းတွင် ကျုံ့ဝင်သွားခဲ့ပြီး အရပ်မှာ သူမ၏ ခါးအထိသာ ရှိသော်လည်း မြေကြီးကိုပင် ထိလုနီးပါး ဖြစ်နေသည့် ရှည်လျားသော အဖြူရောင် ဆံပင်များကို ပိုင်ဆိုင်ထားသည့် ကောင်မလေး တစ်ယောက်အဖြစ်သို့ ပြောင်းသွားခဲ့သည်။ "ငါက အက်ရှ်ကို သွားကြိုခဲ့တဲ့ အချိန်မှာ သူမကို တွေ့ခဲ့ဖူးတယ်… ကူး"

+

"အက်ရှ်က ငါ့အကြောင်းကိုတော့ ဘာမှ မပြောခဲ့ဘူးလား" ရွှေရောင်ဆံပင်နှင့် ကောင်မလေးက မကျေမချမ်းဖြင့် ဗလုံးဗထွေး ပြောလိုက်သည်။

"နင်က…"

"အနောက်ပိုင်း ဒေသမှာ… မဟုတ်ဘူး မီးခိုးရောင် ရဲတိုက် နိုင်ငံ တစ်ခုလုံးမှာ အကြီးကျယ်ဆုံး စူးစမ်းရှာဖွေသူ လျှပ်စီးဖြစ်တယ်" ဤစကားများအား ပြောပြီးသည်နှင့် သူမသည် အောက်သို့ ဆင်းသက်လာပြီး ဝံပုလွေ

+

ကောင်မလေး အရှေ့သို့ ရောက်လာခဲ့သည်။ "နင်က အသေအချာ မှတ်သားထားရမယ်"

"ကူး... နင်က ဘာဖြစ်လို့ အဝတ်တွေကို ချွတ်ထားရတာလဲ" မက်ဂီက ဝံပုလွေ ကောင်မလေး၏ ရင်ဘတ်ကို စပ်စုစွာဖြင့် ကြည့်လိုက်ပြီးမှ သူမ ရင်ဘတ်အား ပွတ်သပ်လိုက်သည်။ "ဒါကို မန်းမှုတ်ပြီးတော့ ကြီးအောင်လုပ်လို့ရလား... ကူး"

လျှပ်စီးက မက်ဂီအား ခေါင်းတစ်ချက်ခေါက်၍ ပြောလိုက်သည်။ "သူမကို ကြည့်မနေနဲ့... တစ်ယောက်နဲ့ တစ်ယောက် တူတာမဟုတ်ဘူး"

+

လော်ဂျာက သူမ၏ အင်္ကျီကို ပြန်ဝတ်ပြီးမှ မေးလိုက်သည်။ "ဒီလိုဆိုတော့ နင်တို့က ဘာဖြစ်လို့ ငါ့ကို တိုက်ခိုက်ခဲ့တာလဲ"

လှျပ်စီးက ယုံကြည်ချက် အပြည့် ရှိနေသည့် ပုံစံမှ အနည်းငယ် ကသိကအောက် ဖြစ်နေသည့်ပုံ ပေါက်သွားသည်။ "ငါတို့ဟာ နင်က သွေးနှော နှင်းဝံပုလွေလို့ ထင်နေခဲ့တာ... အရှေ့မြောက်ပိုင်းကို စောင့်ကြပ်ပြီး လျှောက်သွားနေတဲ့ မိစ္ဆာသားရဲတွေကို နှိမ်နင်းကာ ရဲတိုက်ထံကို လတ်ဆတ်တဲ့ သားကောင်တွေ ယူပြန်သွားဖို့က ငါတို့ရဲ့ တာဝန်ပဲ"

+

"ပြီးတော့ ငှက်သိုက်ထဲက ငှက်ဥတွေကိုခိုး၊
ပျားအုံဖွတ်ပြီး တောရိုင်းထဲမှာ
အသားကင်စားတာတွေလည်း ပါသေးတယ်"

"ဒါတွေက ငါတို့ရဲ့ အလုပ်ထဲမှာ မပါဘူး" လျှပ်စီးက
ချက်ချင်းပင် မက်ဂီအား ဖြတ်ပြောလိုက်သည်။
"အတိုချုံးပြီး ပြောရရင် ဒီနေရာမှာ လူသူ
တစ်စုံတစ်ယောက်မှ မရှိသလောက် ဖြစ်နေပြီး
မိစ္ဆာမြူးသောလကလည်း ပြီးထားတာ
မကြာသေးတော့..."

"ငါသိပြီ" လော်ဂျာက ခေါင်းညိတ်လိုက်သည်။
နှစ်စဉ်နှစ်တိုင်း မိစ္ဆာမြူးသောလတွင် မြောက်ပိုင်း
တိုင်းပြည်များမှ နယ်စပ်နေရာများသည် အလွန်

+

အန္တရာယ် ကြီးမားသော နေရာများ
ဖြစ်လာကြသည်ကို သူမက ကြားဖူးသဖြင့်
ဤရှင်းပြချက်ကို သူမက လက်ခံနိုင်ပေသည်။

တောင်ပံလေးခု လင်းယုန်နှင့် တိုက်ပွဲအပြီးတွင်
အက်ရှ်သည် သူမအား သွေးနှော မိစ္ဆာသားရဲများနှင့်
ပတ်သတ်သည့် အကြောင်းအရာ
မြောက်မြားစွာတို့ကို ပြောပြခဲ့ဖူးသည်။
ကောင်းကင်ပေါ်မှ စုန်းမများသည် သူမ
အသွင်ပြောင်းထားသော ဧရာမ သဲကန္တာရ
ဝံပုလွေအား သွေးနှော ဝံပုလွေ မိစ္ဆာသားရဲ
တစ်ကောင်နှင့် မှားခဲ့သည်မှာ သဘာဝကျပေသည်။

+

"နင်ကရော ဘယ်သွားနေတာလဲ" ကောင်မလေးက မေးလိုက်သည်။ "ဒါက တောရိုင်းနယ်မြေ ဖြစ်ပြီး မိစ္ဆာသားရဲ များစွာ ကျင်လည် ကျက်စားနေကာ သူတို့ထက် အများကြီး ပိုမို ကြောက်မက်ဖွယ်ကောင်းတဲ့ တစ်စုံတစ်ခုကတောင် ပုန်းအောင်းနေနိုင်သေးတယ်… နင်က ဘာဖြစ်လို့ ဒီနေရာကို တစ်ယောက်တည်း လာခဲ့ရတာလဲ"

"ပိုပြီးမှ ကြောက်မက်ဖွယ်တဲ့ တစ်စုံတစ်ခု… နင်က မိစ္ဆာတွေကို ဆိုလိုနေတာလား" လော်ဂျာက တည်ငြိမ်စွာဖြင့် ပြန်ပြောလိုက်သည်။ "ဒီလိုဆိုရင်တော့ ငါလာခဲ့တာ နေရာမှန်နေတာပေါ့"

+

"နင်ကလည်း မိစ္ဆာတွေ အကြောင်းကို သိနေတာလား... ကူး"

"ငါက အစွန့်ပစ်ခံ မြို့တစ်မြို့ကို ရှာနေတာ... မိစ္ဆာတွေက အဲ့ဒီနေရာမှာ ပေါ်လာဖူးတယ်လို့ ငါကြားထားတယ်" သူမက ခေတ္တမျှ ရပ်နားပြီးမှ ဆက်ပြောလိုက်သည်။ "ငါက သူတို့ကို အမဲလိုက်ချင်နေတာ"

လျှပ်စီးသည် အချိန်ခေတ္တမျှ မှင်သက်သွားပြီးမှ မရယ်မိဟန် ကြိုးစား ထိန်းချုပ်နေရဟန်ဖြင့် လော်ဂျာအား ထူးခြားသည့် မျက်နှာ အမူအရာ တစ်ခုဖြင့် မေးလိုက်သည်။ "နင့်ကို ဘယ်သူက ပြောပြခဲ့တာလဲ"

+

"တစ်ခုခု မှားနေလို့လား" လော်ဂျာက မေးလိုက်သည်။

"မိစ္ဆာတွေက တက်ကီလာမှာ ပေါ်လာဖူးခဲ့ပေမဲ့ ဒါက လွန်ခဲ့တဲ့ နှစ်ပေါင်းလေးရာကျော်က ဖြစ်တယ်" လျှပ်စီးက သွားများပေါ်အောင် ပြုံးလိုက်သည်။ "ဒါပေမဲ့ သူတို့က အချိန်မရွေး ပြန်လာနိုင်တယ်... ဒါကြောင့်မို့ ငါတို့က ဒီနေရာကို ကင်းလှည့်နေရတာ ဖြစ်တယ်"

"ဒါပေမဲ့ နင်က အစွန့်ပစ်ခံ မြို့တော်ကို တကယ်ပဲ သွားချင်နေတယ် ဆိုရင် ခုနစ်ရက်၊ ရှစ်ရက်လောက် ပြေးမှရမယ်... ပိုပြီး အရေးကြီးတာက တောရိုင်း

+

ဒေသက အမတန်မှ ကြီးမားပြီး တကယ်လို့ နင်က ဦးတည်ချက် မှားသွားခဲ့ရင် ဒီမြို့ကို ဘယ်တော့မှ တွေ့နိုင်တော့မှာ မဟုတ်ဘူး"

"ဒီနေရာကို အရင်က ဖွံ့ဖြိုးသော နယ်မြေလို့ ခေါ်ခဲ့ဖူးပြီး မီးခိုးရောင် ရဲတိုက် နိုင်ငံ တစ်ခုလုံး... မဟုတ်ဘူး... တိုင်းပြည်လေးခုစလုံး ပေါင်းထားတာထက်အောင် ပိုကြီးသေးတယ်"

"တကယ်လား" ဝံပုလွေ ကောင်မလေးက မအောင့်နိုင်ပဲ မျက်မှောင် ကြုတ်မိလိုက်သည်။ သူမသည် ယခင်က တိုက်ခိုက်ရေး စွမ်းရည်များကို လေ့ကျင့်ရန် တောရိုင်းအတွင်းတွင် နှစ်လဆက်တိုက် ခရီးသွားခဲ့ဖူးသောကြောင့်

+

ဝေးကွာသော အကွာအဝေးအား စိုးရိမ် ပူပန်နေခြင်း မရှိပေ။

ဝါရင့် မုဆိုးတစ်ယောက် ဖြစ်နေသည့် အတွက်လည်း သူမသည် အချိန်နှင့် ပတ်သတ်၍ စိုးရိမ်နေခြင်းလည်း မရှိပေ။ သူမသည် မိစ္ဆာများကို စောင့်နေရန် လုံလောက်သော စိတ်ရှည်မှုများ ရှိနေသည်။

အမှန်အတိုင်း ပြောရလျှင် ဤနေရာတွင် သူမ၏ ရွှေပြားများကို ဖြုန်းတီးနိုင်မည် မဟုတ်သဖြင့် တောရိုင်းအတွင်းတွင် အချိန် အတန်ကြာအောင် နေမည်ဟု သူမက ရည်ရွယ်ထားခဲ့သည်။ သို့သော်လည်း အစွန့်ပစ်ခံ မြို့တော်အား

+

ရှာမတွေ့ခြင်းသည် သူမအတွက် လုံးဝကို
လက်ခံနိုင်သည့် အရာတစ်ခု မဟုတ်နေပေ။

"ဟုတ်တယ်... ဒါပေမဲ့ ငါက နင့်ရဲ့ သတ္တိနဲ့
စွန့်စားခန်း ထွက်လိုတဲ့ စိတ်ဓာတ်ကို
သဘောကျနေတယ်" လျှပ်စီးက လက်ပိုက်ထားရင်း
ထရပ်လိုက်သည်။ "နင်က အကန့်အသတ်သာ
ရှိနေတဲ့ သတင်း အချက်အလက် အပေါ်မှာသာ
မူတည်ပြီး စူးစမ်းရှာဖွေရေး ခရီးထွက်နိုင်အောင်
လုံလောက်တဲ့ သတ္တိတွေ ရှိနေတယ်... ဒါက နင်ဟာ
ကြီးကျယ်တဲ့ စူးစမ်းရှာဖွေသူ တစ်ယောက်
ဖြစ်လာဖို့ အလားအလာတွေ ရှိနေတယ်လို့
ဆိုလိုနေတာပဲ"

+

"နင်က စုန်းမ သမဂ္ဂကို ဝင်ဖို့ ဘာကြောင့်
ငြင်းဆန်ခဲ့သလဲ ဆိုတာကို ငါက မသိနေပေမဲ့
ဆောင်းမဲ့မြို့တော် စူးစမ်းရှာဖွေရေး အဖွဲ့အတွင်းကို
ဝင်နိုင်ပါတယ်... ဘယ်လိုလဲ... နင်က
မြူခိုးငွေ့တွေနဲ့ လွှမ်းခြုံထားတဲ့ ဒီကုန်းမြေကို
ငါတို့နဲ့ အတူ စူးစမ်းလေ့လာဖို့ ဆန္ဒရှိနေသလား"

"ပြီးတော့ အတူတကွ အသားကင်စားကြမယ်"
မက်ဂီက ရွှင်မြူးစွာဖြင့် သူမ၏ လက်အား
မြှောက်ကာ ပြောလိုက်လေသည်။

"နေပါစေတော့... ကျေးဇူးတင်ပါတယ်"
အခြေအနေများက သူမ မျှော်မှန်းထားသည်နှင့်
ကွဲပြားနေသည်ဟု ခံစားနေရသဖြင့်  လော်ဂျာက

+

မအောင့်နိုင်ပဲ ရင်အတွင်းမှ သက်ပြင်းတစ်ချက်
ချလိုက်မိသည်။

ဥပမာအားဖြင့် တောင်ပံလေးခု လင်းယုန်ကဲ့သို့
ခက်ထန် ကြမ်းကြုတ်သည့်ပုံ ပေါက်နေသော
မက်ဂီသည် အရည်အသွေး ပြည့်မီသော
သူရဲကောင်း တစ်ယောက်အစား
မရင့်ကျက်သေးသော ကောင်မလေး တစ်ယောက်
ဖြစ်နေခဲ့သည်။

လော်ဂျာက ဤနေရာသို့ လာခဲ့ခြင်းမှာ သူမ၏
ကိုယ်ပိုင် အကန့်အသတ်များကို စိန်ခေါ်ရန် ဖြစ်ပြီး
တိုက်ခိုက်မှု စွမ်းရည်များကို အထွတ်အထိပ်

+

ရောက်အောင် လေ့ကျင့်ရန် ဖြစ်ပြီး ကလေးများနှင့် ဆော့ကစားရန် မဟုတ်ပေ။

မြို့တော်အား ရှာဖွေရန်သည် နတ်ဘုရား သုံးပါးမှ သူမအား ပေးအပ်ခဲ့သော နောက်ထပ် စိန်ခေါ်မှု တစ်ခုဟု သူမက သတ်မှတ်ခဲ့ပြီး သူမကိုယ် သူမသာ ရှာဖွေရန် ဆုံးဖြတ်ခဲ့သည်။

သူမက ထွက်ခွာတော့မည် ပြုလိုက်သော အခါ လျှပ်စီးက သူမအား ဟန့်တားလိုက်သည်။
"နေပါဦး... တကယ်လို့ နင်က ဆောင်းမဲ့မြို့တော် စူးစမ်းရှာဖွေရေး အဖွဲ့အတွင်းကို ဝင်ခဲ့ရင် ငါကနင့်ကို တက်ကီလာ မြို့ပျက်ထံ ခေါ်သွားပေးမယ်"

+

"နင်က အဲ့ဒီနေရာကို ရောက်ဖူးလို့လား"
လော်ဂျာ၏ နားရွက်များက တစ်ပြိုင်နက်တည်း
ထောင်လာလေသည်။

"ဒါပေါ့... ပြီးခဲ့တဲ့ နှစ်ပေါင်းလေးရာ အတွင်းမှာ
ငါတို့ဟာ ဒီမြို့ရိုးကို ထိတွေ့နိုင်ခဲ့တဲ့
တစ်ဦးတည်းသော သူတွေပဲ" လျှပ်စီးက ဂုဏ်ယူ
ဝင့်ကြွားစွာဖြင့် ပြောလိုက်သည်။ "ပြီးတော့ ငါက
မိစ္ဆာတွေ အကြောင်းကို အများကြီး သိထားပြီး
အမတန်မှ အစွမ်းထက်တဲ့ အကြီးတန်း
မိစ္ဆာတစ်ယောက်နဲ့တောင် တိုက်ခိုက်ခဲ့ဖူးတယ်...
ဒါက နင့်အတွက် အမတန်မှ အရေးပါတဲ့

+

အချက်အလက် ဖြစ်နေလိမ့်မယ်... သေချာ
စဥ်းစားပါဦး"

## စာစဥ် ၅၇ : အပိုင်း ၁၂

## အပိုင်း ၈၅၂ : စိတ်တူကိုယ်တူ မိတ်ဆွေတစ်ယောက်

နေဝင်သွားသော အခါ ဖြတ်သန်း၍ မရနိုင်သော
တောင်တန်း၏ အရိပ်သည် စတင်၍
ရှည်လျားလာပြီး တောင်တန်း တစ်ခုလုံးက
ဆက်တိုက် ကြီးထွားလာသည်ဟု ထင်နေရသည်။
နောက်ဆုံးတွင် ထိုအရိပ်သည် အစိမ်းရောင်
အစက်အချို့ဖြင့် ခြယ်သထားသော အညိုရောင်
နယ်မြေအား လွှမ်းခြုံထားသည့် အမှောင်ထုနှင့်

+

ရှောယှက်နေသော ကောင်းကင်နှင့်
ပေါင်းစည်းသွားခဲ့လေသည်။

လော်ဂျာသည် ဤကဲ့သို့သော မြင်ကွင်းမျိုးအား
ပထမဆုံး အကြိမ်အဖြစ် မြင်ခဲ့ရခြင်း ဖြစ်သည်။
ကောင်းကင်ပေါ်တွင် ပျံသန်းနေသော အခါ
မက်ဂီကဲ့သို့သော ရှောမ မကောင်းဆိုးဝါးကပင်
မြေပေါ်တွင် သေးငယ်သော အရိပ်တစ်ခုကိုသာ
ဖန်ဆင်းနိုင်ခဲ့သည်။

အမှောင်ထုသည် ဖြည်းဖြည်းချင်းသာ
ချဉ်းကပ်လာသည့်ပုံ ပေါက်နေသော်လည်း သူတို့က
မည်မျှမြန်မြန် ပျံသန်းခဲ့ကာမူ သူ့အား ချန်ထားခဲ့၍
မရနေပေ။

+

မြေရိုင်းဒေသ၏ ကြီးမားလှသော ကျယ်ပြန့်မှုသည် သူမအား အံ့ဩ ချီးမွမ်းစေခဲ့သည်။

လျှပ်စီးက အနီးသို့ ကပ်လာ၍ လေချွန်လိုက်သည်။ "ငါတို့နေရာ ရောက်ပြီ… ဆင်းကြရအောင်"

"အာဝူး"

သားရဲက ဆင်းသက်လာသော အချိန်တွင် သူ့ကျောပေါ်မှ ဝံပုလွေ ကောင်မလေးသည် လေထုပေါ်တွင် လွင့်မျောနေသည်ဟု ခံစားနေရသည်။ ဤခံစားချက်သည် သူမအား

+

ကြောက်ရွံ့စေခဲ့ကာ မအောင့်နိုင်ပဲ သားရဲ၏
ကျောအား တင်းကျပ်စွာ ဆုပ်ကိုင်ထားမိလေသည်။

များမကြာမီပင် စုန်းမ သုံးယောက်တို့သည်
တောင်စောင်းတစ်ခု အပေါ်သို့ အောင်မြင်စွာ
ဆင်းသက်နိုင်ခဲ့သည်။

"ဒါက..."

"ငါတို့ စူးစမ်းရှာဖွေရေး အဖွဲ့ရဲ့ လျှို့ဝှက်စခန်း
တစ်ခုပဲ" လျှပ်စီးက လော်ဂျာအား
ဖော့ယမ်းပြလိုက်သည်။ "ငါနဲ့ လိုက်ခဲ့ပါ"

+

ကောင်မလေးသည် ရောမ သစ်ငုတ်တို တစ်ခု၏ အနောက်သို့ ရုတ်တရက် ဝင်ရောက် ပျောက်ကွယ်သွားခဲ့သည်။ ဝံပုလွေ ကောင်မလေးက အနောက်မှ လိုက်သွားလိုက်ရာ ထိုသစ်ငုတ်တိုက အခေါင်းပေါက် ဖြစ်နေမှန်းကို တွေ့လိုက်ရသည်။

သူ့တွင် မတ်စောက်သော ဆင်ခြေလျှောအား မျက်နှာမူထားသည့် တံခါးငယ်လေး တစ်ခု ရှိနေပြီး ထိုတံခါး အနောက်တွင် ထင်းပုံတစ်ပုံနှင့် ရိုးရှင်းသော ကျောက်တုံးထိုင်ခုံ အချို့ ရှိနေသည်ကို တွေ့လိုက်ရ၍ သူမက အံ့အားသင့်သွားခဲ့သည်။

"တက်ကီလာကို ရောက်အောင် နှစ်ရက် ပျံသန်းဖို့ လိုတယ်… ငါတို့က ဒီနေရာမှာ တစ်ညနားပြီး

+

မနက်ဖြန် မနက်စောစောမှ ခရီးဆက်ရမယ်"
လျှပ်စီးက လေဝင်လေထွက် ကောင်းစေရန်
တံခါးနှင့် မျက်နှာချင်းဆိုင်မှ ပြတင်းပေါက်အား
ဖွင့်လိုက်ရာ သစ်ငုတ်တို အတွင်းမှ အောက်သိုးသိုး
အနံ့အသက်များက ချက်ချင်း ပျောက်သွားခဲ့သည်။
"အခုအချိန်က အကင်စားဖို့ အချိန်ရောက်ပြီ... ငါ့ရဲ့
အရသာ ရှိလှတဲ့ လက်ရာကို မြည်းဖို့ စောင့်နေပါ"

"နင်က... ဒီနေရာကို တည်ဆောက်ခဲ့တာလား"
လော်ဂျာက ဘေးဘီဝဲယာသို့ စိတ်ဝင်တစားဖြင့်
ကြည့်ရှုနေရင်း မေးလိုက်သည်။
ထိုကောင်မလေးသည် သူမအား အစွန့်ပစ်ခံ
မြို့တော်သို့ ခေါ်သွားပေးပြီး မိစ္ဆာများနှင့်
ပတ်သတ်သော သတင်း အချက်အလက်များကို

+

ပြောပြမည် ဆိုသဖြင့် သူမက လျှပ်စီး၏
ဖိတ်ခေါ်မှုအား လက်ခံခဲ့ခြင်း ဖြစ်သည်။

ဘာပဲပြောပြော ဝံပုလွေ ကောင်မလေး အနေဖြင့်
သူမ၏ ပြိုင်ဘက်များ အကြောင်းကို
ပိုသိထားလေလေ သူတို့အား အနိုင်ယူရန်
ပိုလွယ်လေလေ ဖြစ်မှန်းကို ယုံကြည်နေသည်။
သူမသည် မိစ္ဆာများနှင့် တောရိုင်းဒေသ
အကြောင်းကို နည်းနည်းလေးသာ သိထားပြီး
မြို့အတွင်းမှ ထွက်ခွာလာရသော်လည်း
ယခုအချိန်၌ စိတ်ချရသော သတင်း
အချက်အလက်များကို ရနိုင်မည် ဖြစ်သဖြင့်
အနည်းငယ် အနစ်နာခံလိုက်ရန် ဆုံးဖြတ်ခဲ့ခြင်း
ဖြစ်သည်။

+

ဤကောင်မလေး နှစ်ယောက်တို့နှင့် အတူကစားရန် အချိန် အနည်းငယ် ပေးရခြင်းသည် ဘာမှမဟုတ်ဟု သူမက ယူဆနေခဲ့သည်။

"ဒါကို ကျွန်မ တည်ဆောက်ထားတာ မဟုတ်ပဲ သဘာဝ ဖန်တီးထားတဲ့ နေရာတစ်ခုကိုသာ တွေ့ခဲ့တာပါ" လျှပ်စီးသည် မီးပုံတစ်ခုကို လျင်မြန်စွာ မွှေးလိုက်ပြီး သစ်ငုတ်တို အတွင်းမှ အခန်းအား အလင်းရောင် ပေးလိုက်သည်။

"သူ့ကို ပိုးကောင်အချို့က အခေါင်းပေါက်ပဲ ကျန်အောင် ဝါးမျိုခဲ့ပြီး အပေါ်ပိုင်းက မုန်တိုင်းတစ်ခု အတွင်းမှာ ကျိုးကျသွားခဲ့ကာ သူ့ရဲ့ သစ်ကိုင်းနဲ့

+

သစ်ရွက်တွေဟာ သဘာဝ အမိုးတစ်ခု
ဖြစ်လာခဲ့တယ်… ပြတင်းပေါက်နဲ့
တံခါးတွေကိုတော့ မက်ဂီက
ဖြတ်တောက်ထားခဲ့တာ"

"တောရိုင်းဒေသ အတွင်းမှာ ငါတို့က ဒီလိုမျိုး
အခြေစိုက် စခန်းတွေ အများကြီး ရှိတယ်… စူးစမ်း
လေ့လာမှု အားကောင်းတဲ့ စူးစမ်းရှာဖွေသူ
တစ်ယောက်ဟာ တောရိုင်းအတွင်းမှာ နားခိုရာ
တစ်ခုကို အမြဲတစေ ရှာတွေ့နိုင်တယ်"

သူမ၏ အဖြေကို ကြားပြီးသွားသော အခါ
လော်ဂျာက ဤကောင်မလေးသည် အတော်လေး
ယုံကြည်စိတ်ချ၍ ရနိုင်သည်ဟု ခံစားမိလေသည်။

+

မှိတ်တုတ်မှိတ်တုတ် မီးရောင်အောက်၌ သူမသည် ယိုင်နဲ့နဲ့ တံခါးနှင့် ပြတင်းပေါက်တို့ အနောက်တွင် လုံခြုံရေး အတွက် ပိတ်ထားနိုင်သော မင်းတုတ်များ တပ်ဆင်ထားသည်ကို သတိပြုမိသည်။ ထို့အပြင် မီးဖို၏ အပေါ်မှ ခေါင်မိုး တစ်စိတ်တစ်ပိုင်းအား မီးခိုးထွက်နိုင်ရန် ဖွင့်ထားသည်ကို တွေ့လိုက်ရပြီး သူ့အား အရေးပေါ် အခြေအနေတွင် ဒုတိယ ထွက်ပေါက်အဖြစ်လည်း အသုံးချနိုင်ပေသည်။

ထင်းများအားလုံးကို ရေမစိုစေရန် မြင့်မားသည့် နေရာများတွင် သိမ်းထားပြီး ရေဝင်ရေထွက် ကောင်းစေရန် တူးမြောင်း နှစ်ခုကိုလည်း တူးထားကြောင်း တွေ့လိုက်ရသည်။

+

အခန်းအတွင်း၌ အောက်သိုးသိုး အနံ့တစ်ခု ရှိနေသော်လည်း စိုထိုင်းထိုင်း မဖြစ်နေပေ။

အခန်းအတွင်းတွင် ဤကဲ့သို့သော အသေးစိတ် ပြင်ဆင်မှုများစွာတို့ကို သူမက သတိပြုမိခဲ့ပြီး ဤအပြင်အဆင်များက ကလေးငယ် တစ်ယောက် ပြုလုပ်ထားခြင်းနှင့် မတူနေပေ။

သူမသည် ဤစူးစမ်းရှာဖွေရေး အဖွဲ့အား လျှော့တွက်မိပြီလားဟု သံသယများ စတင်၍ ဝင်လာခဲ့လေသည်။

မက်ဂီသည် သူမ၏ ကျောပိုးအိတ် အတွင်းမှ အသားခြောက် အချို့ကို ထုတ်ယူလိုက်ကာ

+

သံစဉ်မကျသော သီချင်းတစ်ပုဒ်အား လေချွန်နေရင်း ချက်ပြုတ်နေခဲ့သည်။ လျှပ်စီးသည် သူမ၏ ခါးအနားတွင် ရစ်ပတ်ထားသော ဟင်းခတ် အမွှေးအကြိုင် ဘူးများကို ထုတ်ယူလိုက်ပြီးမှ အသားခြောက်၏ မျက်နှာပြင်ပေါ်တွင် အညီအမျှ ဖြူးနေခဲ့သည်။

သူတို့အကြားမှ အပေးအယူ မျှတသော ပူးပေါင်းဆောင်ရွက်မှုကို ကြည့်ခြင်းအားဖြင့် ဤအကြိမ်သည် သူတို့က ပထမဆုံး အကြိမ်အဖြစ် အတူတကွ ဤကဲ့သို့ ဆောင်ရွက်ခြင်း မဟုတ်မှန်းကို သိနိုင်ပေသည်။

+

မကြောမီပင် ဆွဲဆောင်မှုရှိသော မွှေးပျံ့လှသည့် ရနံ့တစ်ခုက အခန်းအတွင်းတွင် ပျံ့နှံ့သွားလေသည်။

"စားကြည့်ပါ" လျှပ်စီးက အသားကင် အချို့အား လော်ဂျာထံသို့ ပေးလိုက်သည်။

လော်ဂျာသည် လှမ်းယူလိုက်ပြီးမှ အနည်းငယ် ချီတုံချတုံ ဖြစ်ခဲ့အပြီးတွင် သူမ၏ ပါးစပ်အတွင်းသို့ ဖြည်းဖြည်းချင်း ထည့်ခဲ့လိုက်သည်။

သူမ၏ ပါးစပ်အတွင်းတွင် အလွန်တရာမှ အနံ့ အရသာနှင့် ပြည့်စုံလှသော အသားခြောက် တစ်ခုကို အရသာ ခံလိုက်ရသည်။ သူသည် နွေးထွေး၍ ဆီရွှဲနေကာ ဟင်းခတ်

+

အမွေးအကြိုင်များကြောင့် လတ်ဆတ်၍ အနည်းငယ် ဆားငန်နေပေသည်။

အသားသည် အတွင်းတွင် နူးညံ့နေကာ အပေါ်ယံ အခွံက ကြွပ်ရွနေသည်။ တောရိုင်းအတွင်းတွင် ချက်ပြုတ်ထားသော အစားအစာ တစ်ခုသည် သံမဏိ သဲမြို့တော်မှ အကောင်းဆုံး စားသောက်ပွဲ တစ်ခုအတွင်းမှ အစားအသောက်များကဲ့သို့ အရသာ ရှိနေလိမ့်မည်ဟု ဝံပုလွေ ကောင်မလေးက ယုံကြည်နိုင်ရန် ခက်ခဲနေခဲ့သည်။

သူမသည် မအောင့်နိုင်ပဲ သူမ၏ အမြီးအား ပျော်ရွှင်စွာ ဝှေ့ယမ်းလိုက်ပြီးမှ သူမ၏ လည်ပင်းအနားတွင် ရှိနေသေးသော မွှေးရနံ့အား

+

မှုတ်ထုတ်လိုက်သည်။ "အရမ်း.. အရမ်း... စားကောင်းတာပဲ"

"စားကောင်းမှာပေါ့... ဒါက သာမန် အသားမှ မဟုတ်တာ... ကူး" မက်ဂီက ဂုဏ်ယူစွာဖြင့် ပြောလိုက်သည်။ "ဒါဟာ မဟာ နှင်းတောင်တန်းက ရေခဲအိုင် အတွင်းက ရောမ ဖားကြီးရဲ့ အသားပဲ... ငါက သူ့ကို အတော်လေး အားထုတ်ပြီးမှ ဖမ်းနိုင်ခဲ့တာ... သူ့ရဲ့ ခြေထောက် တစ်ခုစီက လျှပ်စီးရဲ့ အရွယ်အစားလောက် ရှိတယ်... သူက ကြီးလွန်းတော့ ငါတို့က သူ့ကို အသားခြောက် လုပ်ပြီးမှ ဖြည်းဖြည်းချင်းသာ စားခဲ့ရတယ်"

+

ဝံပုလွေ ကောင်မလေးက မှင်သက်သွားသည်။
"ရေအိုင်ဖွား... ဟုတ်လား... အဲ့ဒါက ဘာလဲ...
တကယ်ရော စားလို့ရရဲ့လား"

"စိတ်မပူပါနဲ့... ငါတို့ စူးစမ်းရှာဖွေသူတွေဟာ
မသိသေးတဲ့ လျှို့ဝှက်ချက်တွေကို စူးစမ်း
ဖော်ထုတ်ကြပြီး မတူညီတဲ့ အစာတွေက
သူတို့အနက်က တစ်ခုဖြစ်တယ်" ကောင်မလေးက
လော်ဂျာ၏ စိတ်အား ထွင်းဖောက် မြင်နိုင်ဟန်ဖြင့်
ပြောလိုက်သည်။

ဝံပုလွေ ကောင်မလေးက သူမ၏ နှုတ်ခမ်းများကို
ကိုက်ထားခဲ့သော်လည်း နောက်ဆုံးတွင် ပါးစပ်ကို
မပိတ်ထားနိုင်ခဲ့ပေ။ သူမသည် မျက်လုံးများကို

+

မှိတ်လိုက်ပြီးမှ လက်ကျန် အသားများကို မျိုချလိုက်လေသည်။

သူမ၏ ပါးစပ်အတွင်းမှ လက်ကျန် အရသာများကို အရသာခံရင်း လျှပ်စီးအား ကြည့်ကာ မေးလိုက်သည်။ "ဆောင်းမဲ့မြို့တော် စူးစမ်းရှာဖွေရေး အဖွဲ့အတွင်းမှာ အဖွဲ့ဝင် နှစ်ယောက်ပဲ ရှိနေတာလား"

"လက်ရှိမှာ သုံးယောက်ရှိနေပြီ" ကောင်မလေးက သူမအား ပြင်ပေးလိုက်သည်။

"စုန်းမ သမဂ္ဂက တခြား စုန်းမတွေကရော... ဒီအဖွဲ့ကို မဝင်ကြဘူးလား... နင်က ငါ့ကို

+

ဘာဖြစ်လို့ ဒီအဖွဲ့ထဲ ဝင်စေလိုနေရတာလဲ" အနည်းငယ်မျှ စဉ်းစားခဲ့အပြီးတွင် မင်းသမီး လော်ဂျာက ပွင့်ပွင့်လင်းလင်းသာ ပြောရန် ဆုံးဖြတ်ခဲ့သည်။

"ငါက အနောက်ပိုင်း ဒေသကို သန်မာတဲ့ ပြိုင်ဘက်တွေကို စိန်ခေါ်ပြီး တိုက်ခိုက်နိုင်မှု စွမ်းရည်တွေကို တိုးတက်အောင် လုပ်ဖို့ လာခဲ့တာ... မသိသေးတဲ့ နေရာတွေကို စူးစမ်း ရှာဖွေရတာက ငါရဲ့ ဝါသနာ မဟုတ်ဘူး"

လျှပ်စီးသည် ပုံမှန်နှင့် ကွဲပြားစွာ ငြိမ်သက်သွားခဲ့သည်။ "ဘာဖြစ်လို့လဲဆိုတော့ တခြား စုန်းမတွေက ဆောင်းမဲ့မြို့တော်ကနေ

+

တစ်ခါတစ်ရံမှသာ ထွက်ခွာလေ့ရှိတာကြောင့်ပဲ... သူတို့က ထွက်ခွာလိုနေရင်တောင် တောရိုင်းအတွင်းမှာ လျှောက်သွားလိုတဲ့သူ သိပ်မရှိဘူး"

"စူးစမ်းရှာဖွေခြင်းထက် စာရင် သူတို့မှာ စက်ရုံအတွင်းက စက်ကိရိယာတွေကို ထုတ်လုပ်ဖို့ အစရှိတဲ့ ပိုအရေးကြီးတဲ့ တာဝန်တွေ ရှိနေကြတယ်... လူတစ်ယောက်တည်းက တကယ့် စွန့်စားခန်း အစစ် တစ်ခုကို ပြီးမြောက်ဖို့ ခက်ခဲတယ်လို့ ငါ့အဖေက ပြောခဲ့ဖူးလို့ ငါဟာ ကြီးမြတ်တဲ့ စူးစမ်းရှာဖွေသူ တစ်ယောက် ဖြစ်လာအောင် ကိုယ်ပိုင် အဖွဲ့တစ်ခုကို တည်ဆောက်နေခဲ့တာ... ပြီးတော့ နင်က

+

တောရိုင်းဒေသမှာ ငါတို့ တွေ့ရတဲ့
တစ်ဦးတည်းသော စုန်းမ ဖြစ်နေတယ်"

ဤကောင်မလေးသည် စူးစမ်းရှာဖွေရေး အဖွဲ့နှင့်
ပတ်သတ်၍ အလေးအနက် ထားနေကြောင်းကို
လော်ဂျာက ရုတ်တရက်
သဘောပေါက်သွားလေသည်။ ဤအရာသည်
သူမက အပျော်သဘော အနေဖြင့် လုပ်နေသော
အရာတစ်ခု မဟုတ်ပဲ သူမ မြတ်နိုး
တန်ဖိုးထားရသည့် အိမ်မက်တစ်ခု ဖြစ်နေသည်။

သူမ၏ အထီးကျန်နေသော လေသံမှ တဆင့်
ဝံပုလွေ ကောင်မလေးသည် လူအများစုက သူမ၏
အကြံအစည်များကို အလေးအနက် မထားပဲ

+

ကလေး ကစားပွဲ တစ်ခုဟုသာ
သတ်မှတ်ထားကြမှန်းကို ပြောနိုင်ခဲ့သည်။
သူမကလည်း အစ ပထမက ထိုကဲ့သို့သာ
ထင်မိလေသည်။

ထိုအချိန်၌ လော်ဂျာသည် ဤကောင်မလေး
အတွင်းတွင် သူမကိုယ် သူမ ပြန်မြင်လာမိသည်။
သူမသည် စိန်ခေါ်မှုများ အားလုံးကို ကျော်လွှားပြီး
သူ့ရဲကောင်း တစ်ယောက် အစစ်အမှန်
မဖြစ်လာခဲ့မီက တိုက်ခိုက်မှု အပေါ်တွင်
သူမထားခဲ့သော စိတ်ထက်သန် ပြင်းပြမှုများကို
လူအနည်းငယ်ကသာ နားလည်နိုင်သည်။
ဘာပဲပြောပြော သံမဏိ သဲမြို့တော်၌ပင်
အမျိုးသမီး သူ့ရဲကောင်းများက ရှားပါးလှသည်။

+

ဤအထိ တွေးခဲ့အပြီးတွင် ဝံပုလွေ ကောင်မလေးသည် အနည်းငယ် သက်ပြင်းချ၍ သာမန်အတိုင်းသာ ဟန်ဆောင်၍ မေးလိုက်သည်။ "အခုအချိန်မှာ ငါက စူးစမ်းရှာဖွေရေး အဖွဲ့ရဲ့ အဖွဲ့ဝင် တစ်ယောက် ဖြစ်သွားပြီ ဆိုတော့ နောက်တစ်ဆင့် ဘာလုပ်ရမလဲ"

ဤစကားကို ကြားလိုက်ရသော အခါ လှျပ်စီး၏ မျက်လုံးများက တောက်ပလာလေသည်။ သူမသည် သူမ အိတ်ကပ်အတွင်းမှ သားရေချပ် မြေပုံတစ်ခုကို ထုတ်ယူပြီးမှ လော်ဂျာအား လှမ်းပေးလိုက်သည်။

+

"ငါတို့ စူးစမ်းရှာဖွေခြင်း မလုပ်ရသေးတဲ့ နေရာတွေ
အားလုံးကို ဒီမြေပုံအတွင်းမှာ မှတ်ထားတယ်…
တကယ်လို့ နင်က ဒီနေရာတွေကို ရောက်သွားခဲ့ရင်
ကျေးဇူးပြုပြီးမှ နင်တွေ့ရှိခဲ့တဲ့
အရာတွေကိုဒီနေရာမှာ မှတ်ထားပါ…
ဥပမာအားဖြင့် ငှက်သိုက်တွေ… ပျားအုံတွေ…
ဝံပုလွေဂူတွေ… အစရှိသဖြင့်ပေါ့…
ဘာပဲဖြစ်ဖြစ်ရတယ်"

"ဒါပေမဲ့ နင်က သူတို့ကို တစ်ယောက်တည်း
ယူစားလို့ မရဘူးနော်… ဒါက ငါတို့ စူးစမ်းရှာဖွေရေး
အဖွဲ့ရဲ့ အရေးအကြီးဆုံး စည်းမျဥ်းပဲ… ငါတို့
ပြန်လာခဲ့တဲ့ အချိန်ကို စောင့်ပြီးမှ အတူတကွ
စားရမယ်" မက်ဂီက ကြားဖြတ်
ဝင်ပြောလိုက်လေသည်။

+

လော်ဂျာသည် မြေပုံအား ဖွင့်လိုက်ရာ သူ့အပေါ်တွင် မှတ်စု အနည်းငယ်နှင့် အတူ ထူးခြားသော အမှတ်အသား များစွာတို့ကို တွေ့လိုက်ရသည်။ ဥပမာအားဖြင့် လင်းယုန်သိုက်ဟု ရေးထားသော နေရာတစ်ခု အပေါ်တွင် ကြက်ပေါင် နှစ်ချောင်းနှင့် ကြက်ဥလေးလုံးပုံအား ဆွဲထားသည်။ ဤအရာကို မြင်ခဲ့ရအပြီး၌ ဝံပုလွေ ကောင်မလေးသည် ရယ်ရမလား ငိုရမလား မသိ ဖြစ်သွားခဲ့လေသည်။

သူမသည် အလိမ်ညာခံခဲ့ရသည်ဟု အဘယ်ကြောင့် ခံစားမိနေရသနည်း။

+

သူမသည် မြေပုံကို သိမ်းလိုက်ပြီးမှ ပြောလိုက်သည်။ "အဟမ်း… ငါသိပြီ… ဒါပေမဲ့ 'ပြန်လာတယ်' ဆိုတာက ဘာကို ဆိုလိုနေတာလဲ… နင်တို့က ဆောင်းမဲ့မြို့တော်ကနေ ထွက်ခွာသွားတော့မှာလား"

"အရှင်မင်းမြတ် ရိုလန်က အရှေ့ပိုင်း ဒေသနဲ့ ဟားမီးစ်တို့ကို တပ်ဖွဲ့တွေ စေလွှတ်တော့မယ်… အဲ့ဒီအချိန်မှာ ငါတို့က ပထမ စစ်တပ်နဲ့ အတူ လိုက်ပါသွားရမယ်… ငါတို့ ပြန်မလာခင် လအနည်းငယ် ကြာနိုင်တယ်… ဘာပဲပြောပြော ရန်သူရဲ့ အခြေအနေကို စုံစမ်းဖို့နဲ့ အမြောက်တွေရဲ့ ပစ်ခတ်တဲ့ ဦးတည်ချက်ကို တွက်ချက်ဖို့ အရှင်မင်းမြတ်က ငါတို့ကို အားကိုးနေရတယ်"

+

လှျပ်စီးက သူမ၏ ရင်ဘတ်ကို ပုတ်ကာ ပြောလိုက်သည်။ "ငါတို့ မရှိတဲ့ အချိန်မှာ တောရိုင်းဒေသ အတွင်းက စူးစမ်းရှာဖွေရေး အလုပ်ကို နင်ကပဲ တာဝန်ယူရလိမ့်မယ်"

## စာစဥ် ၅၇ : အပိုင်း ၁၃

## အပိုင်း ၈၅၃ : စစ်ပွဲအတွက် ပြင်ဆင်ခြင်း

တစ်ည အိပ်စက်အပြီးတွင် စုန်းမ သုံးယောက်တို့သည် ထပ်ဖန်တစ်ခါ ခရီးဆက်ခဲ့ကြသည်။ နေ့ဝက်ခန့် ပျံသန်းခဲ့အပြီးတွင်

+

လော်ဂျာသည် နောက်ဆုံး၌ အစွန့်ပစ်ခံ မြို့တော်အား တွေ့ခဲ့ရလေသည်။

သူမသည် မတတ်နိုင်ပဲ အသက်ရှူ အောင့်ထားမိသည်။

ဤမြို့တော်သည် သူမ မှန်းဆထားသည်ထက် များစွာပို၍ ကြီးမားလှသည်။

သူမသည် အောက်ဘက်တွင် ကျယ်ပြန့်လှသော အစိမ်းရောင် နယ်မြေ တစ်ခုနှင့် ပျက်စီး ယိုယွင်းနေသော အညိုရောင် မြို့ရိုးများကို တွေ့လိုက်ရသည်။ ဤမြို့တော်သည် အစွန့်ပစ်ခံနေရသည်မှာ နှစ်ပေါင်းလေးရာကျော်

+

ရှိပြီဟု လျှပ်စီးက ပြောခဲ့သော်လည်း
ယခုအချိန်တွင် လော်ဂျာအနေဖြင့် မြို့ရိုး
အပိုင်းအစများကို တွေ့နေနိုင်သေးသည်။

ဤမြို့ပျက်သည် သံမဏိ သဲမြို့တော်ထက် ငါးဆ၊
ခြောက်ဆထက် ပိုကြီးပြီး လူတစ်သိန်းကျော်
နေထိုင်နိုင်ရန် လုံလောက်မှန်းကို သူမက
တွေ့လိုက်ရသည်။ အပိုင်းပိုင်း အစစ ဖြစ်နေသော
အပျက်အစီးများကို ကြည့်နေရင်း သူမသည် သူ၏
တစ်ချိန်က ကြီးမြတ်မှုကို အာရုံခံနိုင်မိသေးသည်။

မြို့တော်အတွင်းမှ လူတစ်ယောက်ချင်းစီသည်
ဘေးပတ်ဝန်းကျင်ရှိ မြို့ရွာများမှ
လူဆယ်ယောက်၏ ထောက်ပံ့မှုကို

+

လိုအပ်သည်ဟူသော စည်းမျဉ်းအရ
ဤတောရိုင်းနယ်မြေတွင် လူပေါင်း ဆယ်သိန်းခန့်
နေထိုင်နိုင်သည် ဟူသော အချက်ကို သူမက
အံ့အားသင့်စွာဖြင့် တွေ့လိုက်ရသည်။

ဤအရာသည် မယုံကြည်နိုင်လောက်အောင်ပင်။

ဤမျှအထိ ကြီးမားသော မြို့တော်တစ်ခုအား
တည်ဆောက်ထားနိုင်သော တိုင်းပြည်တစ်ခုသည်
နောက်ဆုံးတွင် မိစ္ဆာများကို ဆုံးရှုံးသွားရခဲ့သလော။

လော်ဂျာသည် အရှင်မင်းမြတ်က သူမအား
ပြောခဲ့သည့် စကားများကို ရုတ်တရက် ပြန်လည်
အမှတ်ရလာခဲ့သည်။ "နတ်ဘုရားဆန္ဒ စစ်ပွဲဟာ

+

မျိုးနွယ်စု နှစ်ခုအကြားက တိုက်ပွဲတစ်ခု သက်သက် မဟုတ်ပဲ လူမှု အဖွဲ့အစည်း တစ်ခု အသက်ရှင်နိုင်မလားဆိုတာကို ဆုံးဖြတ်တဲ့ အားလုံး ပါဝင် ပတ်သတ်နေတဲ့ စစ်ပွဲတစ်ခု ဖြစ်တယ်"

ထိုအချိန်က သူမသည် ထိုစကားကို နားထောင်ပြီး စိတ်အနှောင့်အယှက် ဖြစ်သွားခဲ့သော်လည်း ယခုအချိန်၌ တစ်နည်းတစ်ဖုံအားဖြင့် နားလည်သွားခဲ့သည်။ ထိုအချိန်က ဘုရင်သည် "ငါကမင်းကို အလကား သွားအသေမခံစေလိုနေဘူး" ဟူ၍ ပြောခဲ့ခြင်းသည် သူမအား ခြိမ်းခြောက်လိုနေခြင်း သက်သက် မဟုတ်မှန်းကို သဘောပေါက်လာခဲ့လေသည်။

+

ရုတ်တရက်ပင် သူမက များစွာပို၍ နေထိုင်ကောင်းသွားခဲ့သည်။

လျှပ်စီး၏ အချက်ပြမှုနှင့် အတူ သူတို့သည် အောက်သို့ ဖြည်းဖြည်းချင်း ဆင်းသက်လာကြရာ နောက်ဆုံးတွင် အတော်လေး အကောင်းအတိုင်း ကျန်သေးသည့် မြို့ရိုး အစိတ်အပိုင်း တစ်ခုအပေါ်သို့ ရောက်ရှိလာခဲ့သည်။

မြို့ရိုး အပေါ်ပိုင်းသည် ပျက်စီးနေခဲ့သော်လည်း ခြေလှမ်း နှစ်ဆယ်ကျော်မျှ ကျယ်ဝန်းသေးပြီး လေးဘီးတပ် မြင်းလှည်းနှစ်စင်း ဘေးချင်းယှဉ်သွားနိုင်အောင် လုံလောက်နေသည်။ ရေညှိများ၊ နွယ်ပင်များဖြင့် ဖုံးလွှမ်းနေသော မြို့ရိုးအပေါ်တွင်

+

သူတို့သည် အပေါက်အချို့ကို တွေ့ခဲ့ပြီး ဤမျှအထိ ကြီးမားသော ကျောက်တုံးနံရံများ အပေါ်တွင် ပျက်စီးမှုများ ဖြစ်ပေါ်စေရန် မည်မျှအထိ အားသုံးရမည်ကို သူမက စဥ်းစားမိနေခဲ့သည်။

ကောင်မလေးက အနားသို့ ရောက်လာ၍ ပြောလိုက်သည်။ "နင်သိပြီးသား ဖြစ်ကောင်း ဖြစ်နေနိုင်ပေမဲ့ ဒီမြို့တော်ဟာ စုန်းမ အင်ပါယာရဲ့ နောက်ဆုံး ခံစစ်လိုင်း ဖြစ်ခဲ့တယ်... နောက်ဆုံးမှာတော့ ကံမကောင်းစွာနဲ့ သူတို့ဟာ မိစ္ဆာတွေရဲ့ တိုက်ခိုက်မှုကို မခုခံနိုင်ခဲ့ကြဘူး"

ဤအရာက အက်ရှ်ပြောပြခဲ့ဖူးသော နှစ်ပေါင်းလေးရာကျော် သက်တမ်းရှိနေသည့်

+

စုန်းမများသည် ဤစုန်းမ အင်ပါယာမှ အသက်ရှင်ကျန်ရစ်နေသူများ ဖြစ်နေသည်ဟု ဆိုလိုနေသလော။ တိုင်းပြည်လေးခုနှင့် စုန်းမများကို မိစ္ဆာဒိဋ္ဌိများဟု သတ်မှတ်ထားသော ဘုရားကျောင်းတို့သည် ထိုစုန်းမများ ကျရှုံးသွားပြီးနောက် ပေါ်ပေါက်လာကြသော အင်အားစုများ ဖြစ်နေကြသလော။

ဝံပုလွေ ကောင်မလေးသည် ဤဇာတ်လမ်းကို သိနေသော သူများက ဤသတင်းအား တမင်သက်သက် ဖုံးကွယ်ထားသည်ဟု ယုံကြည်နေခဲ့သဖြင့် ဤမေးခွန်းများအား မေးလိုစိတ်ကို ချိုးနှိမ်ထားခဲ့သည်။ သူမသည် ဤအရာများနှင့် ပတ်သတ်သည့် မည်သည့် အကြောင်းအရာကိုမှ ခရီးသွား ကုန်သည်များထံမှ

+

မကြားဖူးခဲ့ပဲ ဆောင်းမဲ့မြို့တော်မှ
နေထိုင်သူများကလည်း ဤအကြောင်းကို ဘာမှ
မသိသည့်ပုံ ပေါက်နေကြသည်။

သူမသည် စုန်းမ သမဂ္ဂ၏ အဖွဲ့ဝင် တစ်ယောက်
မဟုတ်သဖြင့် ဤအကြောင်းကို ကောင်းစွာ
သိရန်မလိုဟု ထင်မှတ်နေခဲ့သည်။

သူမသည် လျှပ်စီး ယမန်နေ့က သူမအား
ပေးထားသော မြေပုံကို ဖွင့်ကြည့်လိုက်သည်။
"တက်ကီလာက နင်တို့ ကင်းလှည့်တဲ့ နေရာရဲ့
အစွန်အဖျားမှာ တည်ရှိနေတာလား... တကယ်လို့
မိစ္ဆာတွေက ဆောင်းမဲ့မြို့တော်ကို

+

တိုက်ခိုက်လိုနေရင် သူတို့က ဘယ်ဘက်ကနေ လာလေ့ ရှိကြသလဲ"

"သူတို့က မြို့ပျက် အနောက်ဘက်က ဘယ်နေရာကမဆို လာနိုင်တယ်... ဒါပေမဲ့ ငါတို့က ပျံသန်းနိုင်တယ် ဆိုတာတောင် မြေရိုင်းဒေသရဲ့ အတွင်းဘက်ကို နက်ရှိုင်းစွာ ပျံသန်းသွားခြင်းက အန္တရာယ် များလွန်းတယ်"

ဝံပုလွေ ကောင်မလေးက မေးလိုက်သည်။
"ဘာဖြစ်လို့လဲ"

+

မက်ဂီက ပြန်ဖြေလိုက်သည်။ "မြူခိုးငွေ့တွေကြောင့် ဖြစ်တယ်… တစ်ခါတစ်ရံမှာ ကောင်းကင်ကတောင် အနီရောင် သန်းသွားခဲ့တယ်"

"အဲ့ဒါက ဘာများလဲ" လော်ဂျာက မျက်မှောင်ကြုတ်လိုက်သည်။

"အဲ့ဒါက ငါတို့ ရှူနေတဲ့ လေလိုမျိုး မိစ္ဆာတွေအတွက် အသက်ကို အထောက်အပံ့ပေးတဲ့ အရာဖြစ်တယ်" လျှပ်စီးက အနောက်မြောက်ဘက်သို့ ကြည့်နေရင်း ပြောလိုက်သည်။ "ဒီကနေ့မှာ ရာသီဥတု ကောင်းမွန်လို့ ကောင်းကင်က အပြာရောင် ဖြစ်နေတယ်… ဒါပေမဲ့ တကယ်လို့ မိုးရွာနေရင်

+

ဒါမှမဟုတ် တိမ်ထူနေရင်… အထူးသဖြင့် အနက်ရောင် တိမ်တိုက်တွေက ကောင်းကင်ကို ဖုံးလွှမ်းနေရင် ငါတို့က ကောင်းကင်ပေါ် မြင့်မားတဲ့ နေရာတွေကနေ မိုးကုပ်စက်ဝိုင်းထံက အနီရောင် မြူခိုးငွေ့တွေကို ကောင်းကောင်း မြင်နိုင်တယ်"

"ဒီမြူခိုးငွေ့တွေက စုန်းမတွေ အတွက် အဆိပ်ဖြစ်ပြီး ငါတို့က မရှူမိရင်တောင် ဒီအတိုင်း ထိတွေ့မိတာနဲ့ ဆိုးဆိုးဝါးဝါး ဒဏ်ရာ ရသွားနိုင်တယ်… သူက ဘယ်လောက်အထိ ပျံ့နှံ့နေသလဲ ဆိုတာကို ငါတို့က မသိတဲ့အတွက် တက်ကီလာကနေ အနောက်ဘက်ကို သိပ်ပြီးမှ မသွားတော့ဘူး"

+

ပြီးတာနှင့် ကောင်မလေးသည် မိစ္ဆာများ၏ အားနည်းချက်များနှင့် ပတ်သတ်သည့် အကြောင်းအရာများကို အကျဉ်းချုံး၍ ပြောပြလိုက်သည်။

"ငါသိပြီ" ဝံပုလွေ ကောင်မလေးက သူမ၏ နားရွက်များကို လှုပ်၍ ပြောလိုက်သည်။ "ငါက သူတို့ အနောက်က ပိုက်တွေကို ဆွဲဖြုတ်လိုက်ရုံနဲ့ သူတို့က အားနည်းပြီး အလွယ်တကူ အနိုင်ယူလို့ရသွားမယ်"

လျှပ်စီးက ဆက်ပြောလိုက်သည်။ "ဒါပေမဲ့ ဒီလိုလုပ်ဖို့တော့ မလွယ်ကူဘူး… မနေ့ညက ငါနင့်ကို ပြောထားတဲ့ အကြီးတန်း မိစ္ဆာတွေလိုမျိုးပဲ

+

သူက တိုက်ခိုက်တဲ့ နေရာမှာ အားနည်းချက် မရှိသလောက်ပဲ... တကယ်လို့ နင်က ရန်သူတွေနဲ့ တကယ်တမ်း တွေ့ခဲ့ရင် ချက်ချင်း ပြန်ဆုတ်လာပြီး အရှင်မင်းမြတ် ရိုလန်ကို သတင်းပေးရင် အကောင်းဆုံး ဖြစ်တယ်"

"စိတ်မပူပါနဲ့... ငါက ဘယ်လို လုပ်ရမလဲ ဆိုတာကို ကောင်းကောင်းသိပါတယ်"

လော်ဂျာက တိုက်ခိုက်လိုစိတ် အပြည့်ဖြင့် သူမ၏ ရင်ဘတ်ကို ပုတ်နေရင်း ပြောလိုက်သည်။

မိစ္ဆာများသည် ခက်ခဲသော ပြိုင်ဘက်များ ဖြစ်သော်လည်း ထိုအရာက တိုက်ခိုက်မှုကို ပို၍

+

စိတ်ဝင်စားဖွယ်ကောင်းအောင်
လှုံ့ဆော်ပေးနိုင်သော အရာတစ်ခု ဖြစ်သည်။
ထို့အပြင် အုပ်စုလိုက် ပြိုင်ဘက်ကင်းခြင်းသည်
တစ်ယောက်ချင်း သန်မာသည်ဟု ဆိုလိုနေခြင်း
မဟုတ်ပေ။

သူမသည် သင်းကွဲမိစ္ဆာ တစ်ကောင်ကို
အမဲလိုက်နိုင်ရန် အခွင့်အရေး ရှိနေပြီး အကယ်၍
သူမ၏ ခရီးအတွင်းတွင် မိစ္ဆာ တစ်ကောင်မှ
ပေါ်မလာခဲ့လျှင်လည်း သွေးနှော မိစ္ဆာသားရဲများကို
တိုက်ခိုက်နိုင်သေးသည်။

သူမသည် မက်ဂီ၏ ကျောပေါ်မှ
ပျံသန်းနေခဲ့ချိန်တွင် ဧရာမ မိစ္ဆာသားရဲ

+

များစွာတို့အား မြင်တွေ့ခဲ့ပြီး ဖြစ်သည်။ သူမသည် လူသူ နေထိုင်ခြင်း မရှိသော တောရိုင်းအား ကြည့်နေရင်း သူမ၏ ခရီးအတွက် ထပ်ဖန်တစ်ခါ စိတ်လှုပ်ရှားလာတော့သည်။

သူမ အိမ်မက်မက်နေသော လမ်းသည် ယခုအချိန်၌ များစွာပို၍ ကြည်လင် ပြတ်သားလာခဲ့လေပြီ။ အကယ်၍ ရှေ့သို့ ဆက်သွားခဲ့လျှင် သဲများသည် စိမ်းလန်းသော နေရာများနှင့် အစားထိုးသွားပေတော့မည်။

သူမသည် ဤနေရာ၌ အချိန်ကြာမြင့်စွာ နေဖြစ်လိမ့်မည်ဟု အာရုံရနေခဲ့လေသည်။

+

.........

စစ်ချီရန် အမိန့်ထုတ်ပြန်ပြီးကတည်းက ရိုလန်သည် နေ့စဉ်နေ့တိုင်း အစည်းအဝေး တစ်ခု သို့မဟုတ် နှစ်ခုအထိ တက်ခဲ့ရသည်။ တိုက်ပွဲ အစီအစဉ်မှ စ၍ ထောက်ပံ့ ပို့ဆောင်မှု အထိ အရာအားလုံးသည် သူ၏ အတည်ပြုချက်ကို လိုအပ်နေသည်။

အစ ပထမတွင် သူသည် အကြွင်းမဲ့ အာဏာ၏ ခံစားချက်ကို နှစ်သက်နေခဲ့သော်လည်း မကြာမီပင် အလုပ်ဝန်ပိလာသော အခါ ပင်ပန်းလာသကဲ့သို့ ခံစားလာမိသည်။

+

ယခုအချိန်၌ ဆောင်းမဲ့မြို့တော်သည် သာမန်
မြို့တော်တစ်ခုထက် ပို၍ သာလွန်နေသဖြင့်
ယခင်က လူတစ်ယောက်တည်း ပြုလုပ်ခဲ့သော
အစီအစဉ်များကို ယခုအချိန်၌ အဖွဲ့ တစ်ခုလုံးဖြင့်
လုပ်ဆောင်နေရပြီ ဖြစ်သည်။

နေ့စဉ်နေ့တိုင်း ဤကဲ့သို့ အသေးအဖွဲ ကိစ္စများအား
ဆွေးနွေးခဲ့ရအပြီးတွင် ရိုလန်သည်
တိုင်းရေးပြည်ရေးများကို မလုပ်ကိုင်ချင်တော့သော
သမိုင်းအတွင်းမှ ဦးနှောက်မရှိသော
ခေါင်းဆောင်များ အကြောင်းကို နားလည်လာကာ
သူတို့အား ကိုယ်ချင်းစာစိတ်ပင်
ထားလာနိုင်ခဲ့သည်။

+

တစ်ယောက်က ကောင်းစွာ မမှတ်မိပဲ
နားမလည်နိုင်သော ကိစ္စများ အကြောင်းကို
အချို့လူများက တကျည်ကျည် ပြောနေမှုအား
နားထောင်နေရသည်ဟု စိတ်ကူးယဉ်ကြည့်ပါ၊
သင်သည် ဖြည်းဖြည်းချင်း ထိုအရာအား
အမျက်ဒေါသ ထွက်လာပေလိမ့်မည်။

စကိုးသည် သူ့အတွက် တင်ပြချက်ကများကို
ပေါင်းစည်းကာ နံပါတ်များ တပ်ပေးခဲ့ခြင်း မရှိခဲ့လျှင်
သူသည် အဝေးရောက် ခေါင်းဆောင် တစ်ယောက်
အဖြစ်သာ နေရန် ပို၍နှစ်သက်နေပေသည်။

+

ဘာပဲပြောပြော ဤကမ္ဘာသို့ မရောက်လာသေးမီ သူသည် စက်မှု အင်ဂျင်နီယာ တစ်ယောက်သာ ဖြစ်နေခဲ့သေးသည်။

ရှုပ်ထွေးလှသော ထောက်ပံ့ ပို့ဆောင်ရေး အစီအစဉ်များထက် စာလျှင် သူသည် ကာကွယ်ရေး ဌာနမှ တင်ပြထားသော တိုက်ပွဲ အစီအစဉ်များကို ပို၍ အာရုံစိုက်မိနေသည်။

ပထမ စစ်တပ်သည် မြင့်မားထူထဲသော မြို့ရိုးများ ဝန်းရံထားသည် ဟားမီးစ်မှ မြင့်မြတ်သော မြို့တော်အား ခဲယမ်းမီးကျောက်များ အားလုံးဖြင့် စုပြုံ ပစ်ခတ်ရန် ပြင်ဆင်ထားသည်။ သူတို့သည် မဟာ နှင်းတောင်တန်းမှ အတွေ့အကြုံများ

+

အပေါ်တွင် မူတည်၍ အစီအစဉ် တစ်ခုကို ရေးဆွဲထားပြီး ဤတိုက်ခိုက်မှုအတွက် လုံလောက်သော အမြောက်နှင့် ခဲယမ်းမီးကျောက်များကို ပြင်ဆင်ထားမည် ဖြစ်သည်။

ဤစစ်ဆင်ရေးသည် ပထမ စစ်တပ်မှ စစ်သားများ၊ စုန်းမများနှင့် တက်ကီလာမှ အသက်ရှင် ကျန်ရစ်သူများ ပါဝင်နေသည့် ပူးပေါင်း စစ်ဆင်ရေး တစ်ခုပင် ဖြစ်သည်။

မြောက်ပိုင်းဒေသမှ ပုလဲသည် အမှန်ပင် ပါရမီရှင် တစ်ယောက်ဖြစ်သည်ကို ရိုလန်က ဝန်ခံရပေလိမ့်မည်။ ဤအစီအစဉ် အတွင်းတွင်

+

သူမသည် စုန်းမများနှင့် တက်ကီလာမှ အသက်ရှင်ကျန်ရစ်သူများ၏ စွမ်းရည်များကို အသုံးပြုကာ ဘက်ပေါင်းစုံမှ အလစ် တိုက်ခိုက်မည့် အကြံတစ်ခုကို တင်ပြခဲ့သည်။

ထိုကဲ့သို့ ပြုလုပ်ခဲ့လျှင် ဆောင်းမဲ့မြို့တော်မှ တပ်ဖွဲ့များသည် ရန်သူ၏ ခံစစ်လိုင်းကို လျင်မြန်စွာ ချိုးဖျက်နိုင်ပြီး လေပေါ်မှရော မြေပေါ်မှပါ ရန်သူတို့အား တိုက်ခိုက်နိုင်လိမ့်မည်ဟု သူမက အကြံပြုခဲ့သည်။ သူမ၏ အကြံများသည် ကောင်းစွာ ပြင်ဆင်ရခြင်း မရှိသေးသော်လည်း ဤခေတ်အတွက် အတော်လေး အထင်ကြီးဖွယ်ရာ အကြံအစည်များဟု ပြောရပေလိမ့်မည်။

+

သူမအား ကာကွယ်ရေး ဌာနအတွင်းသို့
ပို့ခဲ့ခြင်းသည် ကောင်းမွန်သော ဆုံးဖြတ်ချက် တစ်ခု
ဖြစ်သည်ဟု ရိုလန်က ယုံကြည်နေမိသည်။

ဤအကြံကို အောင်မြင်စွာ အကောင်အထည်
ဖော်နိုင်ရန် သူသည် တက်ကီလာမှ နတ်ဘုရား
စီရင်ခြင်း စုန်းမများက သူတို့ လုပ်ချင်ရာ မလုပ်ပဲ
အမိန့်များကို ကောင်းမွန်စွာ အသေအချာ
နာခံအောင် စီမံရပေလိမ့်မည်။

အားလုံးတို့က စစ်ပွဲအတွက် ပြင်ဆင်နေကြရင်း
အလုပ်ရှုပ်နေကြချိန်တွင် ဤပြဿနာသည်
သူဖြေရှင်းရန် လိုအပ်နေသည့် ပထမဆုံး
ပြဿနာပင် ဖြစ်ပေတော့သည်။

+

ဖြေရှင်းနည်းမှာကား အတော်လေး လွယ်ကူပေသည်။

ဥပမာအားဖြင့် သူသည် လာမည့်တိုက်ပွဲ အတွင်းသို့ ပါဝင်ဆင်နွဲမည့် အသက်ရှင် ကျန်ရစ်သူများ အားလုံးတို့ကို သူ၏ အိမ်မက်ကမ္ဘာအတွင်းသို့ အလည်ခေါ်ခဲ့ခြင်း ဖြစ်လေသည်။

## စာစဥ် ၅၇ : အပိုင်း ၁၄

## အပိုင်း ၈၅၄ : အိမ်မက်ကမ္ဘာ အတွင်းမှ ထင်မှတ်မထားသော ဖိတ်ခေါ်မှု

+

အလေ့အကျင့်သည် ပြီးပြည့်စုံစေသည် ဟူသော ဆိုရိုးစကားအား ရိုလန်က လက်ခံရပေလိမ့်မည်။ သူသည် ယခုအချိန်၌ အိမ်မက်ကမ္ဘာ အတွင်းသို့ ဝင်ရောက်ခြင်းကို အမတန်မှ ကျွမ်းကျင်နေခဲ့လေပြီ။

သူက အိမ်မက်ကမ္ဘာနှင့် ပတ်သတ်သော အကြောင်းအရာ တစ်ခုအား တွေးနေရင်း မျက်လုံးများ မှိတ်လိုက်သည်နှင့် ရောမ လိမ္မော်ရောင် အလင်းတန်းကို လျင်မြန်စွာ ဖန်တီးနိုင်ကာ ထိုကမ္ဘာ အတွင်းမှ နံနက်ခင်းတွင် နိုးထလာခဲ့လေသည်။

+

သို့သော်လည်း ဤအချိန်၌ သူသည် ဖုန်းမြည်သံကြောင့် လန့်နိုးလာခဲ့ရခြင်း ဖြစ်သည်။

ကံကောင်းစွာဖြင့် သူသည် အမှန်တကယ် အိပ်စက်နေခြင်း မဟုတ်သဖြင့် ပင်ပန်း နွမ်းနယ်နေသည်ဟု မခံစားရပဲ လျင်မြန်စွာ ထလိုက်ပြီး ကုတင်ဘေးရှိ စားပွဲမှ ဖုန်းအား ကောက်ကိုင်လိုက်သည်။ သူ့အား အကြီးအကျယ် အံ့အားသင့်စေခဲ့သည်မှာ ခေါ်ဆိုသူက ဂါစီယာ ဖြစ်နေခြင်းပင်တည်း။

"ဟေး... ဘယ်အချိန်ပဲ ရှိသေးလဲ ဆိုတာ သတိမထားမိဘူးလား"

+

"မနက် ခြောက်နာရီခွဲ ရှိပြီဆိုတော့ သိပ်စောတယ်လို့ ပြောလို့မရပါဘူး" ဂါစီယာက ဖြတ်ပြောလိုက်သည်။ "နင့်ဆီကို ရုတ်တရက် လာလည်မယ့် ဆွေမျိုးနီးစပ်တွေ မပေါက်ချလာဘူးလို့ ငါက ဘယ်လိုလုပ် သိနိုင်မှာလဲ"

ယခင်တစ်ခေါက်က အကြောင်းအရာအား စိတ်မပြေသေးသည်ကို သိနေခဲ့သဖြင့် ရိုလန်၏ နှုတ်ခမ်းထောင့်များက တွန့်သွားခဲ့သည်။ "အမ်… ငါနင့်ကို ဘာလုပ်ပေးရမလဲ"

"နင်က တိုက်စားခြင်းက ဘာလဲ ဆိုတာကို အမြဲတမ်း သိချင်နေတယ် မဟုတ်လား…

+

အဖွဲ့အစည်းက အဖွဲ့ဝင် အသစ်တွေကို ဒီနေ့ နေ့လယ်ခင်းမှာ ဖိတ်ခေါ်ထားတယ်... နင်မနက်စာ စားပြီးရင်း အခန်း ၀၈၂၇ကို လာခဲ့ပါ"

"နင်က နေ့လယ်ခင်းမှလို့ ပြောထားတယ် မဟုတ်လား"

"အဖွဲ့ဝင် အသစ်က နင်တစ်ယောက်တည်း ရှိတာ မဟုတ်ဘူး... တခြားခရိုင်က အဖွဲ့ဝင် အသစ်တွေနဲ့ သွားပူးပေါင်းဖို့ ငါတို့က အချိန် လိုသေးတယ်"
သူမက သူမ၏ အသံအား မြှင့်လိုက်သည်။
"ဘာလဲ... နင်က ဒီကနေ့မှာလည်း နင့်ဆွေမျိုး အချို့နဲ့ သွားလည်ဦးမလို့လား"

+

"ဟုတ်တယ်... ပြီးတော့ တစ်ယောက်မကဘူး" သူမသည် သူ့အိမ်ရှေ့ပေါက်သို့ သေချာပေါက် ရောက်လာမည်ကို ကြိုသိနေသဖြင့် သူသည် ကျယ်ကျယ် မပြောရဲပဲ ရင်အတွင်းမှသာ ပြန်ဖြေလိုက်သည်။ ပို၍ အရေးကြီးသည်မှာ သူကလည်း တိုက်စားခြင်း အကြောင်းကို အမှန်ပင် သိလိုစိတ် ပြင်းပြနေခြင်းပင် ဖြစ်သည်။

"အေး... ငါသိပြီ... ဒါပေမဲ့ ငါက မနေ့ညမှာ အိပ်ရာထ နောက်ကျသွားလို့ အနံ့အသက် သိပ်မကောင်းနေဘူး... အရင် ရေချိုးရဦးမယ်... နင့်ကို စောင့်ခိုင်းထားရတာ အားနာပါတယ်"

+

"…" သူမက ငြိမ်သက်သွားခဲ့သော်လည်း သူ့အား
ရှံ့ရှာစွာ ကြည့်နေသည်ဟု သူက
တစ်နည်းတစ်ဖုံအားဖြင့် ခံစားခဲ့ရသည်။
"ကျေးဇူးပြုပြီးမှ မြန်မြန်လုပ်ပါ" သူမက
အော်ဟစ်လိုက်၍ ဖုန်းချသွားလေသည်။

ယခုအချိန်၌ သူက ခပ်သွက်သွက်
လုပ်ရပေတော့မည်။

သူသည် အဝတ်လဲ၍ ဧည့်ခန်းအတွင်းသို့
သွားလိုက်ရာ ဇီးရိုးက ကြက်ဥကြော်ရင်း
အလုပ်ရှုပ်နေသည်ကို တွေ့လိုက်ရသည်။ သူမသည်
သူမ၏ လက်အတွင်းမှ ယောက်မကို ကျင်လည်စွာ

+

အသုံးပြုနေရာ အလယ်တန်း ကျောင်းသူ
တစ်ယောက်နှင့် လုံးဝကို တူမနေပေ။

"မင်္ဂလာ နံနက်ခင်းပါ" သူက နှုတ်ဆက်လိုက်သည်။
"ငါအခု အပြင်ထွက်လိုက်ဦးမယ်... ဒါပေမဲ့
သိပ်မကြာပါဘူး"

သူမက သံသယ ဝင်နေသော အမူအရာ တစ်ခုဖြင့်
မေးလိုက်သည်။ "ဦးလေး... ဦးလေးက မနက်
လေ့ကျင့်ခန်းတွေကို သွားလုပ်မလို့လား"

"ဟုတ်တယ်..." သူက သာမန်သာ
ပြန်ဖြေလိုက်သည်။ "ပြီးတော့ နေ့လယ်ခင်းမှာ
ဝန်ထမ်း အစည်းအဝေး တစ်ခုရှိတော့

+

ငါအိမ်ပြန်နောက်ကျလိမ့်မယ်... ဒီလိုဆိုတော့ ညစာစားရင် ငါ့ကို စောင့်မနေနဲ့တော့"

"သိပြီ" ကောင်မလေးက နှုတ်ခမ်းစူ၍ ပြောလိုက်သည်။

တိုက်ခန်း အဆောက်အအုံ အပြင်မှ လမ်းပေါ်တွင် လူများစွာ သွားလာ လှုပ်ရှားနေကြသည်။ ဆန်ခေါက်ဆွဲဆိုင်မှ မီးခိုးငွေ့များက ထွက်နေပြီး မုန့်ဆိုင်တွင် ပေါင်မုန့်ချောင်းများကို တရှဲရှဲဖြင့် ကြော်နေခဲ့သည်။

ရေဒီယို အသံများနှင့် ဈေးသည်များ၏ အော်ဟစ် ရောင်းချနေသံများကိုလည်း ကြားနေရသည်။

+

ယခုအချိန်သည် ဆောင်းဦးနှောင်းပိုင်း ဖြစ်နေသဖြင့်
လူအများစုသည် အနွေးထည်များ
ဝတ်ထားကြသော်လည်း အသက်ကြီးရင့်သူ
အချို့သည် အင်္ကျီလက်တိုများကိုသာ ဝတ်ဆင်ပြီး
နံနက် လေ့ကျင့်ခန်း များကို
ပြုလုပ်နေကြလေသည်။

သူတို့သည် တိုက်ခန်း အဆောက်အအုံ အနားတွင်
လူငယ်များကဲ့သို့ လျင်မြန်စွာ ပြေးနေကြသည်။

ရိုလန်သည် တိုက်ခန်း အဆောက်အအုံနှင့်
သိပ်မဝေးသော လမ်းသွယ် တစ်ခုအတွင်းသို့
လျှောက်သွားခဲ့ကာ ပိတ်ထားသော ဆိုင်တစ်ဆိုင်
အတွင်းသို့ ဝင်သွားခဲ့သည်။ တံခါးပေါ်တွင်

+

"ငှားရမ်းမည်" ဟူသော ကြော်ငြာ စာလုံး အကြီးကြီး တစ်ခုကို ရေးသားထားလေသည်။

သူသည် သော့တစ်ချောင်းအား ထုတ်ယူလိုက်ကာ ဘေးတံခါး တစ်ခုအား ဖွင့်လိုက်သည်။

အခန်းအတွင်းတွင် စုန်းမ နှစ်ဆယ်ကျော်တို့က တစ်ပြိုင်နက်တည်း ဒူးထောက်လိုက်ကြကာ သူ့အား နှုတ်ဆက်လိုက်ကြသည်။ "အရှင်မင်းမြတ်"

ထိုအချိန်၌ သူသည် ဆောင်းမဲ့မြို့တော်သို့ ပြန်ရောက်သွားသကဲ့သို့ ခံစားလိုက်ရလေသည်။

+

ဤဆိုင်အတွင်းသို့ ဝင်သွားရခြင်းသည် သူ့အတွက် နောက်ထပ် ကမ္ဘာ တစ်ခုအတွင်းသို့ ဝင်သွားရသည်နှင့် တူနေခဲ့သည်။

"အိမ်မက်ကမ္ဘာ ကနေ ကြိုဆိုပါတယ်" သူက ခေါင်းညိတ်၍ ပြန်ပြောလိုက်သည်။

.........

"ကျွန်မတို့က ဒီကနေ့မှာ အထူးတာဝန် တစ်ခု ရှိနေတယ်လို့ အရှင်က ဆိုလိုနေတာလား" ဆိုင်၏ ဒုတိယထပ်တွင် ဖိုင်းလစ်၊ ဖယ်လ်ဒီ၊ လင်းနှင့် ဒိုနန်တို့က သူ၏ နောက်ထပ် အမိန့်များကို စောင့်မျှော်နေကြသည်။

+

ဤအိမ်မက်ကမ္ဘာ အတွင်းသို့ လာရောက်ခဲ့ကြသည့် ပထမဆုံး စုန်းမအသုတ် ဖြစ်သည့်အတွက် သူတို့သည် ဤကမ္ဘာနှင့် ပတ်သတ်၍ အနည်းငယ် သိထားကြပြီး ကျန်သော တက်ကီလာမှ အသက်ရှင် ကျန်ရစ်သူများ အတွက် လမ်းပြအဖြစ် ဆောင်ရွက်နိုင်ကြသည်။

သူတို့သည် အခြားသူများအား ဤနေရာမှ ဘဝကို မည်ကဲ့သို့ ပျော်ရွှင်စွာ နေထိုင်ရမည်၊ ကျဆင်းနတ်ဆိုးများကို မည်ကဲ့သို့ အမဲလိုက်ရမည်ကို အခြားသူများအား သင်ပြပေးနိုင်ကြသဖြင့် ရိုလန်၏ ဝန်ထုပ်ဝန်ပိုးများက အတော်ပေါ့သွားခဲ့သည်။

+

ဤစတိုးသည် ပြီးခဲ့သော အမဲလိုက်ခရီးမှ ရခဲ့သော ဆုလာဘ်များ အနက်မှ တစ်ခုဖြစ်ပြီး သူက ပွဲစားတစ်ယောက်ဖြင့် ဤနေရာအား ငှားရမ်းခဲ့ခြင်း ဖြစ်သည်။ ယခင်က သိုလှောင်ရုံနှင့် စာလျှင် ဤနေရာက များစွာပို၍ ကျယ်ဝန်းကာ သီးသန့်ဖြစ်နေသည်။

သူသည် သူတို့အား သိုင်းပညာရှင် အဖွဲ့အစည်း၏ ဖိတ်ခေါ်မှု အကြောင်းကို ပြောပြလိုက်သည်။ "ဂါစီယာရဲ့ အဆိုအရ အဖွဲ့အစည်းဟာ အဖွဲ့ဝင် အသစ်တွေကို အတွင်းဇာတ်လမ်းတွေ ပြောပြဖို့ စီစဥ်ထားတယ်"

+

"ငါတို့ကို အဖွဲ့အစည်းရဲ့ ဌာနချုပ်ကို ခေါ်သွားမှာ ဖြစ်ပြီး သူ့ရဲ့ တည်နေရာက လျှို့ဝှက်ချက် တစ်ခု ဖြစ်နေသေးလို့ ငါက ဒီအခွင့်အရေးကို အသုံးပြုပြီးမှ သူတို့ သဘာဝ အင်အားတွေကို သိမ်းဆည်းထားတဲ့ နေရာကို ဖော်ထုတ်ချင်နေတဲ့ အတွက် မင်းတို့ရဲ့ အကူအညီကို လိုအပ်နေတယ်"

"ကျွန်မရဲ့ ပိုးကောင် တစ်ကောင်ကို အရှင့်အနောက် ထည့်ပေးလိုက်မယ်" ဖယ်လ်ဒီသည် သူမ၏ မှော်ပိုးမွှား အသိုက်ကို ဆင့်ခေါ်လိုက်ပြီးမှ ပိုးကောင်တစ်ကောင်အား ကောက်ကိုင်လိုက်သည်။ "ဒီလိုဆိုတော့ အရှင်က ဘယ်နေရာ ရောက်နေသလဲ ဆိုတာကို ကျွန်မက အချိန်မရွေး သိနိုင်လိမ့်မယ်"

+

သူသဘောတူခဲ့အပြီးတွင် စုန်းမသည်
ထိုပိုးကောင်အား သူ့ကော်လာ အတွင်းသို့
ထည့်လိုက်ရာ ပိုးကောင်သည် သူ၏ ဆံပင်ရှည်များ
အတွင်းသို့ လျင်မြန်စွာ ဝင်ရောက်
ပုန်းကွယ်ခဲ့သည်။ သူသည် လည်ပင်းအပေါ်၌
တစ်စုံတစ်ခု ရှိနေမှန်း ကောင်းစွာ
ခံစားနေရသော်လည်း ပြင်ပမှ ကြည့်လိုက်လျှင်
အတူတူသာ ဖြစ်နေသေးသည်။

သူသည် မသက်မသာ ခံစားချက်ကို
ဖုံးကွယ်ထားပြီးမှ သူ၏ခေါင်းကို လှည့်၍
နောက်ထပ် စုန်းမ နှစ်ယောက်အား
ကြည့်လိုက်သည်။ "ဖိုင်းလစ်နဲ့ လင်းတို့က

+

ငါ့အနောက်ကို လိုက်ခဲ့ပါ... တက္ကစီ ဘယ်လို ငှားရမလဲ ဆိုတာကို နင်မှတ်မိသေးသလား"

ဖိုင်းလစ်က ခေါင်းညိတ်လိုက်သည်။ "တက္ကစီ တစ်စင်းကို လက်ပြပြီး တားရမယ်... ပြီးတော့ ဒရိုင်ဘာကို အရှေ့ကကားကို လိုက်ခိုင်းရမယ်... ကျွန်မတို့ ရောက်သွားတဲ့ အချိန်ကျရင် သူ့ကို ပိုက်ဆံပေးရမယ်"

"တက္ကစီ ဆရာ ဘာမေးမေး သူနဲ့ စကားမပြောရဘူး... ငြိမ်ငြိမ်လေးပဲ နေရမယ်" လင်းက သူမ၏ ရင်ဘတ်ကို ပုတ်ကာ ဆက်ပြောလိုက်သည်။ "စိတ်ချပါ...

+

အရှင်မင်းမြတ်… ကျွန်မတို့က ဒါတွေကို
အသေအချာ မှတ်ထားပါတယ်"

"အရမ်းကောင်းတယ်" ရိုလန်က ပြောလိုက်သည်။
"နင်တို့ ရောက်လာခဲ့ရင် လင်းကို ဌာနချုပ် အတွင်း
အရင် အလစ်ဝင်ခိုင်းလိုက်ပါ… ဒီကမ္ဘာမှာ
နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးတွေ မရှိပေမဲ့
သိုင်းပညာရှင် အဖွဲ့အစည်းမှာ နင်တို့ရဲ့
မှော်စွမ်းအားတွေ အပေါ်မှာ အကျိုးသက်ရောက်မှု
ရှိနိုင်တဲ့ တခြားနည်းလမ်းတွေ ရှိနေနိုင်သေးတယ်"

"တကယ်လို့ နင်တို့က ချိုးဖောက်ဝင်လို့ မရခဲ့ရင်
သိပ်ပြီးမှ အတင်းအကျပ် လုပ်မနေပါနဲ့…

+

အရေးအကြီးဆုံး တာဝန်က ကိုယ့်ကို လူမမြင်အောင် နေဖို့ပဲ… နားလည်သလား"

"မှန်လှပါ… အရှင်မင်းမြတ်" စုန်းမ သုံးယောက်တို့က တစ်ပြိုင်နက်တည်း ပြောကြားလိုက်လေသည်။

"ဒီလိုဆိုတော့ အရှင်မင်းမြတ်… ကျွန်မက ဘာလုပ်ရမလဲ" ဒိုနန်က သူ့အား စိတ်အားထက်သန်စွာ ကြည့်နေရင်း သူမကိုယ် သူမ ညွှန်ပြလိုက်လေသည်။

"နင်က ဒီနေရာမှာ နေပြီးမှ ကျန်တဲ့ တက်ကီလာ စုန်းမတွေကို စောင့်ရှောက်ရမယ်" သူက

+

ပိုက်ဆံအိတ် အတွင်းမှ ယွမ်တစ်ရာတန် ဆယ်ရွက်ကို ထုတ်ယူပြီးမှ သူမအား ပေးလိုက်သည်။ "ဒါက အစာစားဖို့ ပိုက်ဆံပဲ... မနက်စာ၊ နေ့လယ်စာနဲ့ ညစာအတွက်ပါ ပါတယ်... လျှောက်လည်ဖို့ အစီအစဉ်ကိုတော့ မနက်ဖြန် ရွှေ့လိုက်ကြရအောင်"

"ဘယ်လို... ဒါပေမဲ့ ကျွန်မကလည်း အိမ်တွေ အတွင်းကို လျှို့ဝှက် ဝင်ရောက်တဲ့ နေရာမှာ အမတန်မှ ကျွမ်းကျင်တယ်လေး" ဒိုနန်က အနည်းငယ် စိတ်ပျက်လက်ပျက် ဖြစ်သွားဟန်ဖြင့် ပြောလိုက်သည်။

+

"ဒါကြောင့်မို့ မင်းက ဒီနေရာမှာ နေဖို့ လိုအပ်နေတာ... တကယ်လို့ တစ်စုံတစ်ခု မမျှော်လင့်ထားတာ ဖြစ်ပျက်ခဲ့ရင် တစ်ယောက်မှ သတိမထားမိပဲ စုန်းမတွေကို ဒီနေရာက ခေါ်ထုတ်သွားနိုင်တာ မင်းတစ်ယောက်ပဲ ရှိတယ်" သူက သူမ၏ ပခုံးကို ပုတ်လိုက်သည်။ "ပြီးတော့ မင်းက ဒီကနေ့မှာ အားလုံးတို့ကို အောင်အောင်မြင်မြင် စောင့်ရှောက်ထားနိုင်ရင် ငါက ရက်တစ်ရက် ရွေးပြီးမှ မင်းကို ရုပ်ရှင်ရုံ ခေါ်သွားမယ်"

"ကျွန်မ သိပါပြီ" ဤအထူး ဆုလာဘ်ကို ကြားခဲ့အပြီးတွင် သူမ၏ မျက်လုံးများက ချက်ချင်း တောက်ပလာခဲ့သည်။ "ကျွန်မတာဝန်သာ ထားလိုက်ပါ"

+

သူသည် စုန်းမ လေးယောက်တို့အား အစားအသောက်များကို မည်ကဲ့သို့ ပါဆယ်ဆွဲစားရမည်ကို သင်ကြားပေးခဲ့ရာ သူမတို့က လျင်မြန်စွာ ကျွမ်းကျင် တတ်မြောက်သွားကြသည်။ ဒိုနန်က ဤနေရာတွင် ရှိနေသဖြင့် သူတို့က ဘာမှ မဖြစ်နိုင်ဟု ရိုလန်က ယုံကြည်နေခဲ့သည်။

ယခုအချိန်၌ သူသည် သိုင်းပညာရှင် အဖွဲ့အစည်း၏ ဌာနချုပ်သို့ သွားရန် ခရီးအား ကောင်းစွာ ပြင်ဆင်သွားပြီးခဲ့လေပြီ။

## စာစဥ် ၅၇ : အပိုင်း ၁၅

+

# အပိုင်း ၈၅၅ : စွမ်းအားနှင့် တာဝန်ခံမှု

ခရီးစဉ် အတွက်  ပြင်ဆင်မှုများ အားလုံးကို ပြုလုပ်ခဲ့အပြီးတွင် ရိုလန်သည် တိုက်ခန်း အဆောက်အအုံထံသို့ အမြန်ဆုံး အပြေးပြန်လာခဲ့သည်။ ကံမကောင်းစွာဖြင့် သူသည် ဂါစီယာ၏ လုံ့လအား လျှော့တွက်မိခဲ့သေးသည်။

လူသွားစင်္ကြံ အတွင်းတွင် သူသည် ရင်းနှီး ကျွမ်းဝင်နေသော ပုံရိပ် တစ်ခုက အခန်း ဂ၈၂၅ အနားမှ နံရံကို မှီနေကာ ဖုန်းပြောနေရင်း စည်ကား လှုပ်ရှားနေသော တိုက်ခန်း အောက်ဘက်သို့ ကြည့်နေသည်ကို တွေ့လိုက်ရသည်။

+

သူမသည် မီးခိုးနှင့် အဖြူရောင် ရောထားသော တီရှပ်တစ်ထည်နှင့် အနက်ရောင် ဘောင်းဘီပွပွ တစ်ထည်ကို ဝတ်ထားပြီး ခြေကျင်းဝတ်ထိ မြင့်သော ဖိနပ်ရှည် တစ်ခုနှင့် အတူ ငယ်ရွယ်နုပျို၍ ရွှင်လန်း တက်ကြွပုံ ပေါက်နေသည်ကို တွေ့လိုက်ရသည်။

အကယ်၍ သူသည် သူမအား ယခင်က မသိထားခဲ့ပါက သူမသည် တီဗီပေါ်တွင် မကြာခဏ မြင်ရလေ့ရှိသော ကောင်မလေးများကဲ့သို့ သွက်လက်ချက်ချာကာ ရွှင်မြူး တက်ကြွသည့် ပုံစံမျိုး ရှိမည်ဟု ထင်မှတ်ထားခဲ့ပေလိမ့်မည်။

+

သူမ၏ မျက်နှာပုံစံကို ကြည့်ခြင်းအားဖြင့် သူမသည် အနည်းငယ် စိတ်တိုနေသေးသည့်ပုံ ပေါက်နေသော်လည်း သူမှတ်မိနေသည့် ဂါစီယာကဲ့သို့ အေးစက် ခက်ထန်ခြင်း မရှိနေပေ။ ကြည်လင်သောရေ ဘုရင်မ ဖြစ်သော မင်းသမီး ဂါစီယာ ဝင်ဘယ်ဒန်သည် ဤအားကစား ဝတ်စုံဖြင့် အတော်လေး ကြည့်၍ ကောင်းနေသည်ဟု သူက ဝန်ခံရပေလိမ့်မည်။

သူက အခန်းတံခါး အနားသို့ ရောက်လာခဲ့သော အခါ သူမက သူ့အား တွေ့သွားခဲ့သည်။ "ကောင်းပြီ... ငါလုပ်စရာ တစ်ခု ရှိသေးတယ်... အခု ဖုန်းချလိုက်တော့မယ်... တကယ်လို့ ငါ့ကို သွေးဆောင်ဖို့ ကြိုးစားရုံသက်သက် ဆိုရင်တော့ ပြန်မခေါ်နဲ့တော့"

+

"လေးညှင်းပွင့် အဖွဲ့အစည်းက တိုက်ခန်း ဖြိုချဖို့ ကိစ္စအတွက် နင့်ကို ခေါ်နေတာလား" သူက သာမန်ပုံစံ အတိုင်း ဟန်ဆောင်၍ မေးလိုက်သည်။

"ဒါက နင်နဲ့ဘာမှ မဆိုင်ပါဘူး" သူမက ဖုန်းကို သိမ်းလိုက်ပြီး သံသယ ဝင်နေသည့် အမူအရာဖြင့် မေးလိုက်သည်။ "နင်က ဘယ်ရောက်နေတာလဲ... ရေချိုးမယ်လို့ ပြောထားတာ မဟုတ်လား"

"အနံ့အသက်ပျောက်ဖို့ နည်းလမ်း ဘယ်နှစ်မျိုး ရှိသလဲ ဆိုတာကို နင်သိသလား... တစ်ခုက သန့်ရှင်းရေး လုပ်တာဖြစ်ပြီး နောက်တစ်ခုက နောက်ထပ် အနံ့တစ်ခုနဲ့ ဖုံးလွှမ်းပစ်တာပဲ" သူက

+

ခပ်တည်တည်ဖြင့် မဟုတ်တရုတ်
လျှောက်ပြောလိုက်သည်။

"ငါ့အိမ်မှာ ငှားနေတဲ့ ကောင်မလေးကလည်း ရေချိုးခန်း အသုံးပြုဖို့ လိုအပ်နေတယ်... သူမက ကျောင်းမနောက်ကျလိုနေပဲ ငါကလည်း သူမနဲ့ လုသုံးဖို့ မဖြစ်နိုင်ဘူး... ငါ့အနံ့ကို ဖုံးကွယ်ဖို့ ချွေးထွက်အောင် အပြင်ဘက်မှာ သွားပြေးနေရခြင်း ဖြစ်တယ်"

"ဒါပေမဲ့ ဒီခန္ဓာကိုယ်က အံ့အားသင့်စရာ ကောင်းလောက်အောင် ချွေးသိပ်မထွက်နေဘူး... မင်းတို့ သိုင်းပညာရှင်တွေက ဘာဖြစ်လို့ အမြဲတမ်း သန့်ရှင်း သပ်ရပ်နေသလဲ ဆိုတာကို ငါက အခု

+

သိသွားပြီ… ဘာပဲပြောပြော ငါက ခိုးထွက်သွားတာ မဟုတ်ပါဘူး… အခုပဲ မင်းအရှေ့ တည့်တည့်မှာ ရောက်နေပြီ မဟုတ်လား"

"…" ဂါစီယာသည် သူ့အား အတန်ကြာ စိုက်ကြည့်နေပြီးမှ သူမ၏ ပါးစပ်ကို ဟလိုက်သည်။ "ငါက နင့်ရဲ့ ကိုယ်ပိုင်ဘဝကို ဝင်မစွက်လိုနေပေမဲ့ နင်က ကာမဂုဏ်တွေကို အလွန်အကျွံ မခံစားသင့်ဘူး… ပိုပြီး အရေးကြီးတာက ဒါဟာ ကိုယ်ကျင့်တရား အတွက်လည်း မကောင်းဘူး"

"ဘာလဲ" ရိုလန်က အံ့ဩ မှင်သက်သွားသည်။

+

"ငါက နင့်တိုက်ခန်း အတွင်းက ထွက်လာတဲ့ ဟိုမိန်းကလေးတွေကို ပြောနေတာ... နင်က တခြားနေရာမှာ သွားလုပ်လည်း ရနေတာပဲ... ဘာဖြစ်လို့ သူတို့ကို အိမ်ခေါ်လာရတာလဲ... နင့်အိမ်မှာ ကောင်မလေး တစ်ယောက် ရှိနေတာကို မေ့နေပြီလား" ဂါစီယာက မျက်မှောင်များကို ကြုတ်ထားရင်း ပြောလိုက်သည်။

သူက ထိုစကားများကို ကြားပြီးသော အခါ တံတွေးသီးလုမတတ် ဖြစ်သွားသည်။ ဇီးရိုး ကျောင်းသို့ သွားခဲ့သော အခါ တကက်ကီလာ စုန်းမများအား သူတို့၏ အသိစိတ်ကို ဖြတ်တောက်၍ အိမ်မက်ကမ္ဘာ အတွင်းသို့ ဝင်ရောက်ရန် သူက တမင်သက်သက် စီစဥ်ထားခဲ့သည်။

+

သို့သော်လည်း သူ့တိုက်ခန်း အတွင်းမှ ထွက်လာသော အမျိုးသမီးများနှင့် ပတ်သတ်၍ အိမ်နီးနားချင်းများက မည်ကဲ့သို့ တွေးကြမည်နည်း ဆိုသည်ကို သူက လုံးဝ မစဉ်းစားမိခဲ့ပေ။ ဂါစီယာသည် သူမ မြင်ခဲ့ရသည်နှင့် ပတ်သတ်၍ လုံးဝ အထင်လွဲနေခဲ့သည်မှာ သေချာနေသည်။

"သိုင်းပညာရှင် အချို့ဟာ နာမည် ကျော်ကြားလာတာနဲ့ စတင် ပျက်စီးလာကြတယ် ဆိုတာ မဆန်းပါဘူး… ပိုက်ဆံနဲ့ ကျော်ကြားမှုကို ရရှိလာတဲ့ အခါ တစ်ယောက်က လမ်းမှားလိုက်မိတတ်ကြတယ်… ဒါပေမဲ့ ငါတို့က ဒီကမ္ဘာ အတွက် တိုက်ခိုက်နေပြီး အမြဲတမ်း

+

စိတ်ဓာတ် တက်ကြွဖို့ လိုနေတယ် ဆိုတာကို မမေ့ပါနဲ့... ကာမဂုဏ် အလွန်အကျွံ လိုက်စားခြင်းဟာ နင့်ရဲ့ လှုပ်ရှားမှုတွေကို နှေးကွေးစေနိုင်..."

"အဟမ်း... ငါသဘောပေါက်ပါပြီ" သူမသည် သူ့အား ကိုယ်ကျင့်တရားနှင့် ပတ်သတ်၍ သင်ခန်းစာ ပေးတော့မည်ကို သိနေသဖြင့် သူက ချက်ချင်း သူမကို ဖြတ်ပြောလိုက်သည်။ "ငါတို့က ဒီကိစ္စနဲ့ ပတ်သတ်ပြီး နောက်မှ ဆွေးနွေးလို့ရတယ်... ကျေးဇူးပြုပြီးမှ ငါ့ကို အဝတ်လေး ပေးလဲပါဦး... ငါက တွေ့ဆုံပွဲမှာ နောက်မကျချင်နေဘူး"

+

သူမက မကျေမနပ်ဖြင့် သူမ၏ ပါးစပ်ကို ပိတ်လိုက်ကာ သူ့အား စူးစူးဝါးဝါး လှမ်းကြည့်လိုက်သည်။ "... မြန်မြန်လုပ်"

.........

သူသည် ဝတ်စုံအသစ်ကို ဝတ်လိုက်ပြီးမှ ဇီးရိုး၏ စူးစမ်းသော အကြည့်အောက်တွင် ကြက်ဥကြော် တစ်လုံးအား ပေါင်မုန့်ကြားတွင် ညှပ်၍ မနက်စာ အဖြစ် စားလိုက်ပြီး တိုက်ခန်းအတွင်းမှ ထွက်ခွာသွားလေသည်။

"နင်..." တံခါးဝတွင် ဂါစီယာက သူ့အား အံ့အားတကြီးဖြင့် ကြည့်နေခဲ့သည်။

+

"ဒါက ငါ့အနေနဲ့ ဌာနချုပ်ကို ပထမဆုံး အကြိမ် သွားခဲ့တာမို့ ကောင်းကောင်းမွန်မွန် ဝတ်စားသွားသင့်တယ်လို့ ငါထင်နေတယ်" ရိုလန်က ပခုံးတွန့်လိုက်သည်။ "ငါက အဖွဲ့အစည်းရဲ့ အဖွဲ့ဝင် အသစ် တစ်ယောက်ဖြစ်လို့ သာမန် အဝတ်အစားတွေက ဒီလို အခမ်းအနားမှာ မသင့်တော်ဘူးလို့ ထင်နေတယ်... မင်းကရော ဘယ်လို ယူဆသလဲ"

"ဟားဟား... နင့်သဘောအတိုင်းပေါ့" သူမက ခေါင်းကိုခါလိုက်သည်။ "ဒါပေမဲ့ ငါ့ကို အံ့အားသင့်စေခဲ့တာက... နင်ဟာ ဒီဝတ်စုံနဲ့ အတော် ကြည့်လို့ကောင်းနေတာပဲ"

+

ဒါပေါ့၊ ကိုယ်ပေးသလောက် ကိုယ်ပြန်ရတာပဲ။ ငါ့ကိုယ်တိုင်းနဲ့ အတိအကျ ချုပ်လုပ်ထားတဲ့ ဒီဝတ်စုံအတွက် ငါ့ရဲ့ ခေါးပြတိုက်လို့ရထားတဲ့ ဝင်ငွေ များစွာတို့ကို အသုံးပြုခဲ့ရတယ်။ ဘာပဲပြောပြော တောင်းမှာအကွပ် လူမှာအဝတ်ပဲလေ။

သာမန် ရုပ်ရည်သာ ရှိတဲ့ လူတစ်ယောက်ဟာ ဝတ်စုံပြည့် ဝတ်ဆင်လိုက်ရင် ချက်ချင်း ကြည့်လို့ ကောင်းလာပြီး ပိုကောင်းတာက ငါဟာ ပိန်သွယ်ပြီး ကြည့်လို့ကောင်းတဲ့ မီးခိုးရောင် ဆံပင်ရှည်တွေ ရှိနေတယ်။ ငါအရင် နေထိုင်ခဲ့တဲ့ ကမ္ဘာမှာ ဆိုရင် လူတွေက ငါ့ကို နတ်သူငယ်

+

မင်းသားတစ်ယောက်လို့ ထင်နေကြမှာပဲ။ သူက
သူ့ကိုယ်သူ တွေးနေခဲ့သည်။

သူတို့သည် အောက်ထပ်သို့ အတူတကွ
ဆင်းသွားကြပြီးမှ တိုက်ခန်း အပြင်ဘက်တွင်
စောင့်နေခဲ့ရာ မကြာမီပင် ရောမ ဘတ်စ်ကား
တစ်စင်းက သူတို့အား လာကြိုခဲ့သည်။
ထိုကားသည် လိုင်စင် နံပါတ်ပြား မရှိပဲ သူ၏
မှန်ပေါက်များ အားလုံးကို အနက်ရောင်
ကန့်လန့်ကာများဖြင့် ကာထားသည်ကို သူက
တွေ့လိုက်ရသည်။ သူ့အနေဖြင့် အတွင်းရှိ
မည်သည့်အရာကိုမှ မမြင်နိုင်ခဲ့ပေ။

+

"ဘတ်စ်ပေါ်ကို တက်လိုက်ပါ" ဂါစီယာက တီးတိုး ပြောလိုက်သည်။ သူမက ယခုအချိန်၌ များစွာပို၍ လေးနက်နေခဲ့သည်ဟု သူက ခံစားမိလိုက်သည်။

သူသည် ဘတ်စ်ကားပေါ်သို့ တက်လိုက်သော အချိန်တွင် သာမန် အတိုင်းသာ ဟန်ဆောင်၍ လမ်းပေါ်သို့ လှမ်းကြည့်လိုက်ရာ ဖိုင်းလစ်းက တက္ကစီ တစ်စင်းအား တားခဲ့ပြီး ဖြစ်သည်ကို တွေ့လိုက်ရသည်။

တံခါး ပိတ်လိုက်သော အခါ အတွင်းပိုင်းသည် အံ့အားသင့်ဖွယ် လင်းထိန်နေသည်ကို သူက တွေ့လိုက်ရသည်။ အလယ်ရှိ လူသွားလမ်း

+

တစ်လျှောက်မှ မီးအားလုံးကို ဖွင့်ထားပြီး
ဘတ်စ်ပေါ်တွင် လူအနည်းငယ် ထိုင်နေကြသည်။

သူတို့ အများစုသည် ပုံစံ အမျိုးမျိုး
ဝတ်စားဆင်ယင်ထားကြပြီး ဖျော်ဖြေရေး
အနုပညာရှင် တစ်အုပ်စုနှင့် တူနေခဲ့ကာ
လူအချို့ကသာ သာမန်လူပုံ ပေါက်နေခဲ့သည်။
သို့သော်လည်း သူတို့သည် ဂါစီယာအား
နှုတ်ဆက်ရမည့် အစား သူတို့၏ အလုပ်ဖြင့်သာ
သူတို့ ရှုပ်နေကြသည်။

မကောင်းသော ရည်ရွယ်ချက်ရှိသည့် လူအချို့သည်
သူဘတ်စ်ကားပေါ်သို့ တတ်ခဲ့သည်နှင့်

+

မျက်တောင်မခတ် စိုက်ကြည့်နေကြမှန်းကို သူက မကြာမီပင် တွေ့လိုက်ရလေသည်။

ဂါစီယာက ဘာမှ မပြောခဲ့ပဲ ထူးဆန်းစွာဖြင့် ရိုလန်၏ လက်ကို ဆုပ်ကိုင်လိုက်ပြီး ဘတ်စ်ကား အနောက်ဘက်ထံသို့ သူနှင့်အတူ လျှောက်သွားခဲ့သည်။

"သူတို့က နင့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေလား" သူတို့ ထိုင်လိုက်ပြီးသော အခါ သူက သူမအား တီးတိုး မေးလိုက်သည်။

"သိုင်းပညာရှင် အဖွဲ့အစည်းက ကုမ္ပဏီ တစ်ခု မဟုတ်ဘူး" သူမက သူ့အား မျက်စောင်းထိုး၍

+

ကြည့်လိုက်သည်။ "ဒီဘတ်စ်ပေါ်က လူအများစုဟာ နင့်လိုမျိုးပဲ စတင် နိုးထလာတဲ့ သူတွေ ဖြစ်ကြတယ်... ငါကလည်း သူတို့ကို ပထမဆုံး အကြိမ်အဖြစ် တွေ့ခဲ့ရတာပဲ"

"ဒီလောက် အများကြီးလား" သူသည် အနည်းငယ် အံ့အားသင့်သွား၍ အကြမ်းဖျင်း ရေတွက်ကြည့်လိုက်ရာ ကားပေါ်တွင် လူနှစ်ဆယ်ကျော် ရှိနေမှန်းကို တွေ့လိုက်ရသည်။

"ဟုတ်တယ်... အတော်လေး များတယ်... နောက်ဆုံး အခေါက်ကဆို ငါးယောက်၊ ခြောက်ယောက်လောက်ပဲ ရှိနေတယ်... ဒါပေမဲ့

+

ဒါက အံ့အားသင့်စရာ မကောင်းပါဘူး" သူမက ပြန်ပြောလိုက်သည်။

"သာမန်လူတွေဟာ ဒီကမ္ဘာ အတွင်းက ပြောင်းလဲမှုတွေ အကြောင်းကို ဘာမှ မသိခဲ့ပေမဲ့ သဘာဝ အင်အားနဲ့ နိုးထလာတဲ့ သူတွေက ဒါတွေကို အာရုံခံနိုင်ကြသေးတယ်... နိုးထလာပြီးတဲ့ သူတိုင်းဟာ ငါတို့နဲ့ လာပူးပေါင်းကြတာ မဟုတ်ဘူးလို့ ငါကနင့်ကို ပြောဖူးတယ်... ကြားနေသူတွေက အဖွဲ့အစည်းက သိုင်းပညာရှင်တွေထက်ကို မနည်းနေဘူး"

"အခုအချိန်မှာ တိုက်စားခြင်းက ပြင်းထန်လာပြီး ကျဆင်းနတ်ဆိုးတွေရဲ့ အရေအတွက်ကလည်း

+

လျင်မြန်စွာ တိုးပွားလာကာ ကြားနေသူတွေ အတွက် အန္တရာယ် ပိုကြီးလာတယ်… အနာဂတ်မှာ ငါတို့ရဲ့ အဖွဲ့အစည်း အတွင်းကို ဝင်လိုတဲ့သူတွေက ပိုများလာမှာပဲ"

"ဒီလိုဆိုတော့ သူတို့ အများစုဟာ သိုင်းပညာရှင် အရိုင်းတွေ ဒါမှမဟုတ် ကိုယ့်ဘာသာကိုယ် လေ့ကျင့်နေကြတဲ့ သိုင်းပညာရှင်တွေပေါ့"

"နင်က သူတို့ကို ဖော်ပြဖို့ သင့်တော်တဲ့ စကားလုံးတွေကို ရွေးချယ်နိုင်ခဲ့တာပဲ" သူမ၏ နှုတ်ခမ်းထောင့်များက အပြုံးတစ်ခုအဖြစ် တွန့်သွားခဲ့သည်။ "ငါကလည်း ဒီလိုပဲ ထင်တယ်… ဒါပေမဲ့ ဒါကို နင်နဲ့ငါတို့ အကြားမှာပဲ ထားရမယ်…

+

သူတို့ကို လူကြားထဲမှာ အဲ့လို သွားမခေါ်နဲ့…
သူတို့ဟာ ချုပ်နှောင်မှုတွေကို မနှစ်သက်ပဲ
ဒါကြောင့်မို့ ငါတို့ အဖွဲ့အစည်းကို ပူးပေါင်းဖို့
ငြင်းဆန်ခဲ့ကြတာ ဖြစ်တယ်"

"စွမ်းအား ကြီးမားလာတာနဲ့ လူတစ်ယောက်ရဲ့
အတ္တမာနက ကြီးမားလာပြီး
မောက်မာလာတတ်တယ်… ဒါက သူတို့ရဲ့
တိုးတက်မှုတွေကို နှောင့်နှေးစေရုံတင် မကပဲ
ထူးခြားတဲ့ သဘောထားတွေကိုပါ
ထားလာစေခဲ့တယ်"

+

"ထူးခြားတဲ့ သဘောထားတွေ အနေနဲ့ကတော့ ငါက တစ်ခေါက် ကြုံပြီးသားနဲ့ တူတယ်" သူက သာမန်သာ ပြောလိုက်သည်။

"အတိတ်ကာလက အဖွဲ့အစည်း အတွင်းကို ဝင်ခဲ့တဲ့ သိုင်းပညာရှင် အရိုင်းအချို့နဲ့ အဖွဲ့အစည်း အတွင်းက သိုင်းပညာရှင် အချို့က ပဋိပက္ခ ဖြစ်ပွားခဲ့ကြပြီး အမဲလိုက်တဲ့ အချိန်မှာ သိုင်းပညာရှင် အမြောက်အမြား အသတ်ခံခဲ့ရတယ်"

"နောက်ဆုံးမှာ ကာကွယ်သူတွေ ထွက်လာရပြီးမှ သိုင်းပညာရှင် အရိုင်းတွေကို သတ်ခဲ့ရတယ်... အဖွဲ့အစည်းက ဒီလိုမျိုး အပြုအမူတွေ အတွက် ပြင်းထန်စွာ အပြစ်ပေးလေ့ရှိတာကြောင့် နင်ဟာ

+

သူတို့ရဲ့ ရန်စမှုတွေကို လျစ်လျူရှုထားတာ
အကောင်းဆုံးပဲ"

"သိုင်းပညာရှင် အရိုင်းတွေက ဒီလောက်တောင်
သန်မာသလား"

"ဟုတ်တယ်... အသစ်နိုးထလာတဲ့သူတွေနဲ့ စာရင်
ဒီလူတွေက ကျဆင်းနတ်ဆိုး တွေရဲ့ တိုက်ခိုက်မှုကို
မကြာခဏ ပိုခံရပြီး တိုက်ပွဲ အတွေ့အကြုံ
ပိုရင့်ကျက်ကာ အရေးပေါ် အခြေအနေတွေမှာ
တုံ့ပြန်မှု ပိုမို လျင်မြန်တယ်... ဒါပေမဲ့ သူတို့ဟာ
ပြင်ပ အရေးကိစ္စတွေကို စွဲလန်း နှစ်သက်မှုတွေ
များနေတတ်တယ်"

+

"တကယ်လို့ နင်က ကာမဂုဏ် ခံစားတာတွေကို လျှော့လိုက်ပြီး ကောင်းကောင်း ကြိုးစားလေ့ကျင့်ရင် အလျင်အမြန် တိုးတက်လာနိုင်လိမ့်မယ်"

သူမက သက်ပြင်းချ၍ ဆက်ပြောလိုက်သည်။
"သဘာဝ အင်အားဟာ နတ်ဒေဝါတွေထံက လက်ဆောင်တစ်ခု ဖြစ်ပြီး တခြားသူတွေကို အနိုင်ကျင့်ဖို့ မဟုတ်ပဲ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ စွမ်းရည်တစ်ခု ဖြစ်တယ်"

"တကယ်လို့ ငါတို့က တိုက်စားခြင်းကို မဟန့်တားနိုင်ခဲ့ရင် ကမ္ဘာ တစ်ခုလုံးက ရှိတော့မှာ မဟုတ်ဘူး... နိုးထလာတဲ့သူ အများစုဟာ သူတို့

+

စွမ်းအားတွေက ယူဆောင်လာပေးတဲ့ နှစ်သက်ဖွယ်ရာတွေကိုသာ ခံစားနေကြပြီး သူတို့ရဲ့ တာဝန်တွေကိုတော့ လုံးဝ မေ့နေကြတယ်"

သူမ ပြောခဲ့သည့် အကြောင်းအရာမှာ ရင်းနှီး ကျွမ်းဝင်နေသည်ဟု သူက ခံစားခဲ့ရ၍ ခေတ္တမျှ ပြန်လည် စဥ်းစားလိုက်ရာ အကြောင်းရင်းကို ရှာတွေ့သွားခဲ့သည်။ မိစ္ဆာများ၏ အန္တရာယ်ကို ကောင်းစွာ သိမြင်ခဲ့ကြသည့် ထိုစုန်းမများကလည်း ထိုအကြောင်းကြောင့်ပင် လွန်ခဲ့သော နှစ်ပေါင်း ရှစ်ရာကျော်က ဖက်ဒရေးရှင်းကို တည်ထောင်ခဲ့ကြခြင်းပင် ဖြစ်သည်။

ရုတ်တရက်ပင် အပြင်ဘက်မှ အသံများက တိတ်ဆိတ် ငြိမ်သက်သွားခဲ့သည်။ ကားသည် ကျယ်ဝန်းသော ဥမင်လှိုဏ်ခေါင်း အတွင်းတွင် တစ်စီးတည်း သွားနေသည့် အလား ကားဘီးနှင့် လမ်းတို့ ပွတ်တိုက်သည့် အသံတစ်သံကိုသာ ကြားနေရတော့သည်။

နာရီဝက် အကြာ၌ ဘတ်စ်ကားက နောက်ဆုံးတွင် ရပ်တန့်သွားလေသည်။

ရောက်ပြီဟု သူက ထင်နေချိန်တွင်ပင် ဘတ်စ်ကားသည် အနည်းငယ် တုန်ခါသွားကာ ချက်ချင်းပင် အလေးချိန် ပေါ့သွားသည်ဟု သူက ခံစားလိုက်ရသည်။

+

ကားက မြေကြီးအတွင်းသို့ နစ်ဝင်သွားခြင်း
ဖြစ်လေသည်။

+